ဤဆိုခဲ့ပြီးသည့်အတိုင်း ကြက်သရေ ရှိသော သီဟိုဠ်ကျန်း ထုမည်တိုင်း ဧ၏ခေါင်းဆောင် သာသနာ့ကြက်သရေဆောင် ရဟန်းသံဃာ၏ အကြီးအမှူးဖြစ်သည့် ကရတောင္ရွာလျှင် ဘွားထုဇာတိ ရှိသောသီရိဂုန္နာသာရမထေရ်ပြောကြားပါသည်။

ဤသန္နေသကထာ သဓက်လုံးကို သာသနာနှစ် နှစ်ထောင်လေးထု ကိုးဆဲ့ရှစ်ခုနှစ် ကဆုန်လပြည့် နေ့၌ သီဟိုဠ်ကျန်း၏ တောင်မျက်နှာ မဟာတိတ္ထပုဂ္ဂိ၏ အနီး၌ အလင်္ကိယရွာ သီရိသုန္ဒရာထုမကျောင်းတိုက်မှ ပေးပို့လိုက်ပါသတည်း။

http://www.dhammadownload.com



ဣန္ဒိယနိုင်ငံတော်သမတကြီး ရာဂျိန္ဒြာ ပရာဆာဒ်၏ သဝဏ်လွှာကို သံအမတ်ကြီး မစ္စတာကေကေချက်တူးက ဖတ်လျှောက်နေပုံ

Message from His Excellency Dr. Rajendra Prasad, President of India. (Read by H.E. Mr. K. K. Chettur, Indian Ambassador to Burma).

http://www.dhammadownload.com

MESSAGE FROM RĀMAÑÑA NIKĀYA OF CEYLON.

It is the earnest wish of all the Theras belonging to Rāmañña Nikāya of Ceylon that the Chaṭṭha Sangāyanā which is held by the joint efforts of all participants be crowned with success.

As for our part, as soon as we heard about the Chaṭṭha Sangāyanā, we did all the needful for the preparations for the holding of this Sangāyanā.

The Buddha declared: "The Dhamma and Discipline, Ānanda, which I have taught and enjoined upon you is to be your teacher when I am gone." In revising the Texts—the Vinaya, the Suttas and the Abhidhamma, so that the Buddha's Sāsana may remain for long, we have striven our best in editing the Texts entrusted to us, and we shall always be at the service of the Sāsana in future.

The world's populace is now oppressed with strife, dissatisfaction, dangers of aggression (due to lobha, dosa and moha). The holding of the Chaṭṭha Sangāyanā in Burma is to quell these flames and bring peace and prosperity to the people of the world, through the propagation of the Buddha-Dhamma.

We the Theras of Rāmañña Nikāya of Ceylon earnestly wish that all the Mahātheras participating in the holding of this Great Council be free from all kinds of danger owing to the great power of the Triple Gem.

RAMANNA NIKAYA OF CEYLON.

On the Full moon of Visākhā, 2497 B.E.

အန္တိယ နိုင်ငံတော် သမတကြီးဆီ သတင်းပို့

(သံအမတ်ကြီးကေကေချက်တူးကဘတ်လျှောက်သည်)

ကဆုန် လပြည့် ဝိသာခါ ပုဏ္ဏမီ နေ့မြတ်၌ ရန်ကုန်မြို့တော်ဝယ် ဖွင့်လှစ် ကျင်းပလျက်ရှိသော ဆဋ္ဌသံဂါယနာတင် ပွဲကြီးသို့ ကျွန်ုပ်၏ ရှိသေလေးစားလှသော နှတ်ခွန်းဆက် စကားများကို ပေးပို့လိုက်ရာတွင် ကျွန်ုပ်၏ စိတ်သည်ကား ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ နှစ်ပေါင်း နှစ်ထောင်ငါးရာ အတွင်း ကျင်းပခဲ့ပြီး ဖြစ်သော အလားတူ သံဂါယနာ ဓမ္မသဘင် ပွဲကြီးများဆီသို့ အလိုအလျောက် ပြန်လည် သတိရမိပေသည်၊ ထို ရာဇဝင် တွင်ခဲ့သည့် မဟာဓမ္မသဘင် ပွဲကြီးတို့ အနက် ရှေးဦးသုံးပွဲတို့ကိုကားဗုဒ္ဓသာသနာဝင်တွင် ထင်ရှား ကျော်ကြားလျက် ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိစဉ်က အဖန်ဖန် ဒေသစာရီ လှည့်လည်ခဲ့သဖြင့် မြေမွန် မြေမြတ် ဟု ဆိုအပ်သော ရာဇဂြိုဟ် ဝေသာလီနှင့် ပါဋ္ဌလိပုတ်ပြည် တို့တွင် ဆင်ယင် ကျင်းပခဲ့လေသည်၊ ကျန်ဓမ္မသဘင်ပွဲကြီး နှစ်ခုကိုကား သီဟိုဠ်ကျွန်းနှင့် မြန်မာ နိုင်ငံတော် တို့တွင်ကျင်းပခဲ့လေသည်၊ ဤနှစ်နိုင်ငံရှိလူတို့သည် ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်များကို ယုံကြည် သက်ဝင်ပြီးလျက် မိမိတို့၏ ယဉ်ကျေးမှုနှင့် နေထိုင်မှုတို့တွင် မပျောက်မပျက်စေဘဲ ယနေ့တိုင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပေသည်၊ ပိဋကတ်တော်စာမူ တို့ကို အသစ်တဖန် တည်းဖြတ် သုခ်သင်၍ မြန်မာ အက္ခရာဖြင့် မူတည်ထားပြီးလျှင် မြန်မာ ဘာသာသို့ ပြန်ဆိုရုံသာမက မူလ ပါဠိတော်တို့ကို ဟိန္ဒီအက္ခရာ အင်္ဂလိပ် အက္ခရာတို့သို့ ပြောင်းလဲပြီး နောက် ဟိန္ဒီဘာသာ အင်္ဂလိပ်ဘာသာ တို့သို့လည်း ပြန်ဆိုမည် ဟူသော စိတ်ကူးဉာဏ်မှာ လွန်စွာ ကြီးမြတ်လှပါပေသည်။

ဤ ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီးကို ဆင်ခွဲပြီးသည်နောက် ကမ္ဘာ အရပ်ရပ်တို့သို့ ဗုဒ္ဓသာသနာ့ ရောင်ခြည်ကို ပျံ့နှံ့ စေမည့် ဗဟိုဌာန ကြီးဖြစ်သော ဗုဒ္ဓတက္ကသိုလ်ကြီးကို တည်ဆောက်မည်ဟူသော အစီအစဉ်သည် ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံး အမ တရားတော် တို့ကို တဖန် အားသစ်လောင်းလျက် ပွင့်လန်း စေမည်သာမက ဤခေတ်တွင် မနုဿလူသားတို့၏ အကျင့်သီလ မွန်မြတ်မှုနှင့် လောကုတ္တရာရေး ရင့်သန်မှု အတွက် အလွန်တရာ "လို"လျက် ရှိကြောင်းကိုလည်း လေးနက်ထင်ရှား စေအုံ၊ မနုဿလူသားတို့၏ အကျင့်သီလ မွန်မြတ်မှုနှင့် လောကုတ္တရာရေး ရင့်သန်မှု အတွက်ကား လောကီပစ္စည်းအသုံးအဆောင်တို့ကို တောင်ပုံ ရာပုံ ဖန်တည်းပေးရုံမျှဖြင့် ရနိုင်လိမ့်မည် မဟုတ်ဘဲ လူသား၏ဟဒယဝတ္ထုရှပ်တွင် အကျင့်သီလနှင့် လောကုတ္တရာ အလင်းရောင် တို့ကို ထွန်းညှိပေး နိုင်မှသာလျှင် ရနိုင်ပေလိမ့်အုံ၊ သို့မှ သာလျှင် လူသားတို့အား သေကြေပျက်ပြုန်း ခြင်းတည်းဟူသော ချောက်ထည်းသို့ တွန်းချရန် ခြိမ်းခြောက်နေသည့် စစ်ဘက်ပြိုင် တိုက်ခိုက်မှုတို့၏ အရင်းအမြစ်ဖြစ်သော လောဘ ဒေါသ မောဟ တရားတို့မှ ပေါက်ပွါး လာမည့် ပြဿနာတို့ကို ဖြေရှင်း နိုင်ပေလိမ့်မည်။

ဤဆဋ္ဌ သံဂါယနာတင် မဟာဓမ္မ သဘင်ကြီးသည် ဗုဒ္ဓသာသနာတော်သို့ သက်ဝင်မှု မရှိကြသေးသော နိုင်ငံတို့တွင် ဗုဒ္ဓ တရားတော်၌ စိတ်ဝင်စားခြင်းကို လှုံ့ဆော် ပေးရုံစွမ်းနိုင်သာမက ဗုဒ္ဓဓမ္မကို ကံကောင်း ထောက်မသဖြင့် လိုက်နာကျင့်သုံးလျက် ရှိကြသော နိုင်ငံတို့၌လည်း လူသားတို့၏ သဒ္ဓါတရား သက်ဝင်ယုံကြည်မှု တိုးတက်ရင့်သန် ခိုင်မြဲ စေခြင်းကိုလည်း ပေးစွမ်း နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါ၏။

ဤဆဋ္ဌ သံဂါယနာတင် မဟာဓမ္မသဘင်ကြီးသည် မိန်းမော တွေဝေလျက် ရှိသော လူသတ္တဝါတို့သို့ ငြိမ်းချမ်းရေးနှင့် မေတ္တာတရား စကားလက်ဆောင်တို့ကို တဖန် ဆောင်ယူ ပေးစွမ်း နိုင်ပါစေသတည်း။

http://www.dhammadownload.com



နိုပေါဘုရင်မင်းမြတ်၏သဝဏ်လွှာကို နိုပေါမှ ဝိမလဒေဝီမင်းသမီးကြီးကဘတ်လျှောက်နေပုံ
Miss Wimala Devi reading the Message from His Majesty The King of Nepal



နိုပေါဘုရင်မင်းမြတ်ပုံ

His Majesty The King of Nepal

http://www.dhammadownload.com

MESSAGE FROM H. E. DR. RAJENDRA PRASAD, PRESIDENT OF INDIA (READ BY MR. K. K. CHETTUR, INDIAN AMBASSADOR TO BURMA)

"In sending my reverential greetings to the Chaṭṭha Saṅgāyanā which is being inaugurated in Rangoon on the Visākhā Purnima, my thought naturally goes back to similar Councils which have been held during nearly 2,500 years since the Parinibbāna of the Buddha. The first three of these great and historic gatherings were held respectively at Rajgreeha, Vaisali and Patali-putra, the three places famous in Buddhist history and sanctified by the repeated tread on their soils of the Great Teacher. The other two were held in Ceylon and Burma respectively, which received His teaching and have till today kept it alive in their own life and culture. It is a great idea to have the original texts revised and re-edited and brought out not only in their original form in Burmese script with Burmese translation but also the original texts with translations in the Hindi and English languages and scripts.

The programme of establishing a great Buddhist University which will serve as a centre for radiating light as a sequel to this great gathering will help not only to re-enliven and revive the teaching of the Master, but will also emphasise the great need in modern times for the spiritual and moral well-being of mankind, which can be attained not only by supplying his material needs and requirements in however abundant a measure that may be possible, but kindling in him that spiritual and moral light which alone can solve the problems born of greed, hatred and delusion which are at the root of all the conflicts that threaten to involve mankind in destruction.

Let us hope that it will succeed in not only reviving interest in Buddhism in countries where the religion of the Buddha is not followed today, but also in reinforcing and strengthening faith in the lives of those who are fortunate enough even today to follow that faith. May this great gathering once again bring the message of peace and good-will to distracted mankind".

နိုဒပါလ ဘုရင်မင်းမြတ်ဆီမှ သဝဏ်လွှာ

ဗုဒ္ဓဝင် မဟာဘင် ဆဒဝင်တို့အရ ဗုဒ္ဓရှင်တော်ဘုရားသည် နီပေါလနိုင်ငံတော်တွင် ဖွားမြင်တော်မူခဲ့ကြောင်း ကျွန်တို့ သိရှိရပါတယ်၊ ထိုဗုဒ္ဓရှင်တော်ဘုရားသည်၊ လူသတ္တဝါအပေါင်းအား ကယ်တင်ရန် အလို့ငှါ အတုမရှိ မွန်မြတ်လှစွာသော သနားခြင်းကရုဏာဖြင့် ဘုရားအဖြစ်တော်ကို ရယူတော်မူခဲ့ကြောင်း၊ သူတော်စင် အပေါင်း နားလည် သိရှိပြီးဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်ဘုရား မဟာပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အဇာတသတ် မင်းမြတ် အားပေးချီးမြှောက်လျက် ဗုဒ္ဓရှင်တော်ဘုရား၏ မွေတရားတော်များ၊ သာသနာတော်တွင်း ထွန်းလင်းစေရန် အတွက် (Rajgreeha) ရာဇဂြိဟာဘုံ သံဂါယနာ ပွဲတော်ကြီး ကျင်းပခဲ့ပါတယ်၊ ထိုနောက် သံဂါယနာ ပွဲတော်များကို သင့်တင့်လျောက်ပတ်သော ကာလတွင် ကာလသေကာ မင်းတရား၊ မွာသေကာ မင်းတရား၊ သီဟိုဠ် နိုင်ငံတော်ဘုံ ရတနာပုရမဟာနိုင်ငံတော်တွင် ဘဝင် မင်းတုန်း မင်းတရားကြီးတို့ အသီးသီး ကျင်းပပူဇော်ခဲ့ပါတယ်။

ယခု ဗုဒ္ဓရှင်တော်မြတ်ဗျားဇ၏ တရားတော်တွင် သက်ဝင် ယုံကြည်ကြသော မြည်ဆောင်စု မြန်မာနိုင်ငံတော် သမတကြီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့သည်ကျွန်ုပ်တို့သံဂါယနာ ပွဲတော်ကို ဦးစီး ဦးကိုင်ပြုလုပ် ကျင်းပသည်မှာ အားရ နှစ်သက်ဘွယ် ဖြစ်လှပါသည်။

ကျွန်ုပ်တို့ သံဂါယနာ ပွဲတော်ကြီးသည် ကျွန်ုပ်တို့ လောကသို့ မသိနားမလည် မိုက်မှားသော အမိုက်မှောင်ကြီးကို ဘုရား၊ ဗုဒ္ဓရှင်တော်ဘုရား၏ အလင်းရောင် ဖြစ်တော်မူသော ဗုဒ္ဓတရားတော်ဖြင့် ပယ်ဖျောက်တော်မူမည်မှာ မလွဲ ဟု ကျွန်ုပ်၊ ယုံကြည်ကိုးစားပါသည်၊ အထူးသဖြင့် ကျွန်တော်တို့ ကျွန်ုပ်တို့ ကျွန်ုပ်တို့ ကျွန်ုပ

http://www.dhammadownload.com





ယိုးဒယားဘုရင်မင်းမြတ်ပုံ

His Majesty King Bhumibol Adulyadej,
Upholder of the Buddhist Faith in Thailand.

ယိုးဒယားဘုရင်မင်းမြတ်၏ သဝဏ်လွှာကို ဗိုလ်မှူးချုပ်ကြီးကူရကာ ဖတ်လျှောက်နေပုံ

Message from His Majesty The King of Thailand (Read by Gen. Kharb Kunjara)

http://www.dhammadownload.com

ယိုးဒယား ဘုရင်မင်းမြတ်ထံမှ သဝဏ်လွှာ

ဤကဆုန်လပြည့် ဝိသာခါ ပုဏ္ဏမီနေ့၌ ကျင်းပအုံသော ဆဋ္ဌသံဂါယနာ ပဌမ သန္နိပါတ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားတွင် ဆောင်ရွက်ဘွယ်ကိစ္စများ ထမြောက် အောင်မြင်၍ ပြည် ထောင် စုမြန်မာ နိုင်ငံတော် အစိုးရနှင့် ပြည်သူ လူဆုကြီး၏ အလိုဆန္ဒ အတိုင်း ဤအခါတော်တွင် ဆောင်ရွက်ကြသော လုပ်ငန်းများသည် ဗုဒ္ဓဘာသာ ကမ္ဘာလောကကြီး အတွို့ ကုသိုလ် တရားများ ပွါးများဖွံ့ဖြိုးဘွယ် အကြောင်း ဖြစ်ပါစေသတည်း ဟူ၍ ကျွန်ုပ်က ဆုတောင်းလိုက်ပါကြောင်း။

(ပုံ) ဘူမိပိုလ်

ယိုးဒယားနိုင်ငံတော်ဘုရင်မင်းမြတ်

To

His Excellency

The President of the Union of Burma.

On the auspicious occasion of the opening of the First Session of the Sangāyanā on this Visākhā Day I form my good wishes for the success of the work to be undertaken and pray that the deeds performed on this occasion will yield fruitful and meritorious result to the Buddhist world in fulfilment of the wish of the Government and the people of the Union of Burma.

(M. R.) BHUMIPOL R.



ကမ္ဘောဒီးယား သာသနာပိုင် ဆရာတော်ဘုရားကြီးပုံ

His Holiness Samdach Preah Mahā Sumedhādhipati C. N. Jotaññāno, Agga Mahā Paṇḍita, Sangharājā of Cambodia.

ကမ္ဘောဒိးယား သာသနာဝိုင်ငံ၏ သဓန္ဆဲသကဆာ

ဥက္ကလောပ ဝတ် (ကျောင်းတော်) ပနေဒါးပင် ကမ္ဘောဒေသီယာရာဇာ (သာသနာပိုင်ဆရာတော်ဘုရား)၏ အကျဉ်းမြဝကား

မဟာထေရ် အရှင်မြတ်ဘိုဘုရား ရှိခိုးပါ၏။

အရှင်မြတ်တို့ အာဏာနိုပ်အား အခွင့်ပေးတော်မူကြပါကုန်၊ ဤမြန်မာပြည်သို့ အဘူဘာကွ ဆောက်လာကြသော ရဟန်းတော် အရေအတွက် ဆယ်ပါးလူဒါယကာ သုံးယောက် ဒါယိကာမ ငါးယောက် ပေါင်း တဆယ့်ခြစ်ယောက်သောအာဏာနိုပ်တို့သည် ကမ္ဘောဇပြည်သားများ ဖြစ်ကြပါသည်၊ အာဏာနိုပ် (သာသနာပိုင် ဆရာတော်) သည် ကမ္ဘောဇပြည် ဗုဒ္ဓဘာသာ ဝင်တို့၏ အကြီးအမှူး ဖြစ်ပါသည်၊ (ကမ္ဘောဇ) ပြည့်ချင် ဘုရင် စေလွှတ်အပ်သော တဆယ့်ခုနစ်ယောက် တို့၏ ရှေ့ဆောင်လည်းဖြစ်ပါသည်၊ အာဏာနိုပ်၏ ဆောင်ရွက်ဖေါ် ဆောင်ရွက်ဘက်ဖြစ်သော မွေ့ဆာ မအမည်ရသော ရဟန်းကိုလည်း (ကမ္ဘောဇ) ပြည့်ချင် ဘုရင် စေလွှတ်အပ်ပါသည်၊ (ကျန် ရဟန်းရှစ်ပါးအနက်) ခုနစ်ပါးသော ကမ္ဘောဇ ပြည်သား ရဟန်း များသည် အာဇီဝ တူမျှကာ ဆဋ္ဌ သံဂါယနာကို လိုလားချင်ကြည်ညိုသော စိတ်ထား ရှိကြလျက် ဤ(မြန်မာပြည်) သို့ ရောက်လာကြပါသည်၊ ထို့အတူပင် ကမ္ဘောဇ ပြည်သား လူရွှစ်ယောက်တို့(ရောက်လာပါသည်) ခေမာစာရ အမည်ရှိသော ရဟန်းသည်လည်း ဤအတိုင်းပင် (ရောက်လာပါသည်)။

ဆဋ္ဌသံဂါယနာကံ၏ အဆောက်အဦ အလို့ငှါ ယနေ့ ဗုဒ္ဓသာသနာအဖွဲ့အား ကမ္ဘောဇ တိုင်း၏ အမှတ်အသား ရုပ်တု ဖြစ်သောသစ်သားနှစ်များ ဖြင့် ထုလုပ်ထားသော ဘုရားဆင်းတုတော် စသော ဝတ္ထုပစ္စည်းများကို အပ်နှင်းပါကုန်၏။

အာဏာနိုပ် ပြဆိုသော စကားများကားဤမျှသာဖြစ်ပါသည်။

ထိုနောက် ဝိရဓမ္မဝါရအမည်ရသော ကမ္ဘောဇပြည်သား မထေရ်က အနည်းငယ် အာဏာအာဇာဖြင့် အင်္ဂလိပ် ဘာသာဖြင့် အာဂျီးအကြောင်းကို လျောက်ဆား ပါလိမ့်မည် တောင်းပန်ပါ၏၊ ထို့မဆော်အား ရှိသော်လာ လျောက်ဆားရန် အခွင့် ပေးတော်မူကြပါကုန်။

မေတ္တာစိတ်ဖြင့်

မဟာသုမေဓာဓိပတိ

၁၃-၅-၂၄၉၈

၁၉၅၄

Chef de l'Ordre Mahanikay
Wat Unnalom Phnom-Penh.

A BRIEF MESSAGE FROM THE SANGHARĀJĀ OF CAMBODIA

I pay my deep respects to all the Mahātheras assembled here.

Allow me to read this short Message.

We the Cambodian Delegation comprising 10 Bhikkhus, 3 Upasakās and 5 Upāsikās, making 18 in all are present at this gathering sent by His Majesty the King of Cambodia and I am the leader. The Ven. Dhammārāmo is also with us. The remaining 16 people—8 Bhikkhus, 3 Upāsikās and 5 Upāsakās came to this place as they are eager to work for the Chaṭṭha Sangāyanā.

In commemoration of the Opening Ceremony of the Chaṭṭha Sangāyanā today I hereby present to the Great Council a Buddha's Image made from wood of Cambodia.

This in brief is my Message. The Cambodian Bhikkhu, Bhikkhu Vira-Dhammavaro will read out a fully descriptive Message in English. May I be permitted to conclude this Message with the words "Sādhu", "Sādhu".

Mettā Cittena,
SAMDACH PREAH MAHA
SUMEDHADHIPATI C.N.
JOTANNAN).

http://www.dhammadownload.com

ယိုးဒယားနိုင်ငံတော် သံသတုပ်ချုပ်ရေးဌာနဝန်ကြီးနှင့် သံသကိုယ်စားလှယ်ခေါင်းဆောင်ဆရာတော် ဗရာဝိမလဓမ္မသည်
ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းတော် မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပသော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ဖွင့်ပွဲ၌
ပိန်ကြားတော် မူသော

သဒ္ဓမ္မာဝဇိုဿကထာ

တပည့်တော်တို့သည် နိုင်ငံအသီးသီး၊ တိုင်းပြည် အမျိုးမျိုးတွင် နေထိုင် ကြရပါသော်လည်း အားလုံးပင် ဒုဿမြတ်စွာဘုရား ဩဝါဒခံ တပည့်သားများပြစ်ကြပါသည်၊ ကြက်သရေ မင်္ဂလာအပြာပြာနှင့် ပြည့်စုံသော ဤဆဋ္ဌ သံဂါယနာတင် မဟာဓမ္မသဘင်ပွဲဆင် ခွဲရသိုဝင်ရောက်လာကုန်းမြေသာတွင်၊ အပြည်ပြည်မှ သံဃာတော် များနှင့် လူပရိသတ်များအား တွေ့ဆုံခွင့် ဘဝါကောင်းကြိုးကို ရရှိပါသဖြင့် တပည့်တော်မှာ လွန်စွာပင် နှစ်ထောင်း အားရ ဝမ်းသာလှပါသည်။

ဤဆဋ္ဌ သံဂါယနာတင် မဟာဓမ္မသဘင်ပွဲတော်ကြီးသည်ကား သတ္တဝါ အပေါင်းတို့၏ အထူး အားပြင့် ဗုဒ္ဓဘာသာဝင်များ အတွက် မင်္ဂလာဖူခါကောင်းကြီး ဖြစ်သည့်ပြင်၊ ကောင်းမြတ်သော ပုဗ္ဗနိမိတ်ကြီး တရပ်လည်း ဖြစ်ပါသည်၊ အမှန်ကို ဆိုရပါသော်ငံ့ ဗုဒ္ဓမြတ်စွာ၏ မှန်မြတ်သော သစ္စာဓမ္မသည် သာလျှင်၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ စိတ်နေစိတ်ထားကို ပြောင်းလဲ စေနိုင်လျက်၊ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သုခချမ်းသာ အပြာအပြာကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံ အသီးသီးတို့၏ အစိုးရများနှင့် တကွ၊ ပြည်သူပြည်သားများ စိတ်ထဲ ကိုယ်ပါ အားထုတ် ဆောင်ရွက်ခြင်းများ၏ လှလှ ဉာဏဟတို့ကြောင့် တပည့်တော်တို့ သံဃိတကာရက ၂၅၀၀ သော သံဃာတော် များမှာ ဤမှုခဲ့ပုံကြိုးသို့ တက်ရောက်ခွင့် ကြုံကြိုက်ရပါသည်၊ ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီး အောင်မြင်စွာ ဆင် နွှဲနိုင်ရန်တပည့်တော်တို့ အားလုံး လေးနက်စွာ သစ္စာခိုင်ခန့်ပြုကြပါစို့၊ သို့မှသာလျှင် အစိုးရများနှင့် ပြည်သူပြည်သားတို့သည် အချင်းချင်း၊ ရင်းနှီးစွာ ခွင်တော် ဘုရား၏ မှန်မြတ်သော တရားထူး တရားမှန်ကို အတိုးအကျ နားလည်မှု ရှိကြမည် ဖြစ်ပါသည်။

သာသနာတော်ကြီးသည် အခွန့်ရှည်စွာတည်တံ့ ခိုင်မြဲပါစေသတည်း၊ ကမ္ဘာ တဝှမ်းလုံးရှိ လူအများတို့ အတွင်းထဲ၊ ဗုဒ္ဓသာသနာတော်ကြီး ထိန်လင်း တိုးတက် ပြန့်ပျံးပါစေသတည်း။

သတ္တဝါ အပေါင်းတို့သည် ချမ်းသာသုခနှင့် ပြည့်စုံ ကြပါစေသောဝတ်ဟု ပတ္ထနာ ဆုကောင်း တောင်းလိုက်ရပါသတည်း။

(ထို့နောက် သီဟိုဠ်နိုင်ငံတော် ဝိဇ္ဇာဒယ ပရိဝေက ကျောင်းအုပ်ကြီး ဘဒန္တပိယရတနဒဿက ထေရက သဒ္ဓေသ စကား မြွက်ကြားတော် မူလေသည်။

PHRA BIMALADHARMA, ECCLESIASTICAL MINISTER FOR SANGHA ADMINISTRATION

WAT MAHĀDHĀTU BANGKOK, THAILAND

Sammodaniya Kathā (Congratulatory Message)
Delivered by

Phra Bimaladharma, Ecclesiastical Minister for Sangha Administration of Thailand and Leader of the Buddhist Mission from Thailand, delivered on the auspicious occasion of the Inauguration of the Chaṭṭha Sangāyanā in the Sacred Cave at the Sirimangalā Hill, Rangoon, Burma, on the 17th of May, B.E. 2497.

REVEREND BRETHREN AND DEVOTED UPASAKAS AND UPASIKAS,

It is my greatest joy to note that we, disciples of the Lord Buddha, although living in different lands, have, nevertheless, the opportunity to join in forming this Great Council in order to show our deep devotion to support and strengthen the Dhamma of the Lord at this Holy Site which is indeed a most auspicious sign for all the Buddhists and indirectly for all sentient beings. Because the Teachings of the Buddha constitute the Absolute Truth and are therefore immutable and ever-lasting. By helping to support and strengthen Sacca Dhamma to spread all over the world until it has penetrated into the very hearts of leaders and men and has changed their minds— Only then will mankind attain lasting peace and happiness.

The fact that we 2,500 brethren have been able to join in performing such highly meritorious works on this occasion and in the future, is entirely due to the whole-hearted support of the governments and the peoples of our countries. May I, therefore, appeal to all the holy members of the Sangha as well as those who are assembled here to make a solemn vow that the Sixth Great Sangāyanā in Burma may be crowned with success, and that it may prove a driving force for all the governments and their peoples to attain the Sublime Truth, and may the Buddha Dhamma soon spread and reach the hearts of all mankind. Irrespective of class, creed or nationality.

May all beings be happy!

SIRIMANGALA HILL,
RANGOON, BURMA.
Full Moon Day of May 17, B.E. 2497.

(Next, Ven'ble B. Piyaratna Nāyaka Thera, D.Litt., Principal of Vidyodaya Parivena, Ceylon, delivered an address of veneration.)

http://www.dhammadownload.com

ပဋိသန္ထာရကထာ

အရှင်မြတ်တို့—

ဤအစည်း အဝေးမှ စကား အနည်းငယ် ပြော လျှောက်ရန် သံဃာတော်သည် ဘုရားတပည့်တော် အား အခွင့်ပေးရန် လျှောက်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့၏နိုင်ငံနှင့် သာသနာ့ဝန်း နိုင်ငံရေး စီးပွါးရေး စသည်ဖြင့် ဆက်စပ် ချစ်ကြည် လျက် ရှိကြကုန်သော နိုင်ငံတို့သည် ရှိကြပါကုန်၏၊ ထိုနိုင်ငံအားလုံးတို့မှ ဤအစည်းအဝေးသို့ ကြွလာ တော်မူကြကုန်သော ဂဏပါမောက္ခများနှင့် သံဃ ဌာနတို့ကို ရှေးဦးစွာ အရိုအသေ စိတ်အားထက် သန်စွာ နှစ်သိမ့် ဝမ်းသာ ကြိုဆိုကြပါကုန်၏၊ ထို ဂဏပါမောက္ခ သံဃဌာနတို့၏ ပဏ္ဏာကာရနှင့် သန္ဒေသကထာတို့ကို ခံယူရရှိ၍ ဝမ်းမြောက် တက် ကြွ နှစ်လိုအားရ ကျေးဇူး တင်သည်ကိုလည်း လျှောက်ကြားပါရကြောင်း။

ဤ ဘုရားရှင် ကိုယ်တော်မြတ်သည် တခါတရံမှ သာ ကမ္ဘာလောက ဝေနေယျ သတ္တဝါတို့၏ ချမ်း ချမ်းသာ စီးပွါး အကျိုးငှါ ပွင့်တော်မူပါသည်၊ သုတ် ဝိနည်း အဘိဓမ္မာ ဟူသော တရားတော်ကို တနိုင်ငံ တမျိုးသား၏ အကျိုးငှါသာ ထိုမြတ်စွာ ဘုရား ဟောကြားတော်မူသည် မဟုတ်ပါ၊ ဧကန် သော်ကား တလောကလုံး၏ ချမ်းသာ စီးပွါးများ ရန် အကျိုးငှါငင်း အလုံးစုံသောအပူမီးတို့၏ငြိမ်းခြင်း အကျိုးငှါငင်း ဟောတော်မူအပ်ပါသည်။

ဤသို့ သဘော ရှိကုန်သော စစ်ဘေး ဘေးသော အမျိုးမျိုးသော ဝိပတ္တိတို့ပြင့် အလွန် နှိပ်စက်၍ မငြိမ်းသေးသော လောကဓာတ် ဆောက်တည်ရာသည် ထိုမြတ်စွာဘုရား၏ ဓမ္မဝိနယမှ တပါး တစုံတရာမျှ မရှိသည်မှာ ယုံမှားဘွယ်မဲ့ ဖြစ်ပါသည်။

ထိုကြောင့် ကြာမြင့်စွာမှ လာခဲ့သော အကွာအဝေးအသား ချုတ်ယှင်းချက် စသည်၏ အစွမ်း ဖြင့် ဖြစ်ကြကုန်သော အပြစ်တို့ကို ပယ်ရှား၍ မြတ်စွာဘုရား ပါဠိတော်ကို သစ်သင် ထုနှိုးပြောင် စေခြင်းသည် တလောကလုံး၏ အစီးအပွါးကို ဖြစ် ထွန်းပါစေသည်။

ဤဆဋ္ဌသံဂါယနာ သာသနာ့ကိစ္စ၌ နိုင်ငံ အသီးသီးမှ သာသနာကို မြတ်နိုးကုန်သော ဂဏ ပါမောက္ခ သံဃဌာန စသည်တို့နှင့် ဘုရင် သမတ အစိုးရတို့က တပည့်တော်တို့အား ပေးပြီး ပေးဆဲ ဖြစ်သောအကူအညီအထောက်အပံ့ အားလုံးတို့ကို အတိုင်းမသိ တန်ဘိုးထား၍ ရိုသေ ဝမ်းမြောက်စွာ လက်ခံပါကုန်၏။

အရှင်ဘုရားတို့နှင့် တပည့်တော်တို့သည် နိုင်ငံ လူမျိုး အနေအားဖြင့် အသီးအခြား ခေါ်ဝေါ် ပြောဆိုရသော်လည်း သာသနာ့ရေး ကိစ္စ သာသ နာ့ အဆက်အနွယ် အလိုအားဖြင့် အားလုံးသော တပည့်တော်တို့သည် တအိမ်ထည်း၌ ပေါက်ပွါး သော ညီအစ်ကို အရင်း သားချင်းများ ဖြစ်ကြ ပါသည်။

ထိုမြတ်စွာဘုရား၏ သာသနာ့ အမျိုးအနွယ် ၌ ပါဝင်သော ဆွေမျိုးသားချင်းများ ဖြစ်ကြပါ သည်။

ဤဆဋ္ဌသံဂါယနာသည်လည်း တပည့်တော် တို့၏ ဆွေမျိုးသားချင်းအဖြစ်ကိုသာလျှင်ခိုင်မြဲစေ သည် မဟုတ်သေးပါ၊ အမှန်အားဖြင့် ဆိုလျှင် သာသနာကို ခြီးမြောက်ရာ၌သော်ငင်း၊သာသနာ ကို တိုးတက်စေရာ၌ တပည့်တော်တို့အား ကြီးမား သော ကြိုးစား အားထုတ်မှုကိုလည်း ဖြစ်ပေါ် စေ ပါသည်။

အရှင်ဘုရားတို့နှင့် တပည့်တော်တို့သည် ရှေး ကထက် ပိုမိုရှိ၍ ညီညတ်ခြင်းနှင့် ပြည့်စုံကုန်လျက် ရေနှင့် နွားနို့ ထောသည့်အလား တသားတည်း ဖြစ် ကုန်လျက် သာသနာတော် ထွန်းတောက်စေသော ကိစ္စလျှင် အမှန်အမြတ် ဖြစ်ကြပါစေကုန် ဟု တပည့်တော်တို့က ဆုတောင်း ပတ္ထနာ ပြုကြပါကုန် သတည်း။

REPLY TO MESSAGES AND ADDRESSES BY VENERABLE BHADDANTA INDHĀSABHA, AGGA MAHĀ PANDITA.

VENERABLE BHANTE,

May I be permitted to say a few words of reply.

There are many countries which are cordial and have diplomatic, economic and spiritual relations with our country of Burma. Firstly, we respectfully and warmly welcome those Sangharājās and Sangha Nāyakas who are attending this Great Buddhist Council. We are also in receipt of the various kinds of gifts brought to us by them, and we tender our heart-felt thanks to them for these.

A Supreme Buddha very seldom rises in the world for the benefit of all sentient beings. The Suttas, the Vinaya and the Abhidhamma taught by Him are not meant for a particular country nor one nation. In fact, He taught the Dhamma for the benefit of the whole Universe so that all beings might quell their Lobha, Dosa and Moha.

There can be no doubt about the fact that there is nothing else except the Buddha-Dhamma in which people who are threatened with aggressions and danger of war, can take refuge.

Thus in the interest of the whole world it is fit and proper to edit,re-edit and scrutinise the Text in which errors and ommissions have crept inadvertently through length of time.

We hereby express our sincere thanks to those Sangharājas, Sangha Nāyakas and Heads of States for the amount of help theyh ave been giving and are continuing to give us.

Although we may be of different nationalities, yet in the matter of the Buddha-Dhamma, we are but brothers and sisters of the same family—the Great Brotherhood of Buddhists.

This Chaṭṭha Sangāyanā does not only strengthen the bondage of mettā existing among us, but also tend to foster our "Viriya" either in honouring the Buddha's Sāsanā or promoting it.

In conculsion we earnestly wish that we all be united more than before as milk blends well with water, and that our common and supreme objective be to promote the Buddna Sāsana as far as practicable.

http://www.dhammadownload.com

သံဃနုဿတိ၏ ဩဝါဒတော်

ဆဋ္ဌသင်္ဂါယနာစပွဲသဘင်ကြီး၌ ပြက်ဆိုမိန့်ကြားသော ဘာရွှေရထာဘိဝံ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရှင် ဆဋ္ဌသင်္ဂါယနာသံဃာအဖွဲ့ထေရ်၏ သဒ္ဓမ္မဒီပနိယ သာသနာ့ဓမ္မသဘင်ကြီးဖွင့်ပွဲ

[ပါဠိမြန်မာ ၂ဘာသာဖြင့် ပြက်ကြားတော်မူသည်]

သက်တော် ရှည်လတဲ့ကုန်သော အရှင်မြတ်တို့....

ဤစပွဲသဘင်ကြီးသို့ အရှင်မြတ်တို့ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်။

ဤစပွဲသဘင်ကြီး၌ အရှင်မြတ်တို့ကို ကြိုဆိုလက်ခံခြင်း သဒ္ဓမ္မဒီပနိယ သာသနာတော်အား လူနှင့်ကိုယ်ကာယ ပြက်ဆိုပြောကြား ရခြင်းသည် တပည့်တော်အား လူနှင့်ကဲ့သော ပီတိသောမနဿကို ဖြစ်ပေါ် ပြည့်လျှံးစေပါသည်။

ဤစပွဲ သဘင်ကြီးသည် ကျောက်မျက်ရတနာကိုးမျိုးကို ရွေးကြီး ဖွဲ့ချည်တို့ပြင့် စီရရှိ တင့်တယ်အောင် ခြယ်လှယ် သိကုံးဘိသင်္ကန်းသို့ အင်္ဂါကိုးတန် နှင့်ပြည့်စုံသော ဒွစ်သောင်း လေးထောင်မျှ ပါဝင်သည့် ဓမ္မကွန်ရာ ရတနာတို့ကို အကွရာ ပရိ ဝါကျသုန်ကို့တွဲ ပြစ်အောင် သုခိသင် ပြင်ဆင်၍ သံဃာအမျှား စည်းလုံးလျက် ရုံးရွတ်ဆို ကြသော သံဂါယနာ မဟာစပွဲ သဘင် ဖြစ်ပါသည်။

ဤသံဂါယနာ မဟာစပွဲသဘင်သည် ထုတ်ဝေ. နှင့် မဟာဝင်တို့ မှတ်တမ်းများအရ ထုတ်ဂြိဟ်၊ ဝေသာလီ၊ ပါဋလိပုတ်၊ သီဟိုဠ်နှင့် မြန်မာပြည် မံန္တလေးမြို့တို့၌ ကျင်းပခဲ့သော သံဂါယနာဂါးတန်ကို ထောက်ဆ၍ ခြောက်ကြိမ်မြောက် ဆဋ္ဌ သံဂါယနာ ဖြစ်ပါသည်။

ထူးခြားချက်တရပ်မှာ လွန်ခဲ့သည့် အခါများက ကျင်းပခဲ့သော သံဂါယနာများသည် တနိုင်ငံထဲ၌သာ ရှိသော သံဃာများသာ ပါဝင်နိုင်ခဲ့၍ ဤဆဋ္ဌသံဂါယနာမှကား ဤပြန်မာ နိုင်ငံချည်းသာမဟုတ်ပဲ ယိုးဒယား၊ သီဟိုဠ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗုဒ္ဓိယနှင့် ပါကစ္စတန် နိုင်ငံများမှ ဆေရဝါဒီသံဃာတော် အားလုံး စည်းလုံးညီညွတ်စွာ ကြွရောက် ပါဝင်နိုင်ကြပါသည်။

ဤသို့ ကြွရောက်ပါဝင် သံဂါယနာတင်သပြင့် ဤဆဋ္ဌသံဂါယနာ၌ ဖွတ်ဆို အတည်ပြုသော ပိဋကတ်သည် ထေရဝါဒ ကမ္ဘာ့ ပိဋကတ်ပင် ဖြစ်ပါသည်။

ဤဆဋ္ဌသံဂါယနာ စမှ သဘင်ကြီးကို တရားကျေမျှ ပါဝင်သော ပြည်တွင်း ပြည်ပ ဆဋ္ဌသံဂါယနာဩဝါဒစရိယ သံဃာအဖွဲ့နှင့်နှစ်ကျိပ်ငါးပါးမျှ ပါဝင်သော ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးတို့က ဦးစီး ခေါင်းဆောင်သော နှစ်ထောင့်ငါးရာ အတိုင်းအရှည်ရှိသည့် ထေရဝါဒီသံဃာတော်တို့က ပြည်ထောင်စု ပြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စား နိုင်ငံတော် ဒုဗွသာသနာအဖွဲ့ကြီး၏ ပဓာနရုဂဟကို အပ်ပြုရှ ဆင်ယင် ကျင်းသ အပ်ပါသည်။

ဤဆဋ္ဌသံဂါယနာ မြေသဘင်ကြီး၌ ကြွရောက် သံဂါယနာ တင်ကြကုန်သော အနုထေရ မဟိမ ထေရ် မဟာထေရ်တို့ သည် အရှင်မဟာကဿပ ဧသော ရဟန္တာ မထေရ်တို့မှ ဆင်းသက် ဆက်နွယ် လာသည့် အားလျော်စွာ မြတ်စွာဘုရား ထံသို့ အင်္ဂတသတ်မင်း ချဉ်းကပ်သောအခါ ဘဂုတ္တာင့် နှစ်ထု ငါးဆယ်မျှသော ရဟန္တာ မထေရ်တို့သည် ခြေဆတ်သံလည်းမရှိ၊ ချောင်းဆိုးသံလည်း မရှိ၊ အခြား အသံတစုံတရာမျှ ထွက်ပေါ်ခြင်း လည်း မရှိဘဲ အထူးသဖြင့် ကြည်လင်သော ရောင်ကဲ့သို့ တိတ်ဆိတ် ငြိမ်သက် နေတော်မူကြသည်ကိုတွေ့ မြင်ရသဖြင့်၊ ငါ၏သား ဥဒယဘဒ္ဒ မင်းသားသည် ရဟန်းအပေါင်း၏ ငြိမ်သက်ခြင်း မျိုးနှင့် ပြည့်စုံ ပါစေသတည်းဟု ဥဒါန်း ကြွေးရင့် ခဲ့ဘူးပါသည်။

ပြည်တွင်းပြည်ပမှ ထောက်လာ ကြကုန်သော ဥပါသကာ ဥပါသိကာ ဖရိသတ် တို့သည်လည်း ဤဆဋ္ဌသံဂါယနာဝင် ရဟန်း အပေါင်းကို ဖူးမြော်ပူဇော်ကြရသည့် အခါ ဆိုခဲ့သည့်နည်းဖြင့် ဆင်တသတ်မင်း ဥဒါန်းကြွေးရင့်သကဲ့သို့ ဥဒါန်းကြွေးရင့်ကာ ပီတိသောမနဿ ဖြစ်ကြရလိမ့်မည်ဟု ယုံကြည် တောင့်တပါသည်။

ဤဆဋ္ဌသံဂါယနာကို ဆင်ယင် ကျင်းပနိုင်ခြင်းသည် လူသား စင်စစ် အဖြစ် (မနုဿတ္တဘာဝ) ကိုရခြင်း၊ သဒ္ဓါတရားကို ယုံကြည်မှုနှင့် ပြည့်စုံခြင်း (သဒ္ဓါသမ္ပတ္တိ) ကိုရခြင်း၊ လူ့ ဘောင်၌ ဖွားဖွားခဲ့၍ ရဟန်းအဖြစ် (ပဗ္ဗဇိတဘာဝ) ကိုရခြင်း၊ ဖွင့်တော် ဘုရား၏ တရားတော်ကို ကြားနာရခြင်း (သဒ္ဓမ္မသဝန)ကို ရခြင်းနှင့် ဖွင့်တော်ဘုရား၏ သာသနာတော် ထွန်းလင်းဆဲ (ဒဋ္ဌုပ္ပါဒနဓမ္မ) ဧတ်ကိုရရှိခြင်း၊ ဤသို့အားဖြင့် ဒုလ္လဘ ငါးမျိုးကို ရရှိသော အတိတ် ကာမာဝစရ မဟာ ကုသိုလ်ကံကြောင့် ဖြစ်ပါသည်။

ဤဒုလ္လဘ ငါးမျိုး အပြင် ယခု ပစ္စုပ္ပန် အခြေအနေအရ ဆိုသော် ပိဋကတ် နိုင်ငံကို ပိဋကတ်ကိုယ်တိုင် လုတ်လပ်စွာ အုပ်စိုးခြင်းနှင့် ကမ္ဘာ၏ ငြိမ်းချမ်းမှုတို့သည်လည်း ဤ ဆဋ္ဌသံဂါယနာ၏ အထောက် အပံ့များ ဖြစ်ကြပါသည်။

သို့ဖြစ်သောကြောင့် နိုင်ငံအသီးသီး၏ လုတ်လပ်ခြင်းနှင့် ကမ္ဘာ၏ ငြိမ်းချမ်းခြင်းကိုသာမက သံသရာ ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ လောဘ ဒေါသ ဧသော မီးအပေါင်းတို့၏ ဓမ္မရူပ ငြိမ်းချမ်းရာ နိဗ္ဗာန်သို့ပင် ပို့ဆောင်နိုင်သော ဖွင့်တော်မြတ် ဘုရား၏ သာသနာတော် အရှည်တည်တန့်ပျံနှံ့ စည်ကား ကြီးပွား ထွန်းတောက်ရန် အကြောင်း တပည့်တော်တို့ ရပေါင်း ညီညတ်စွာ အားထုတ်ကြပါကုန်ဘို့—အရှင်မြတ်တို့။

ဘာန္တရေတ
အဘိဓမ္မာဝရဋ္ဌဂုဏ္
ဉောင်ရမ်း ဆရာတော်
ဆဋ္ဌသံဂါယနာ သံဃနာယက

ဤတွင် ဒေ့ ၂နာဝိခုံမှ ဥနာရီ အထိ ခေတ္တ လှိုနား ကြောင်းကို ဘာန္တနာဝဒံသ (ဗာဒးကထာ တောရ) ဆရာတော်က ပါဠိ မြန်မာ နှစ်ဘာသာတို့ ဟိုပြင့် လျှောက်ထား ကြေငြာတော်မူလေသည်။

http://www.dhammadownload.com

THE PRESIDENTIAL ADDRESS DELIVERED BY ABHI DHAJA MAHĀ RATTHA GURU NYAUNGYAN SAYADAW, PRESIDING MAHĀTHERA OF THE CHATTHA SANGĀYANĀ AT THE OPENING CEREMONY

BHANTE,

May happiness be with you all!

It is a very great pleasure to have an opportunity to welcome you and to deliver the Presidential address on this auspicious occasion—the Opening Ceremony of the Chaṭṭha Sangāyanā.

This Great Buddhist Council is the one where you are to recite collectively the Pāli Texts which comprise 84,000 Units of Dhamma or 9 Predominant Ingredients, which have been arranged as if the nine precious stones have been strung together, and which have been re-edited and scrutinised.

In the history of Buddhism in the World this Great Council is the Sixth of its kind, the First to the Fifth Great Councils being held at Rājagaha, Vesāli, Pāṭaliputta, Ceylon and Mandalay in Burma.

Thus the Tipiṭaka you are to recite at this Sangāyanā is, in fact, the International Theravādin Tipiṭaka.

This Chaṭṭha Sangāyanā is being held by 2,500 Sangītikāraka Bhikkhus led by the Chaṭṭha Sangāyanā Ovād'ācariya Sangha Nāyaka Council formed from among the Mahātheras of all Theravādin countries who have elected 25 Bhāranitthāraka Mahātheras all of whom are being supported with the four requisites by the Union Buddha Sāsana Council on behalf of the Government of the Union of Burma.

Once the Supreme Buddha was residing with 1250 monks at a certain monastery. At that time King Ajātasattu approached Him to pay his deep respects to Him. He did not hear either a sound of footfall, a sound of coughing of any other kind of sound, and the whole place was dead silent. Then the king thought to himself, "What a lovely thing it would be if my son Udayabadda be as tranquil as this". Bhante, all of you who assemble here today, being the spiritual successors of Arahant Mahā Kassapa and other Arahants of that time, should follow this practice of quietude.

I firmly believe that you Upasakās and Upāsikas from both Burma and abroad, in paying your deep respects to the Sangītikāraka Mahātheras, will remember the exclamation of King Ajātasattu and rejoice more at the proceedings of the Chaṭṭha Sangāyanā.

The reason why we can ably hold this Great Buddhist Council is due to our obtaining the five dullabhas (Rare Opportunities) owing to the accumulated *kusala* of our past existences. They are:—

(1) Manusatta bhāva (To have become a man);
(2) Saddhāsampatti (To have faith in the Truth);
(3) Pabbajjita-bhāva (To attain monkhood);
(4) Saddhamma-savana (To hear the Buddha-Dhamma); and
(5) Buddhuppādanavama (To encounter the Buddha's Sāsana).

According to the present circumstances I may say that Burma's Independence and the favourable world situation help much to the holding of this Sangāyanā.

Bhante, let us now, in a body, recite the Buddha-Dhamma which can not only bestow peace and liberty upon peoples of the world, but can also lead them to Nibbāna by their dispelling lobha (Greed), dosa (Hatred) and moha (Delusion).

BHADDANTA REVATA,
ABHI DHAJA MAHA RATTHA GURU
NYAUNG-YAN SAYADAW,
Presiding Mahāthera of the Chaṭṭha Sangāyanā.

ညနေပိုင်း အခမ်းအနား

ညနေ ၃-၃၀ ရှိခဲ့၌ အခမ်းအနား ပြန်လည် ဖွင့်လှစ်ကြောင်း ကြေးစည် ၁၀-ချက်ပြင့် အချက် ပေးကာ (ဗားကထာတောရ ဆရာတော်) ဘဒန္တနာဂဝံသက (ပါဠိမြန်မာ နှစ်ဘာသာဖြင့်) လျှောက်ထား ကြေငြာတော်မူလေသည်။ သံဃနာယက (ညောင်ရမ်းဆရာတော်)က အဂ္ဂမဟာ ပဏ္ဍိတ ဘဒန္တ ဇဝန (ပခုက္ကူဆရာတော်ကြီး)နှင့် တိပိဋကဓရ မဟာဝစီဂါဂိရိက ဘဒန္တ ဝိစိတ္တသာရဘိဝံသ ယပိဋက ပဌမပါရာဇိကဆိုင်ရာ ပုစ္ဆကနှင့် ဝိသဇ္ဇက အဖြစ်ဖြင့် အသီးအသီး ဆောင်ရွက်နိုင်ရန် အလို့ငှါ (ပါဠိဘာသာဖြင့်) သမ္မုတိ ပေးတော် မူပြီးလျှင် ပုစ္ဆကနှင့် ဝိသဇ္ဇက တို့က ၎မိ တို့ သက်ဆိုင် ရာ နေရာသို့ ကြွတော် မူကြ လေသည်၊ ထို နောက် ပုစ္ဆကက ပုစ္ဆန ဥတ်ထားလျက် ဝိနယ ပိဋက ပဌမ ပါရာဇိကကို (ပါဠိမြန်မာ နှစ်ဘာသာဖြင့်) မေး တော်မူလေရာ၊ ဝိသဇ္ဇကက ဝိသဇ္ဇနဥတ်ထားလျက် (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) ပြေတော်မူလေ သည်။ အပြီးတွင် သံဃာ အားလုံးက သာဓုသံး ကြိမ် ခေါ်တော်မူကြ၍ ခရုသင်းမှုတ် ကြေးစည် တီးလေသည်၊ ထို့နောက် ပါရာဇိက ပါဠိ ဝေဠု ကဏ္ဍကို "တေန သမယေန" မှစ၍ ၂-နံပါတ်အဆုံး တိုင်အောင် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီး ၁၀ ပါးတို့က ပေါင်းစု ရွတ်ဆိုကာ သံဃိယနာ တင် တော်မူကြလေသည်။ (အပြီးတွင် ပရိသတ်အား လုံးက သာဓု သုံးကြိမ်ခေါ်၍ ခရုသင်းမှုတ် ကြေး စည်တီး လေသည်) ထို့နောက် ပဌမနေ့ အခမ်း အနား ရုတ်သိမ်း ကြောင်းကို ဘဒန္တနာဂဝံသ (ဗဟုကထာတောရ ဆရာတော်) က (ပါဠိ မြန်မာ နှစ်ဘာသာဖြင့်) လျှောက်ထားကြေငြာ၍ (ကြေး စည် ဆယ်ချက်ဖြင့် အချက်ပေးလေသည်)။

EVENING SESSION

At 3-30 p.m., Ven'ble Bhaddanta Nāgamvamsa announced both in Pāli and Burmese that the Proceedings of the Evening Session commenced. This was followed by ten strokes of gongs. The Sanghanāyaka then proposed to the Sangha Council the names of the Ven. Agga Mahāpaṇḍita Bhaddanta Javana (Pakokku Sayadaw) and the Ven. Tipiṭakadhara Dhamma-bhaṇḍāgārika Bhaddanta Vicittarasāra to serve as Pucchaka (Questioner) and the Visajjaka (Replier) respectively, with regard to the first Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the first Pārājika was then made by the Pucchaka and the Visajjaka respectively. At the conclusion of this, the Sangiti-kāraka Bhikkhus acclaimed "Sādhu", "Sādhu". This was followed by the blowing of conchs and striking of gongs.

After that the entire Sangha Council recited the Pārājika Verañjakaṇḍa, beginning with *Tena samayena* and ending with the second paragraph. At the conclusion of this recitation by the Sangiti-kāraka Bhikkhus, the Proceedings for the first day of the Inauguration Ceremony of the Sixth Buddhist Council were brought to a close, when the Ven. Bhaddanta Nāgavamsa announced both in Pāli and Burmese that the day's proceedings came to an end, followed by a signal of ten strokes of gongs.

http://www.dhammadownload.com

ဒုတိယနေ့ – နံနက်ခင်း

နေ့လည် ၁၂-နာရီအချိန်တွင် အခမ်းအနား စတင်ဖွင့်လှစ်ကြောင်းကို ကြေးစည် ၁၀ ချက်ဖြင့် အချက် ပေး၍ ဘဒန္တနာဂဝံသ (ဗားကရာ တောရဆရာတော်) က ပါဠိမြန်မာ ၂-ဘာသာဖြင့် လျှောက်ထား ကြေငြာတော်မူလေသည်။

Second Day Inauguration Proceedings

The proceedings opened at 12 noon, signalled by ten strokes of gongs, sounds of the drums and blowing of conch shells. The commencement was announced both in Pāli and Burmese by Ven'ble Bhaddanta Nāgavamsa.



နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု က အဓွန့်ရှည်စွာ သာသနာတော်တည်စေခြင်းငှါ ဆောက်, ဒကာ, သာသနာတော်ပြုစုရေးကို လျှောက်ဆားနေပုံ

The Hon'ble U Nu, Prime Minister of the Union of Burma, delivering an address of veneration with regard to the propagation and the maintenance of Buddha Sāsana

http://www.dhammadownload.com

နိုင်ငံတော်ခန်ကြီးချုပ်ဦးနုလျှောက်ထားချက်

(စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ဓမ္မေဟောန္တု သဂါရဝါ) သဒ္ဓမ္မော၊ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓ သဒ္ဓမ္မ အားဖြင့် သဒ္ဓမ္မ သုံးပါး၊ သူတော်ကောင်း တရား တည်းဟူသော သာသနာတော်ကြီးသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်မြဲပါစေသတည်း။ ဓမ္မေ၊ သဒ္ဓမ္မ သုံးပါး သူတော်ကောင်း တရားတည်းဟူသော သာသနာတော် ကြီး၌။ သဂါရဝါ၊ ရှိသေ လေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်သတည်း။

ရှိသေ လေးမြတ်စွာ ခြေတော်ဦးခိုက်လျှောက်ထားဝံ့ပါသည်။ သီလဝန္တ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ၊ ပဋိပတ္တိမာမက၊ အရှင် မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ၊ အရိယာနွယ်ဝင်၊ ဆဋ္ဌသံဂါယနာတင် အရှင်မြတ်တို့ ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းဝယ် ခရိုင် မြို့ရွာ ဒေသ အသီးသီးတို့မှ သာသနာတော်ကြီးကို ခြီးမြှောက်ရန်၊ ဤဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီးသို့ ကြွရောက်တော် မူကြသော ဆရာတော် သံဃာတော်များ၊ သာသနာဒါယကာ ဖြစ်သော ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာပေါ် ရှိ ထေရဝါဒ နိုင်ငံစသော နိုင်ငံအသီးသီးမှ ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို အားပေး ကူညီရန် ကြွရောက်တော် မူကြသော အထူး ဧည့်သည်တော်များအား ဖူးမြင် တွေ့ဆုံကာ ရှိသေ လေးစားလျှောက်ထား ရခြင်းနှင့် မေတ္တာ ရေချမ်းဆွတ်ဖျန်းကာ နှုတ်ခွန်း ဆက်ရခြင်းမှာ၊ သာသနာတော် နှစ်ပေါင်း (၂၅၀၀) တိုင် ရောက်မှ ကုသိုလ်ထူး ထောက်မသည့်အတွက်၊ တွေ့ကြရ၊ ကြုံကြရသဖြင့် အဘိုးမဖြတ်နိုင်၊ တသက်လုံး မမေ့နိုင်သော ကြက်သရေ မင်္ဂလာကြီး ဖြစ်ပါသည်ဘုရား။

ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါး။ စရိယ သုံးပါးတို့ကို၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံး ပြည့် ကျင့် ဆည်းပူးတော်မူမှ ရရှိအပ်သော သဗ္ဗညုတ ဥာဏ်တော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တည်ထောင် ဘန်ဆင်း ဟောကြားဆုံးမတော် မူအပ်သော သဒ္ဓမ္မသုံးပါး သူတော်ကောင်း တရားတည်းဟူသော သာသနာတော်ကြီးကား—

(၁) ပရိယတ္တိသာသနာ

(၂) ပဋိပတ္တိသာသနာ

(၃) ပဋိဝေဓသာသနာ ဟု သုံးပါးရှိပါသည် ဘုရား။

ထိုသာသနာ သုံးပါး ရှိသည်တွင် ပရိယတ္တိ သာသနာ ဟူသည်မှာ သင်အံ လေ့ကျက် ဆောင်အပ်သော ဒေသနာ၊ ယခု သံဂါယနာ တင်တော်မူကြသော နိကာယ် ငါးရပ်၊ ပိဋကတ်တော်များဖြစ်ပါသည်ဘုရား။

ပဋိပတ္တိ သာသနာ ဟူသည်မှာ သရဏဂုံနှင့် တကွ ငါးပါးသီလမှစ၍ အရဟတ္တဖိုလ် ဆိုက်ထိ အောင် ကျင့်ကြံအားထုတ်ရသောကျင့်ဝတ်ပဋိပတ်များ ဖြစ်ပါသည်ဘုရား။

ပဋိဝေဓ သာသနာ ဟူသည်မှာ ကျင့်ကြံအားထုတ်၍ သိမြင်အပ်သော သုံးဆောင် ခံစားအပ်သော မင်္ဂဖိုလ် နိဗ္ဗာန်တို့ ဖြစ်ပါသည်ဘုရား။

ပရိယတ္တိ သာသနာမှာ ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓ သာသနာတို့၏ အရင်း မူလဘူတ အခြေခံ ပဓာန ဖြစ်ပါသည် ဘုရား။

ဥပမာအားဖြင့် ပရိယတ္တိ သာသနာမှာ ကျင့်ကြံ အားထုတ်ပုံ နည်းလမ်းများကို ညွှန်ပြသဖြင့် ကမ္ဘည်း သိုက်စာနှင့် တူပါသည်၊ ပဋိပတ္တိသာသနာမှာ ပရိယတ်က ညွှန်ပြသည့်အတိုင်း ကျင့်ကြံအားထုတ်ရသဖြင့် တူးဖေါ်ခြင်း လုံ့လ ဝိရယနှင့် တူပါသည်၊ ပဋိဝေဓ သာသနာမှာ သုံးဆောင် ခံစားရသဖြင့် ရွှေအိုးကြီးနှင့် တူပါသည် ဘုရား။

ဥပမာ ဥပမေယျ စပ်ဟပ်၍ ကြည့်ပါလျှင် ကမ္ဘည်းသိုက်စာ မရှိလျှင် မတူးဖေါ်နိုင်ပါ၊ မတူးဖေါ်နိုင်လျှင် ရွှေအိုးကြီးကို မရနိုင်ပါ၊ ထို့အတူ ကျင့်ကြံ အားထုတ်ပုံ နည်းလမ်းကို ညွှန်ပြသော ပရိယတ္တိ သာသနာ မရှိလျှင် တူးဖေါ်ခြင်း လုံ့လ ဝိရိယ တည်းဟူသော ပဋိပတ္တိ သာသနာ မရှိနိုင်ပါ၊ တူးဖေါ်ခြင်း လုံ့လ ဝိရိယ တည်းဟူသော ပဋိပတ္တိသာသနာ မရှိလျှင် သုံးဆောင် ခံစားနေရသော ပဋိဝေဓ သာသနာ မရှိပါ၊ သို့အတွက် ပရိယတ္တိ သာသနာမှာ အရင်းမူလ ဘူတအခြေခံ ပဓာန ဖြစ်ပါသည်ဘုရား၊ ပရိယတ္တိ သာသနာကွယ်ပျောက်လျှင် ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓ သာသနာတို့ ကွယ်ပျောက်လျက် လောကုတ္တရာ အလင်းရောင်ကို မရကြတော့ဘဲ (အနွဲဘူတော အယံ လောကော) ဆိုသည့်အတိုင်း တကမ္ဘာလုံး တလောကလုံး တမိုက်ထဲ မိုက်လျက် အမိုက်တိုက်ကြီး ဖြစ်နေမည်မှာ ယုံမှားဘွယ် မရှိပါဘုရား။

ထိုအလင်းရောင်ကို ပေးစွမ်းနိုင်သော နိကာယ် ငါးရပ်ပိဋကတ်တော်တို့ကိုမြတ်စွာဘုရားလက်ထက်တော် အခါ၌ အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အနုရုဒ္ဓါ စသော တဘိယသာဝက ရဟန္တာ အရှင်မြတ်ကြီးတို့ မပျောက် မပျက်ရအောင် ဆောင်ရွက်လာခဲ့ကြပါသည်ဘုရား။

ထိုသို့ ဆောင်ရွက်လာခဲ့သော်လည်း ထိုစဉ် အခါက သုတ်-ဝိနည်း-အဘိဓမ္မာ စသည်ဖြင့် တိတိကျကျ စီစဉ် ပိုင်းခြားထားခြင်း မရှိပါ၊ လေးဆဲ့ငါးဝါ အတွင်းဝယ် ရောက်ရာရောက်ရာ ထိုထိုမြို့ရွာ ဒေသတို့၌ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ဝေနေယျတို့၏ အလိုအဇ္ဈာသယစသည်ကို ကြည့်ရှုတော်မူ၍ အကြောင်းအားလျော်စွာ ဟောတော်မူခဲ့သော ဒေသနာတော်များ ဖြစ်ပါသည်ဘုရား။

ပဌမ သံဂါယနာ တင်သောအခါ အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါ စသော သံဂါယနာတင် ရဟန္တာကြီးတို့သည် ပန်းတို့ကို ကစင့်ကလျား လွှင့်ပါး ပျောက်ပျက်ခြင်း မရှိရအောင် ပန်းသီတန်ဖြင့် သီကုံး ပေါင်းစုထားသည့်အလား ဤဒေသနာတော်စုကား ဓမ္မဖြစ်သည် ဤဒေသနာတော်စုကား ဝိနယ ဖြစ်သည်။ ဤဒေသနာတော်စုကား ပဌမ ဗုဒ္ဓဝစန ဖြစ်သည်၊ ဒုတိယ ဗုဒ္ဓဝစန ဖြစ်သည်၊ တတိယ ဗုဒ္ဓဝစန ဖြစ်သည်၊ ဤဒေသနာတော်စုကား ဝိနည်း ပိဋကတ် ဖြစ်သည်၊ သုတ္တန် ပိဋကတ် ဖြစ်သည်၊ အဘိဓမ္မာ ပိဋကတ် ဖြစ်သည်၊ ဤဒေသနာတော်စုကား ဒီဃ နိကာယ် ဖြစ်သည်၊ မဇ္ဈိမနိကာယ် ဖြစ်သည်၊ သံယုတ္တ နိကာယ်ဖြစ်သည်။ အင်္ဂုတ္တရ နိကာယ်

http://www.dhammadownload.com

သော်လည်း သာသနာတော်စောင့် ဖြစ်သော ရဟန်း သံဃာတို့ ဆရာစဉ်ဆက် မတည်မြဲသဖြင့် သာသနာတော်ကြီးလည်း တည်မြဲခြင်း မရှိပါ မြတ်စွာဘုရား ဟိန်ဒူနာ စံလှန်တော် မူပြီးနောက် နှစ်ပေါင်း (၂၅၀) နှစ်အတွင်း တတိယ သံဂါယနာ တင်သည်တိုင်အောင် တရံတခါ ပျောက်ကွယ်မှုး ပို့နှံခဲ့ပါသည်၊ တခါတရံ ပေါ်ထွက် ကြီးပွါးကာ ထွန်းလင်း တောက်ပခဲ့ပါသည်ဘုရား။

တတိယ သံဂါယနာ တင်ပြီးသောအခါ အရှင် မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ မထေရ်ကြီး သည် နောင်အခါ သာသနာတော်သည် မည်သည့် အရပ် ဒေသ၌ တည်ပြီ ထွန်းကား လိမ့်မည်နည်းဟု အနာဂတံသ ဉာဏ်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူ သောအခါ မဇ္ဈိမဒေသ ဌာန်မှ နိုင်ငံမှ ပြင်ပဖြစ် သော တိုင်း ခရိုင် နိုင်ငံတို့၌ သာသနာတော် တည် ထွန်းလိမ့်မည်၊ ကြီးပွါး ထွန်းကားလိမ့်မည်ဟု မြင် တော်မူသဖြင့် သာသနာပြုစေလွှတ်ရန် ကိုးတိုင်း ကိုးဌာန ပို့ဆောင်း သတ်မှတ်လျက် ဗုဒ္ဓဟိမဝန္တ မြစ်သောခေါင်းဆောင် ရဟန္တာမထေရ်ကြီးကိုးပါး ကိုရွေးချယ်ကာဥပသမ္ပဒာက်ဆောင်လောက်အောင် အယုတ်ဆုံး နောက်ပါ ရဟန္တာ လေးပါးစီ ထည့်၍ တဦးနှင့်တဦး အယုတ်ဆုံး ငါးပါးစီ ရွေးချယ်သတ် မှတ်ပြီးလျှင် ခေါင်းဆောင် ရဟန္တာ မထေရ်ကြီး ကိုးပါးကို တပါးလျှင် ဌာနတခု စေအပ်၍ (၎င်း) ရွှေတို့-မြိတ်တို့အား တာဝန် ပေးထားသော အရပ် ဌာန၌ သာသနာတော်ကြီး ထည်ထွန်းအောင် သူ့အခွံ ပြုရကြလော့)ဟု မိန့်ကြားကာ စေလွှတ် တော်မူပါသည် ဘုရား။

ထိုသို့ ကိုးတိုင်း ကိုးဌာန သတ်မှတ်၍ သာသ နာပြု စေလွှတ်ခဲ့ရာ မြန်မာနိုင်ငံတော်အတွင်းဝယ် အဝန္တတိုင်း ယေနကတိုင်း သုဝဏ္ဏဘူမိအာဏာပြင့် ဌာနပေါင်း သုံးဌာန ပါဝင်ခဲ့ပါသည်ဘုရား။

ဆုတို့ကို ကိုးကွယ်ရန် ပေးသနားတော်မူ၏။ ဤ ကား နှစ်ကြိမ်မြောက် သာသနာတော်ကြီး မြန်မာ နိုင်ငံသို့ ဆင်းသက် ထောက်လာခဲ့ခြင်း ဖြစ်ပါသည် ဘုရား။

မြတ်စွာဘုရား ပဌမဗောဓိ အလွန်ဝါတော် ၂၀ ကျော်လောက်တွင် မြန်မာ နိုင်ငံတော် အထက်ပိုင်း အရပ္ပဒေသတို့၌ ဝါကိုင်ဂါမဏိသား စုဠပုဏ် မဟာ ပုဏ် ညီနောင် နှစ်ဦးတို့သည် အာဠိမျှားစု ထိုက် တန်သော ဓနကုန်ကေျာင်းတော်ကို ဆောက်လုပ် ပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်၍ လျှုဒါန်း ပူဇော်ကြပါသည်၊ ထိုအခါ မြတ်စွာဘုရားသည် (၇) ရက်တိတိလုံး သိတင်းသုံးတော်မူ၍ တရား တော်ကို ဟောကြားတော်မူရာ၊ တရက်တရက်လျှင် လူနှစ် ခြဟ္မာ ဝေနေယျ သတ္တဝါအပေါင်း (၌ စ် သောင်း လေးထောင်) စီ အကျွတ်တရား ရကြ၍ သောတာပန်-သဒါဂါမ် အနာဂါမ်ရဟန္တာ အရိယာ အမြစ်သို့ရောက်ကြပါသည်၊ ဘုရားရှင်တို့ မည်သည် ပစ္စန္တဇာတ်အရပ်၌ အရက်ခပြမဟုတ်သဖြင့် သာဝတ္ထိ ပြည် ဇေတဝန် ကျောင်းတော်သို့ နေစဉ် ပြန်၍ အရက်ခံတော်မူပါသည်။ နောက်ပါရဟန္တာ ငါးရာ နှင့်တကွ အသီးသီး ပြာသာဒ်ယာဉ်ကိစ်၍ ကြွလာ တော် မူသောအခါ လမ်းခရီး အကြွေးဥ သင့်ငွေ တောင်၌ နေသော သင့်ငွေ ရသေ့ကြီးကို တရား ဟောတော်မူရာ ဆင္ဆာတိညရဟန္တာ အမြစ်သို့ ရောက်ပါသည်၊ ခုနစ်ရက်ပတ်လုံး တရားဟောခဲ့၍ ဗုသိဒိန္နေ သုဒ္ဒေးကြီး အစရှိသော ထင်ရှားသော ပုဂ္ဂိုလ် ကြီးတို့လည်း အကျွတ်တရား ရကြပါသည် ဤကား သုံးကြိမ်မြောက် သာသနာတော်ကြီး မြန်မာနိုင်ငံတော်သို့ ဆင်းသက် ထောက်လာခဲ့ခြင်း ဖြစ်ပါသည်ဘုရား။

ဤသို့ သုံးကြိမ်တိုင်အောင် ဆင်းသက်ခဲ့၍၊ မြတ်စွာဘုရား ကွယ်လာတော်မူသောအခါ အကျွတ် တရားရကြလျက် သာသနာတော် ထွန်းကားခဲ့ ပြန်ပါ။ ဤသို့ သာသနာတော်ကြီး ကိုးကွယ်ရန် ပေးသနားတော်မူခဲ့သော ဗြဟ္မာ့ဘုံ နတ်ပြည် ကြီးမှ ဆင်းသက်လာသော ဗြဟ္မာ့ဘုံ နတ်ပြည်ကြီး ကို ပြန်ပြီးသော် ဗြဟ္မာ့ဘုံ နတ်ပြည်ကြီးမှ ဆင်းသက် လာသော ဗြဟ္မာ့ဘုံ နတ်ပြည်ကြီးသို့ ပြန်ပြီးသော် ဗြဟ္မာ့ဘုံ နတ်ပြည်ကြီးမှ ဆင်းသက်

http://www.dhammadownload.com

ထိုပါဝင်သော သုံးဌာန အနက် အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတမထေရ် ကြွလာတော်မူ၍ (အဂ္ဂိခန္ဓူပမသုတ်)ကိုဟောတော်မူရာတရားတော်ကို နာကြားရသဖြင့် (ခုနစ်သောင်း) သောဝေနေယျ သတ္တဝါတို့သည် အကျွတ်တရားကို ရကြပါသည် မင်းမျိုးမှ ယောကျ်ားပေါင်း (တထောင်)ရဟန်းပြုကြ၍ မိန်းမပေါင်း (ခြောက်ထောင်) ရဟန်းပြုကြပါသည်ဘုရား။

ယောနကတိုင်းသို့ မဟာရက္ခိတ မထေရ်ကြွလာတော်မူ၍ (ကာဋ္ဌကာရာမသုတ်)ကို ဟောတော်မူရာ (တသိန်းခုနစ်သောင်း) သောဝေနေယျ သတ္တဝါတို့သည် မဂ်ဖိုလ်ကိုရ၍အရိယာ အဖြစ်သို့ ရောက်ကြပါသည်၊ လူပေါင်း(တသောင်း) ရဟန်းပြုကြပါသည်ဘုရား။

သုဝဏ္ဏဘူမိ သို့ သောဏ မထေရ်နှင့် ဥတ္တရ မထေရ်တို့ ကြွရောက်တော်မူ၍ (ဗြဟ္မဇာလသုတ်) ကို ဟောတော်မူရာ စည်းဝေးရောက်လာ ကြသော တရားနာပရိသတ်တို့သည် သရဏဂုံ သီလ၌ တည်မြဲကြပါသည်၊ (ခြောက်သောင်း) သော ဝေနေယျ သတ္တဝါတို့ အကျွတ်တရား ရကြပါသည်၊ အမျိုးသား(သုံးထောင်ငါးရာ) နှင့် အမျိုးသီး(တထောင်ငါးရာ) တို့သည် ရဟန်း ပြုကြပါသည်ဘုရား။

မြတ်စွာဘုရား လေးဆယ့်ငါးဝါ ပတ်လုံးဟောကြားတော်မူအပ်သော ဒေသနာတော်မှာနိကာယ်ငါးရပ် ပိဋကတ် သုံးဖြာ များစွာပင် ရှိသော်လည်း အဂ္ဂိခန္ဓူပမသုတ် ကာဋ္ဌကာရာမသုတ် ဗြဟ္မဇာလသုတ်တို့မှာ သာသနာတော် သက်ဆင်း တည်မြဲရာ မူလဘူတ ပဓာနသုတ်များဖြစ်၍၊ မြန်မာနိုင်ငံတော် အတွက် အလွန် ကျေးဇူးများသဖြင့် သမိုင်းတင်လောက်သော သုတ်များ ဖြစ်ပါသည်ဘုရား။

ဤသို့ ကိုးတိုင်း ကိုးဌာနတို့တွင် သုံးဌာနအပါအဝင် ဖြစ်သော မြန်မာ နိုင်ငံတော်ကြီးကား တတိယ သံဂါယနာ တင်ပြီးသည်မှစ၍ ယနေ့တိုင်အောင် သံဂါယနာတင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် ယောနက ဓမ္မရက္ခိတမထေရ် မဟာဓမ္မရက္ခိတ မထေရ် သောဏမထေရ်နှင့်ဥတ္တရ မထေရ်စသော ရဟန္တာကြီးတို့တပည့်အဆက်ဆက်တို့သည် ဆင်းသက်ကာ စောင့်ရှောက် ခြီးမြောက်လာခဲ့ကြသဖြင့် ဗုဒ္ဓ သာသနာတော်ကြီးမှာ ဥဒည်တောင်စွန်းတွင် တက်ထွန်းသော ပုဏ္ဏမီ လပြည့်ဝန်းကြီးကဲ့သို့ အစဉ်မပြတ် ထွန်းလင်း တောက်ပလျက် ရှိပါသည်ဘုရား။

သာသနာ တော်ကြီးကို စောင့်ရှောက် ခြီးမြောက်ရာ၌ ရဟန်းတော် များသာ စောင့်ရှောက် ခြီးမြောက် ရသည်မဟုတ်ပါ၊ လူဒါယကာ များကလည်း စောင့်ရှောက် ခြီးမြောက်ကြပါသည်၊ (သာဂါရာ အနာဂါရာစ ဥဘောအညောညနိဿိတာ) ဟု ဟောကြားတော် မူခဲ့သည့်အတိုင်း သာသနာတော်ထမ်း ရဟန်းတော် များနှင့် လူဒါယကာများမှာ သာသနာတော်ကြီးကို စောင့်ရှောက် ခြီးမြောက်ကြရာ၌ (ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ)ဆိုသကဲ့သို့ တဦးနှင့်တဦး အမှီတံကဲ သဟဲပြုကာစောင့်ရှောက် ခြီးမြောက် ကြရမြဲ ဖြစ်ပါသည်၊ ပဌမ သံဂါယနာမှစ၍ ပဋ္ဌမ သံဂါယနာ တိုင်အောင် ရဟန်းတော်များနှင့် သာသန ဒါယကာ မင်းများ တွဲဘက်၍ တင်ခဲ့သည်မှာ အလွန် ထင်ရှားသဖြင့် ယုံမှားဘွယ် မရှိသော သက်သေ သာဓကကြီးဖြစ်ပါသည်ဘုရား။

သို့ရာတွင် လူဒါယကာ များမှာ ဈရာဝါသ ကိစ္စများပြား လှသဖြင့် အခွင့်ရသော အချိန်အခါ လောက်သာ သာသနာတော်ကြီးကို စောင့်ရှောက် ခြီးမြောက် နိုင်ကြပါသည်။ ရဟန်းတော် များမှာ ကား သာသနာတော်ထမ်း ဖြစ်သည့်အလျောက် သာသနာတော်ကြီးကို စောင့်ရှောက် ခြီးမြောက်ခြင်း လုပ်ငန်းကိစ္စ တခုသာရှိ၍ အမြဲတန်း စောင့်ရှောက် ခြီးမြောက် နိုင်ကြပါသည်ဘုရား။

ရဟန်းတော်များ၏ လုပ်ငန်းကိစ္စမှာလည်း

(၁) ဂန္ထဓုရလုပ်ငန်း

(၂) ဝိပဿနာခုရလုပ်ငန်းဟု လုပ်ငန်းနှစ်မျိုး ရှိပါသည်။

ဂန္ထဓုရ လုပ်ငန်းမှာ ပိဋကတ်တော်တို့ကို သင်အံ ပို့ချခြင်း မပျောက်မပျက်ရအောင် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်၊ ဝိပဿနာခုရ လုပ်ငန်းမှာ အရဟတ္တဖိုလ်ဆိုက်ရောက်၍ ရဟန်းကိစ္စပြီးမြောက်အောင် ဝိပဿနာဘာဝနာကို ပွါးများ အားထုတ်ခြင်း ဖြစ်ပါသည်၊ ထိုလုပ်ငန်း နှစ်မျိုးမှ တပါးအခြား လုပ်ငန်း ကိစ္စ များမှာ ရဟန်းတော်များ အတွက် မဂ်ဖိုလ်၏ အနှောက်အယှက် ပလိဗောဓ ကိစ္စမျှသာ ဖြစ်ပါသည်ဘုရား။

ရဟန်းတော်များနှင့် လူဒါယကာများတွဲဘက်၍သာသနာတော်ကြီးကို စောင့်ရှောက်ခြီးမြောက်ကြရာဝယ် ပဌမ သံဂါယနာ တင်ပြီးသောအခါမှ တတိယ သံဂါယနာ တင်သည့်အခါတိုင်အောင်ငင်း တတိယ သံဂါယနာ တင်ပြီးသော အခါမှ ပဋ္ဌမ သံဂါယနာတင်သည့်အခါတိုင်အောင်ငင်း နှစ်ပေါင်း (၂၅၀၀)အချိန်ကာလ အတွင်း၌ ရဟန်းတော်များ ဘက်က ကြည့်လျှင် ပဌမသံဂါယနာတင် အရှင် မဟာကဿပ-တတိယ သံဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ပဋ္ဌမသံဂါယနာတင် အရှင် ဥေယျဓမ္မ အရှင်ဇာဂရ အစရှိသော ပိဋကတ်သုံးပုံ ဆောင် ရဟန္တာမထေရ်ကြီးများနှင့် ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ္မာတော်မူကြသော အရိယာတို့ အနွယ်မှ ဆင်းသက်လာကြသည့် သမျုတိ သံဃာတော် မထေရ်ကြီးတို့၏ တပည့် အဆက်ဆက်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ပစ္စယာ နဂ္ဂဟ ဓမ္မာနဂ္ဂဟဖြင့် စောင့်ရှောက်ခြီးမြောက်ခဲ့ကြပါသည်။ လူဒါယကာများဘက်ကကြည့်လျှင် အဇာတသတ်မင်း သီရိဓမ္မာသောကမင်း မင်းတုန်းမင်း စသော ဣန္ဒိယ-မွန်-မြန်မာ-ရခိုင် စသော သာသနဒါယကာ မဟာဓမ္မရာဇ်မင်းကောင်း မင်းမြတ်များနှင့် တိုင်းသူပြည်သားသာသနဒါယကာများလည်း မိမိတို့နှင့် သက်ဆိုင်ရာ ပစ္စယာနဂ္ဂဟ ဓမ္မာနဂ္ဂဟဖြင့် စောင့်ရှောက် ခြီးမြောက် ခဲ့ကြပါသည်။ ထိုသို့ ရဟန်းတော်များနှင့်လူဒါယကာများသည်မိမိတို့အပေါ်၌ ကျရောက် လာသော တာဝန်ကို ကျေပြန်အောင် ဆောင်ရွက် စောင့်ရှောက် ခြီးမြောက်ခဲ့ကြသဖြင့် ပဋ္ဌမ သံဂါယနာ တင်သည်တိုင်အောင် သာသနာတော်ကြီး မပျက်စီးဘဲ တည်ရှိခဲ့ပါသည်ဘုရား။

ပဋ္ဌမသံဂါယနာ တင်ပြီးနောက် (၁၂၄၇)ခုနှစ်သို့ ရောက်သောအခါ ဗုဒ္ဓဘာသာ မြန်မာမင်းများ မရှိသော်လည်း အင်္ဂလိပ်မင်းတို့သည်(၁၂၅၇)ခုနှစ်မှစ၍ ပိဋကတ်တော်ဆိုင်ရာ ပါဠိဘာသာစာမေးပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့ခြင်း၊ ပိဋကတ်အရာ၌ကျွမ်းကျင် လိမ္မာသော ဆရာတော် သံဃာတော်အဆက်ဆက်တို့လည်း ပိဋကတ်တော် တို့ကို သင်အံ ပို့ချ ဆောင်ရွက် ခဲ့ခြင်း၊ တိုင်းသူ ပြည်သား သာသန ဒါယကာဖြစ်ကြသော မြန်မာမွန်-ရှမ်း-ချင်း-ကချင်-ကရင်-ရခိုင်-ကယား တို့လည်း အင်အား ရှိသမျှ ပစ္စည်းလေးပါးဖြင့် ခြီးမြောက်ခဲ့ကြခြင်းတို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေး ရရှိသည် တိုင်အောင် သာသနာတော်ကြီး တည်မြဲခဲ့ပါသည်ဘုရား။

လွတ်လပ်ရေး ရရှိသည့်တိုင်အောင် သာသနာတော်ကြီး တည်မြဲခဲ့သော်လည်း၊ သာသနဒါယကာ မင်းနှင့် ကင်းကွာခဲ့သည်မှာ နှစ်ပေါင်း(၆၈)နှစ်မျှ ကြာရှိသဖြင့် အလဇ္ဇီဒုဿီလမိစ္ဆာဝါဒ သာသန အညစ်အကြေးတို့ တဖြည်းဖြည်း စွန်းထင်းလျက် ရှိရကား အရောင်အဝါ ထွက်သင့်သလောက်မထွက်ဘဲ မှေးမှိန်ခဲ့ရပါသည်၊ ထိုအခါ သာသနာတော်ထမ်း ဖြစ်ကြသော ဆရာတော် သံဃာတော်များသည်ငင်း၊ သာသန ဒါယကာ ဖြစ်ကြသော ပြည်ထောင်စု အစိုးရနှင့် လူထုကြီးတရပ်လုံးသည်ငင်း၊

http://www.dhammadownload.com

အရောင်အဝါမထွက်ဘဲ မှေးမှိန်နေသော သာသနာတော်ကြီးကို အရောင်အဝါထွက်လျက်တကမ္ဘာလုံး ထွန်းလင်းတောက်ပလာအောင် ကြံစည်အားထုတ်ကြရာ—

(၁) အညစ် အကြေးကို ဆေးကြော သုဓ်သင်ခြင်း။

(၂) ခြီးမြှောက်ခြင်း လုပ်ငန်း နှစ်မျိုးကို တွေရှိကြပါသည်။

ထိုလုပ်ငန်း နှစ်မျိုးကို ပြုလုပ် ဆောင်ရွက်ရာဝယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၌ ယခုအခါ အာဏာဖြင့် အုပ်ချုပ် စီမံရသော ခေတ်မဟုတ်ပါ၊ တရားဥပဒေဖြင့် အုပ်ချုပ် စီမံရသော ခေတ်အခါ ဖြစ်သည့်အလျောက် သာသနာရေးဆိုင်ရာ အောက်ပါ ဥပဒေများကို ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်ဘုရား၊ ထိုဥပဒေများမှာ—

(၁) ဝိနိစ္ဆယ ဌာန အက်ဥပဒေ

(၂) ယာယီ ဝိနိစ္ဆယဌာန အက်ဥပဒေ

(၃) ပါဠိတက္ကသိုလ် နှင့် ဓမ္မာစရိယ အက်ဥပဒေ

(၄) ပါဠိ ပညာရေး အဖွဲ့ အက်ဥပဒေ

(၅) ဗုဒ္ဓသာသနာ အဖွဲ့ အက်ဥပဒေ

ဟူ၍ ငါးမျိုး ဖြစ်ပါသည်။

ထိုအက်ဥပဒေမျိုးတို့တွင် ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ယာယီ ဝိနိစ္ဆယ ဌာန အက်ဥပဒေများမှာ တနိုင်ငံလုံး ဝိနိစ္ဆယ ဌာန ရုံးများ ဖွင့်လှစ်ကာ သာသနာတော်ဝယ် ဖြစ်ပေါ်လာသော အဓိကရုဏ်း ဟူသမျှကို ဓမ္မကံကျအောင် စီရင် ဆုံးဖြတ်ရသော ဥပဒေများ ဖြစ်၍ အလဇ္ဇီဒုဿီလမိစ္ဆာဝါဒ သာသန အညစ်အကြေးတို့ကို စင်ကြယ်သန့်ရှင်းအောင် ဆေးကြော သုဓ်သင်ရသော ဥပဒေများ ဖြစ်ပါသည် ဘုရား။

ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပညာရေးအဖွဲ့ အက်ဥပဒေများမှာ၊ တနိုင်ငံလုံး ပဌမပြန် စာမေးပွဲ ကျင်းပခြင်း ပါဠိတက္ကသိုလ် ကျောင်းကြီးတွေ ထူထောင်၍ ဓမ္မာစရိယစာချတန်း စာမေးပွဲ ကျင်းပခြင်းများကို ပြုလုပ်ကာ ပိဋကတ်အရာ လိမ္မာ ကျွမ်းကျင်သော ဓမ္မာစရိယများ ထွက်ပေါ်လာအောင် ခြီးမြှောက်သောဥပဒေများ ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓသာသန အက်ဥပဒေမှာ၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့၌ အစိုးရနှင့် နိုင်ငံတော်လူထု၏ ကိုယ်စားပြုကာ အရာဌာနအားလျော်စွာ စီမံ ဆောင်ရွက်ရသော ဥပဒေ ဖြစ်ပါသည်ဘုရား၊ ယခုအခါ ထိုအက်ဥပဒေ ငါးမျိုးဖြင့် သာသန အညစ်အကြေးကို ဆေးကြော သုဓ်သင်ခြင်း ခြီးမြှောက်ခြင်း လုပ်ငန်း နှစ်မျိုးလုံးကိုဆောင်ရွက်လျက် ရှိပါပြီဘုရား။

အထူးအားဖြင့် မူလဘုတ အခြေခံ ပဓာန ဖြစ်သော ပရိယတ္တိ သာသနာ ပိဋကတ်တော်တို့မှာ အရေးအကြီးဆုံး ဖြစ်ပါသည်၊ ပိဋကတ်တော်တို့၌ ပုဒ်-ပါဒ် အကွရာ လွဲမှားပါလျှင်၊ အနက်လွဲမှားပါသည်။ အနက် လွဲမှားပါလျှင် အဓိပ္ပါယ် အယူအဆ လွဲမှားပါသည်။ အဓိပ္ပါယ် အယူအဆ လွဲမှားပါလျှင်၊ ကျင့်ဝတ် ပဋိပတ်လမ်းစဉ် လွဲမှားပါသည်၊ ကျင့်ဝတ် ပဋိပတ် လမ်းစဉ် လွဲမှားပါလျှင်၊ မက်-ဖိုလ် နိဗ္ဗာန်ကို မရနိုင်ပါ၊ သို့အတွက် ပိဋကတ်တော်၌ ပုဒ်-ပါဌ်-အကွရာ မှန်ကန်ကျနဘို့ အရေးကြီးပါသည်ဘုရား။

ပုဒ်-ပါဌ်-အကွရာ မှန်ကန် ကျနဘို့မှာလည်း ပဌမ သံဂါယနာတင် အရှင်မဟာ ကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်အနရုဒ္ဓါ အစရှိသော ရဟန္တာကြီးများမှ ဆင်းသက် လာ၍ ပိဋကတ်အရာ လွန်စွာ ကျွမ်းကျင် လိမ္မာသော ဆရာတော် သံဃာတော်များ၊ သီလဝန္တ သိက္ခာကာမ ဖြစ်သောဆရာတော် သံဃာတော် များနှင့် ပါဠိတက္ကသိုလ်ဘွဲ့ရ ဓမ္မာစရိယ ဆရာတော်များ ထင်ရှား ရှိနေသဖြင့် ပုဒ်- ပါဌ်- အကွရာ မှန်ကန် ကျနဘို့ ဝန်မလေးပါဘုရား။

ဤဆဋ္ဌသံဂါယနာ ဟောစမ္မသဘင်ကြီးကိုဆင်ယင် ကျင်းပနေသော ကောင်းမြတ်သည့် မင်္ဂလာအခါဝယ်ဖြိုတီသျှ နိုင်ငံ ကေရီ ဘုရင်မကြီး၏အစိုးရက ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများ ဆောင်ရွက်ကြသော ဤမဟာ စမ္မသဘင်ကြီး အတွက် ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရသို့ မင်္ဂလာသြဘာစကားများ ပို့သပါသည်၊ ဗုဒ္ဓဘာသာတရား တော်များကို ပိုမို ကျယ်ပြန့်စွာ နားလည်မှု ရရှိစေရန် ရည်မှန်း၍ ကျင်းပအပ်သော ဤမဟာစမ္မသဘင်ကြီးသည် အပြီးတိုင် အထင်မြင်ကော် အောင်မြင်ပါစေသတည်းဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ဤစမ္မသဘင်ကြီးတွင် ပါဝင်ဆင်နွှဲလျက်ရှိကြသော နိုင်ငံ အသီးသီးမှ လူမျိုး အချင်းချင်း တို့၏ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရေး များကို ထောက်ပံ့ အားပေး စေလိမ့်မည်ဟု ယုံကြည်စိတ် ချပါကြောင်း။

MESSAGE FROM HER MAJESTY'S GOVERNMENT TO THE GOVERNMENT OF THE UNION OF BURMA ON THE OCCASION OF THE INAUGURATION OF THE SIXTH BUDDHIST COUNCIL.

On the occasion of the inauguration of the Sixth Buddhist Synod, Her Majesty's Government in the United Kingdom offer their felicitations to the Government of the Union of Burma on the holding of this great Council of Theravâdin Buddhist countries and express their sincere good wishes for the success of the Synod in its work for the wider understanding of Buddhism. They feel confident that the work of this great assembly will strengthen the cultural links between the participating countries and foster goodwill among people.

http://www.dhammadownload.com



ဗြိတိသျှ နိုင်ငံတော် ဘုရင်မ၏ ဆဝကာ လွှာကိုအထူးသံအမတ် မစ္စတာဂိုးဘုသ်က ဘတ်ကြားနေပုံ

Mr. P. H. Gore-Booth, Ambassador Extraordinary and Plenipotentiary, reading the Message from Her Majesty's Government of United Kingdom of Great Britain.

http://www.dhammadownload.com



နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယညီလာခံကြီး နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိ သုဓမ္မဦးသိမ်း မောင်က အနာဂတ် သာသနာတိုးတက် စည်ကား ဖွံ့ဖြိုးရေး အတွက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ရည်ရွယ်ချက် လုပ်ငန်း စသည် များကို လျှောက်ထားနေပုံ

Thado Thiri Thudhamma U Thein Maung, Chief Justice of the Union and Vice-President of the Union Buddha Sāsana Council delivering an address of veneration with regard to the propagation and the maintenance of the Buddha Sāsana.

http://www.dhammadownload.com

ဦးဝိစိတ္တသာသနာတော်မှ ဒုတိယဥက္ကဋ္ဌ သင်္ဃနာယကဆရာတော်ကြီး၏ ဓမ္မာဝက်ကြားဒေသနာ

နှဿက ဆရာတော်ဘုရားကြီး၏ ခွင့်ပြုတော်မူချက်အရ မြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအမွှေ၏ အနာဂတ် သာသနာရေး အစီအစဉ် များကို အကျဉ်း အားဖြင့် တပည့်တော် ဖွိသေစ္စာ လျှောက်ထားပါမည် ဆရာတော် အရှင် သူမြတ်များဘုရား။

မြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှာ ပဋိဂကတ် သုံးပုံ ပါဠိတော် များကို သံဂါယနာတင်သည့် အပြင် အဋ္ဌကထာနှင့် ဋီကာ ကျမ်းစာများကိုလည်း သုခ်သင် ပြင်ဆင်၍ ဆရာတော်များထံ တင်ပြပြီး အတည်ပြု လက်တော် မူချက်ကို ရရှိသော အခါ ပုံနှိပ်ဖြန့်ချိရန် အစီအစဉ် ရှိပါသည်။ သို့ အစီအစဉ် ရှိသည့်အတိုင်း သက်ဆိုင်ရာ ပါဠိဝိသောဓက အမွှေများကို လျှောက်ထားခဲ့၍ ထိုအမွှေများက အဋ္ဌကထာနှင့် ဋီကာ ကျမ်းစာ အများကို သုခ်သင်၍ ပေးပြီး ဖြစ်ပါသည်။ ကျန် အဋ္ဌကထာနှင့် ဋီကာကျမ်းစာများကိုလည်း သက် ဆိုင်ရာ ပါဠိ ဝိသောဓက အမွှေများက မကြာမြင့်မီ သုခ်သင်၍ ပေးကြပါလိမ့်မည်။ ပါဠိဝိသောဓက အမွှေဝင် ဆရာတော်များသည်လည်း ပဋိဂက ပါဠိ တော်များကို သုခ်သင် ပြင်ဆင်၍ ပြီးတော်မူကြ သောအခါ အဋ္ဌကထာနှင့် ဋီကာ ကျမ်းစာများ ကိုဆက်လက်၍ သုခ်သင် ပြင်ဆင်တော် မူကြပါ လိမ့်မည်။

ထိုမှတပါး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှာ ပဋိဂက ပါဠိတော် ကျမ်း စာ အားလုံးကို မြန်မာ ဘာသာဖြင့် ပြန်ဆိုပြီး မြန်မာ ဘာသာပြန်များကို ဆရာတော် များထံ တင်ပြ၍ လက်တော် မူချက်ကို ရရှိသော အခါ ပုံနှိပ်ဖြန့်ချိရန် အစီအစဉ် ရှိသည်အတိုင်း အဂ္ဂမဟာသဗ္ဗညုတ ဒေါက်တာဦးလင်း ကြီးမှူးသော ဓမ္မာစရိယများ၏ အမွှေက ပဋိဂက ပါဠိတော်များကို မြန်မာ ဘာသာ ပြန်ဆိုကြပါသည်၊ ထို မြန်မာပြန်များကို ဝေါဟာရ အမွှေက စီစစ်ပါသည်၊ ထို့နောက် မြန်မာ ဝိသောဓက ဆရာတော်များ အမွှေက ထပ်မံ စီစစ် ပါသည်။ သို့ စီစစ်၍ ပြီးသော မြန်မာပြန် စာမူ များကို ဆရာတော်များထံ တင်ပြရပါဦးမည်၊ ပြီးမှ ၎င်းတို့ကို ပုံနှိပ်ဖြန့်ချိရပါမည်။

ထိုမှတပါး မြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှာ ဒီဟောင်း ဇနတ္ထပကာသနီ၊ တထာဂတ ဥဒါနဒီပနီ အစရှိသော မြတ်စွာ ဘုရား၏ အတ္ထုပ္ပတ္တိ ကျမ်းစာများထက် ကျယ်ဝန်း ပြည့်စုံသော ဗုဒ္ဓဝင် ကျမ်းကြီးကိုလည်း မြန်မာ ဘာသာဖြင့် ပုံနှိပ်ဖြန့်ချိရန် အစီအစဉ် ရှိပါသေး သည်။ သို့ အစီအစဉ် ရှိသည့်အတိုင်း အဂ္ဂမဟာ ဟတ္ထိတ ဒေါက်တာဦးလင်း ကြီးမှူးသော ဗုဒ္ဓဝင် အမွှေက ဗုဒ္ဓဝင် ကျမ်းကြီးကို စီစဉ်ရေးသားလျက် ရှိပါသည်၊ ထို ကျမ်းစာမူကိုလည်း ဆရာတော်များ ထံ တင်ပြ၍ ဆရာတော်များ၏ သဘောတူ လက်ခံ တော်မူချက်ကို ရရှိသော အခါမှ ပုံနှိပ် ဖြန့်ချိ ရမည် ဖြစ်ပါသည်။

သည်မျှသာ မကသေး၊ မြည်ထောင်စု မြန်မာ နိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှာ နိကာယ ၅-ရပ် ပါဠိတော် အားလုံးကို ဖြဲ့မိသော ပါဠိ မြန်မာ့ အဘိဓါန်စာအုပ်ကြီးတခု ဖြစ်မြောက်အောင် စီစဉ် ၍ ပုံနှိပ်ဖြန့်ချိရန်လည်း အစီအစဉ် ရှိပါသည်။ သို့ အစီအစဉ် ရှိသည့် အတိုင်း ပါဠိ ဆရာများသည် နိကာယ် ၅-ရပ် ပါဠိတော်များမှ ပါဠိပုဒ် များကို ထုတ်၍ စုဆောင်း နေကြပါသည်။

ဗုဒ္ဓဝင် ကျမ်းစာအုပ်ကြီး ပြီးသည့်အခါ မြတ် စွာဘုရား ဟောကြားတော် မူခဲ့သော တရားတော် များကို အကျဉ်းချုံး၍ ဖေါ်ပြပါရှိသော ပဋိဂက် အရသာ ကျမ်းစာအုပ်ကြီးကို ၎င်း၊အရှင် မဟာ သာရိပုတ္တရာ၊ အရှင် မဟာ မောဂ္ဂလန်၊ အရှင်မဟာ ကဿပ အစရှိသော အဂ္ဂသာဝက မဟာ သာဝက ကြီးများ၏ ထေရပ္ပတ္တိ စာအုပ် များကိုလည်းစီစဉ် ၍ ပုံနှိပ်ဖြန့်ချိရန် အစီအစဉ် ရှိပါသေးသည်။

ဆဋ္ဌသံဂါယနာတင်ကိစ္စကြီး အောင်မြင်ပြီးဆုံး ပြီးသည့်နောက် ဆဋ္ဌသံဂါယနာ ဆိုင်ရာ အဓိဆာက် အဦများကို မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာ တော် အတွက်ပင်လျှင် နိုင်ငံတော် ဗုဒ္ဓသာသနာ အကြီးပွဲက ဆက်လက်၍ အသုံးပြုပါမည်။ထိုအခါ ၅ဆဋ္ဌသံဂါယနာတင်ရာဌာနသည်၊ မြည်ထောင်စု မြန်မာ နိုင်ငံတော် အတွက် သာမဟုတ်ဘဲ ထေရ ဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံအားလုံးမှ ပရိယတ္တိအလုပ် အားထုတ်သူ အားလုံးတို့၏ မိုဘို အားထားရာကြီး တခု ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာဝင် အားလုံးတို့ဂုဏ် ယူလေဂက်အောင် ပညာတန်ဆောင် ထွန်းပြောင် နိုင်စေမည့် ဌာနကြီးတခု ဖြစ်၍ လာလိမ့်မည်ဟု နိုင်ငံတော် ဗုဒ္ဓသာသနာအမွှေကြီးက ယုံကြည်မြော် လင့်ပါသည်။

ယခု ဆဋ္ဌသံဂါယနာကို အကြောင်းပြု၍ ထေရ ဝါဒ ဗုဒ္ဓဘာသာဝင် နိုင်ငံများ အချင်းချင်း ကူညီ ယိုင်းပင်းခဲ့ကြပုံ၊ ယခု ဆဋ္ဌသံဂါယနာတွင် ထေရ ဝါဒ ဗုဒ္ဓဘာသာဝင် နိုင်ငံအားလုံး ပါဝင် ဆင်နွှဲ ကြပုံ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော နိုင်ငံများက ပင်လျှင် သဝဏ်လွှာများ ပေးပို့ခြင်း၊ ကိုယ်စား လှယ်များ စေလွှတ်ခြင်း စသည်တို့ဖြင့် အားပေး ချီးမြှောက်ကြပုံတို့ကို ထောက်ဆသော အားဖြင့် ဤဆဋ္ဌသံဂါယနာသည် ကေန်မုချ အောင်မြင်ရ မည် ဟူ၍ဆင်း၊ မြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီး၏ အခြားအစီအစဉ်များ လည်း အောင်မြင်ရမည် ဟူ၍ဆင်း၊ သံဂါယနာတင် ကိစ္စ အောင်မြင်ပြီးဆုံးပြီးသည့်နောက် ဤသံဂါ ယနာ တင်ရာ ဌာနသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင် နိုင်ငံအားလုံးတို့အတွက် ကြက်သရေဆောင် ပရိ ယတ္တိဌာန သာသနာရေး သုတေသန ဌာနကြီးတခု ကေန်မုချ ဖြစ်ရမည် ဟူ၍ဆင်း၊ နိုင်ငံတော် ဗုဒ္ဓ သာသနာ အမွှေကြီးက ယုံကြည် မြော်လင့်ပါသည်။

အထက်ပါ ပရိယတ္တိသာသနာတော် ကိစ္စများ အပြင် နိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှ မြည် တွင်း မြည်ပ သာသနာ ပြန့်ပွါး ထွန်းကားရေး အတွက် ဓမ္မဒူတ ပုဂ္ဂိုလ်များစေလွှတ်ရန် အစီအစဉ် များ ရှိပါသည်။ ယခုပင် နိုင်ငံတော် ဗုဒ္ဓသာသနာ အမွှေကြီးမှာ မြန်မာ နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အမွှေချုပ်နှင့်တောင်တန်းသာသနာပြု အမွှေမှတဆင့် ၎င်းတို့စခဲ့သော တောင်တန်း သာသနာပြုကိစ္စကြီး

http://www.dhammadownload.com

ကိုဝင်း၊ အာသံပြည် သာသနာပြု ကိစ္စကြီးကိုဝင်း ဆက်လက်၍ ဆောင်ရွက်နေပါသည်၊ အခြားနိုင်ငံ များသို့ ဓမ္မဒူတ ဟိုရိုလ်များ စေလွှတ် နိုင်ရန်လည်း ကျေဆင္ခ သံဃာနာဌာန ကမ္မဘာ စေတီတော် အနီး မှာပင် ဓမ္မဒူတ ဝိဇ္ဇာလယ ကျောင်းကြီးကိုပင့်၍ ဓမ္မာစရိယဘွဲ့ ရပြီးပုဂိုလ်များ အား အင်္ဂလိပ်ဘာ သာနှင့် ဟိန္ဒူဘာသာ များကို သင်၍ ပေးနေပါ သည်။ နိုင်ငံခြား ဗုဒ္ဓဘာသာ အသင်း အဖွဲ့များနှင့် ပိဋကတ်တိုက်များသို့ လိုအပ်သော အကူအညီများ ပေးခြင်း၊ နိုင်ငံခြားမှ မြန်မာပြည်သို့ လာရောက်၍ ရဟန်း ခံလိုသူ၊ ကျမ်းစာများကို သင်ကြား လေ့ လာလိုသူ၊ တရား အားထုတ်လိုသူ များအား အပ်သော အကူအညီများ ပေးခြင်း၊ အင်္ဂလိပ်ဘာ သာပြင့် ဓမ္မရောင်ခြည် မဂ္ဂဇင်းနှင့် သံဃာနာ စာ စောင်များ ထုတ်ဝေဖြန့်ချိခြင်း စသည်တို့ဖြင့် နိုင်ငံ ခြားများသို့ မြတ်စွာဘုရား၏ သာသနာတော် ပြန့် ပွါးအောင် စီမံ ဆောင်ရွက်လျက် ရှိပါသည်။ ယခု ပဌမကျော်ဦးသေဋ္ဌိလ အရှင်မြတ်သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့အတွက် ဓမ္မဒူတ အဖြစ်နှင့် ဩစတေလိယ ပြည်သို့ကြွရောက်ပြီး မြတ်စွာဘုရား တရား ဒေသနာတော်များကို ဟောကြားလျက် ရှိပါသည်။

ယခု ဆဋ္ဌသံဂါယနာ ပဌမသန္နိပါတသို့ အိန္ဒိယ ပြည်နှင့် နီပေါပြည်မှ ကြွလာတော် မူကြသော ရဟန်းတော်များ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ နှင့်လည်း ထိုနိုင်ငံများတွင် သာသနာတော် တိုး တက် ပြန့်ပွါးရေးအတွက် တိုင်ပင် ဆွေးနွေးရန် အစီအစဉ်များ လုပ်၍ ထားပါသေးသည်။

အချုပ်အားပြင့် လျှောက်ထားရသော်၊ ဆဋ္ဌ သံဂါယနာကို အကြောင်းပြု၍ ထေရဝါဒ ဗုဒ္ဓဘာ သာဝင် နိုင်ငံ အားလုံး စည်းရုံးညီညွတ်ကြပြီးလျှင် မြတ်စွာ ဘုရား၏ သာသနာတော် တာရှည်တည် ပြန့်ပွါး တိုးတက်အောင် ဆောင်ရွက် နိုင်လိမ့်မည် ဟု နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးက ယုံကြည် မြော်လင့်ပါသည်။

သို့ ယုံကြည် မြော်လင့်သည့် အတိုင်း မြစ် မြောက် အောင်မြင်အောင် ဆရာတော်ဘုရားများ ကလည်း ဆုတောင်း မေတ္တာ ပို့သလျက် အာဂက် ဘက်မှ ဆက်လက်၍ ကူညီ ဖေးတော် မူကြပါရန် တပည့်တော် ရှိသေစွာ ရှိခိုးလျှောက်ထား ပါသည် ဘုရား။

ဧနသာသနံ စိရံတိဋ္ဌတု

ADDRESS OF VENERATION DELIVERED BY THADO THIRI THUDHAMMA U THEIN MAUNG, VICE-PRESIDENT OF THE UNION BUDDHA SĀSANA COUNCIL IN REGARD TO THE WORKS AND PROJECTS OF THE UNION BUDDHA SĀSANA COUNCIL FOR THE PROGRESS OF THE BUDDHA'S SĀSANA

Most respectfully. Bhante,

With the permission of the presiding Mahāthera I most respectfully inform that the Union Buddha Sāsana Council has proposed besides the Recital of the revised Tipiṭaka at the present Saṅgāyanā, to revise all the relevant Commentaries and Sub-commentaries, and to publish them after obtaining the approval of the responsible learned Mahātheras. Accordingly, some of the Text Editing Groups have already edited some of the Aṭṭhakathās and Ṭīkās, and the remaining ones will be edited by the other Text Editing Groups. After the re-editing and the scrutiny of the Text, the Mahātheras working on the Text Re-editing Groups will re-edit and scrutinise these Commentaries and Sub-commentaries.

The Union Buddha Sāsana Council has also a proposal to publish the Burmese Translations of the Tipiṭaka. The Burmese Translations Bureau comprising Dhammācariyas (Graduates in the Pāli Lecturership Examinations) and headed by Dr. U Lin, *Agga Mahā Pandita*, D.Litt. have translated the whole of the Tipiṭaka. These translations are being examined by the Words Selecting Committee and also re-edited and scrutinised by the Burmese Translations Re-editing Groups. Finally, they will have to obtain the approval of the responsible learned Mahātheras before publication.

The Union Buddha Sāsana Council is also arranging to publish a fully descriptive treatise on the "Life of the Buddha" (Buddhavaṃsa), which treatise will be more descriptive than the "Jinaṭṭha-pakāsanaṃ" and the "Tathāgata-udāna-dīpāni". This treatise will be published in Burmese, and as such a group of learned persons headed by Dr. U Lin, *Agga Mahā Pandita* is preparing for this, and when completed it will be scrutinised by the responsible learned Mahātheras before publication.

Not only that. The Union Buddha Sāsana Council has a proposal to bring out a Burmese edition of Pāli Concordance which will refer to the whole of the Tipiṭaka or Five Nikāyas. The Pāli editors are now compiling the materials for the same.

It is also Projected to publish the following books in Burmese after the publication of the "Life of the Buddha":-

(1) Essence of the Teachings of the Buddha in Burmese.
(2) Biographies of Arahants Mahā Sāriputta, Mahā Moggallāna and Mahā Kassapa.

The Union Buddha Sāsana Council intends that, after the conclusion of the present Chaṭṭha Saṅgāyanā, all these buildings now used for the Saṅgāyanā will be used for the propagation of the Buddha-Dhamma. At that time, this place where the Great Council is now being held will become a centre for Advanced Buddhistic studies, not only for the Union of Burma, but also for all Theravādin countries, and the Union Buddha Sāsana Council expects that this place will become a very important International centre —a centre which will be world-renowned in advanced Buddhistic studies and also a pride to all Theravādin countries.

By judging the amount of help given by all Theravādin countries in the preparations for the holding of this Great Buddhist Council, the participation of all Theravādin countries in this Saṅgāyanā, the sending of delegates from all Buddhist countries and the sending of messages and congratulatory letters from even the non-Buddhist countries, the Union Buddha Sāsana Council believes that this Chaṭṭha Saṅgāyanā must come to a successful conclusion, that the projects of the Sāsana Council must be accomplished and that in future this place must become a Research Buddhist Centre which will be the pride of all Theravādin countries.

http://www.dhammadownload.com

U THEIN MAUNG'S SPEECH—*Concld.*

In addition to the above the Sāsana Council has also projects for the propagation of the Buddha-Dhamma both in the Union of Burma and abroad. Even now the Sāsana Council is doing propagation work in Assam and also in the Hill Tracts Region of Burma, where the All-Burma Buddhist Association and the Burma Hill Tracts Missions Organisation have commenced work. With a view to sending out Buddhist Missionaries to foreign countries, the Dhammadūta College has been opened at the Kabā-Aye (World Peace) Pagoda. There those who have passed the Lecturership Examinations in Pāli are trained in English and Hindi by competent teachers. Besides, the Sāsana Council is giving the necessary help to the Buddhist Organisations and Libraries in foreign countries, also helping those foreigners who desire to come to Rangoon and practise Vipassanā here, and also publishing periodicals, such as "The Light of the Dhamma" and "The Sangāyanā Monthly" for the propagation of the Buddha-Dhamma. Recently, under the auspices of the Sāsana Council, the Venerable U Thittila went to Australia to propagate the Teaching of the Buddha there.

Arrangements have also been made to have informal meetings with the delegates from Nepal and India to discuss matters relating to the promotion of the Buddha's Sāsana.

In brief, the Sāsana Council believes that the result of the holding of the Chaṭṭha Sangāyanā will be to obtain more co-operation and collaboration of all Theravādin countries and that they will be able to strive best for the progress of the Buddha's Teachings.

In conclusion, I most respectfully and humbly request that all the venerable Mahātheras and Theras present here will tend their Mettā to all sentient beings and that they will help us in every way.



သီဟိုဠ်ဆရာတော် ဘဒန္တပဏ္ဍိတအာနန္ဒာမေတ္တေယျ
Ven. Bhaddanta Ānanda Metteyya of Ceylon

သီဟိုဠ်ဆရာတော် ဘဒန္တပဏ္ဍိတအာနန္ဒာမေတ္တေယျ၏ သန္ဒေသကထာ

ရာဇဝင်တွင် မှတ်တမ်း တင်ရမည့် တင့်တယ်ခမ်းနားလှသည့် မဟာခမ္မသဘင်ကြီးသို့လာရောက် ဆင်နွှဲရပါသဖြင့် ကျွန်ုပ်တို့ အဆူးပင် ဝမ်းမြောက်လှပါသည်၊ ဤမဟာ ခမ္မသဘင်ကြီးမှာ ခြောက်ကြိမ်မြောက် အစည်း အဝေးကြီး ဖြစ်ပါသည်၊ သာသနာဝင်ကျမ်းများအရ ယခု မဟာခမ္မသဘင်တော်မီ သင်္ဂါယနာတင် ခမ္မသဘင်ပွဲကြီးများ ငါးကြိမ် ဆင်ယင် ကျင်းပပြီးခဲ့ပါပြီ။

ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွှန်တော်မူပြီး သည့်နောက် သုံးလ အကြာ၌ ရဟန္တာ ငါးရာတို့ စုဝေး၍ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓဒေသနာတော်တို့ကို ရွတ်ဘော် သရဇ္ဈာယ်ပြုကြ၍ ပဌမ သင်္ဂါယနာ တင်တော်မူကြပါသည်။

ဒေသာလီ ပြည်၌ ရဟန္တာ ခုနစ်ရာ တို့သည် ဒုတိယ သင်္ဂါယနာ တင်တော် မူကြပါသည်။ ဗုဒ္ဓ သက္ကရာဇ် ၂၂၀-ခုတွင် ပါဋလိပုတ်ပြည်၌ ရဟန္တာ တထောင်တို့သည် တတိယ သင်္ဂါယနာ တင်တော် မူကြ ပါသည်။ ဝင္ဂဂါမဏိမင်း လက်ထက် ဗုဒ္ဓ သက္ကရာဇ် ၅၂၂-ခုတွင် သီဟိုဠ်ကျွန်းမာတုလဒီစကြီး အာလောက လိုဏ်ဂူ၌ ရဟန္တာ ငါးရာ တို့သည် ပိဋကတ်တော်များကို စတုတ္ထသင်္ဂါယနာ တင်တော် မူကြပါသည်။

ထိုနောက် ကာလ ရှည်လျားစွာ ကြာပြီးသည့် အခါဝယ် ဗုဒ္ဓ သက္ကရာဇ် ၂၄၁၄-ခုနှစ်တွင် မင်းကျင့်တရား ဆယ်ပါးနှင့် ပြည့်စုံသော သဒ္ဓါတရား ထက်သန်သည့် ဘာသာကို ကြည်ညို လေးစားသော မင်းတုန်းမင်းတရားကြီး လက်ထက်တော်၌ လင်္ကာပေသလ သိင်္ဃာကာမ ရဟန်းတော် ၂၄၀၀-တို့သည် မန္တလေး မြို့တွင် ကျောက်ပြားရေ ၂၂၉-ပေါ်၌ ကျောက်ထက် အက္ခရာ တင်တော်မူကြပါသည်။

ရှေးရှေးသော သင်္ဂါယနာ ခမ္မသဘင် ပွဲကြီးများ၌ မိမိတို့ ဆိုင်ရာ နိုင်ငံများရှိ ထေရဝါဒရဟန်းတော်များကသာ သင်္ဂါယနာ တင်ခဲ့ကြပါသည်၊ ယခု ဆဋ္ဌသင်္ဂါယနာ ခမ္မသဘင် ပွဲကြီးမှာမူကား မြန်မာနိုင်ငံ သာမက ယိုးဒယား ကမ္ဘောဒီးယား လာအို ဗီယက်နမ် အိန္ဒိယ ပါကစ္စတန် နီပေါလ် နှင့် သီဟိုဠ်စသော အသီးသီးသော နိုင်ငံများမှလည်း ဤဆဋ္ဌသင်္ဂါယနာ မဟာခမ္မသဘင်ပွဲတော်ကြီးသို့ လာရောက် ဆင်နွှဲကြရပါသဖြင့် ကျွန်ုပ်တို့အဘို့မှာ အထူး ဂုဏ်ယူစရာ တရပ်ပင် ဖြစ်ပါသည်။

ဤသင်္ဂါယနာနှင့် စပ်လျဉ်း၍ အခေးကြီးသော မှတ်သားစရာ အကြောင်းတရပ် ရှိပါသေးသည်။ ကမ္ဘာမှာ အုံ့ဘွယ် အဖြာဖြာ ၇ မျိုး ရှိကြောင်းကို အားလုံးပင် သိရှိကြပါသည်၊ သို့သော် ဤသင်္ဂါယနာနှင့် ပတ်သက်၍ ထိုအုံ့ဘွယ် အဖြာဖြာတို့ ထက် သာလွန် အရေးကြီး၍ အင်အား ကြီးမား သည့်အပြင် ရိုးရိုးနှင့်ပသာဒရှိသော အုံ့ဘွယ်ဘမျိုး လည်း ပေါ် ပေါက်လျက် ရှိပါသည်။

ဥာဏ်ပိုင်ပိုင်နှင့် တည်ဆင့် ဖန်ဆင်းလိုက်သည့် အဆွေတော်ဘို၏ လက်ရာ ဖြစ်သော အဆူးအုံ့သြဘွယ် ကောင်းသည့် ဤလိုဏ်ဂူကြီးကို ကျွန်ုပ်တို့ ကြည့်ကြပါစို့၊ ဤ လိုဏ်ဂူကြီးသည် ကျွန်ုပ်တို့၏ သာမန် မျက်စိဖြင့် ဘွေ့မြင်ရသော အဆောက်အဦကြီးမျှသာ မဟုတ်ပါ၊ မြန်မာဘို့၏ မလျှော့သော ဇွဲ စွန့်စားသော လုလွန့်နှင့် အဆွေတော်တို့၏ ဗုဒ္ဓသာသနာတော်ကို အသုံးကြည့်ညိုလေးစား မှုများကိုပါ ပေါ်လွင် စေသည့် အထိမ်း အမှတ်တခု အနေဖြစ်မည့် ဤလိုဏ်ဂူတော် အဆောက် အဦကြီး ဖြစ်ပါပေသည်။

ဤသင်္ဂါယနာနှင့် စပ်လျဉ်း၍ ကျွန်ုပ် ပြောလိုသော တတိယ အချက်မှာ လွတ်လပ်ရေးကုရပြီးသော တခြားလူမျိုးများနှင့် မတူဘဲ မြန်မာလူမျိုးတို့သည် မိမိတို့ လွတ်လပ်ရေးကို ရပြီးလျှင်ပြီးခြင်း မြန်မာ့ ယဉ်ကျေးမှု၏ မိခင်ဟု ဆိုအပ်သော ဗုဒ္ဓသာသနာတော်ကို ချောင်ဝါ ထွန်းလင်း စေရန် အဓိဌာန်ပြု၍ ဆောင်ရွက်ကြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

အမှန် ပြောရမည် ဆိုပါလျှင် မြန်မာပြည်သူ ပြည်သားများသည် တခြား နိုင်ငံများ၏ ခွီးမှမ်း ထောမနာ ပြုခြင်းကို ခံယူထိုက်ပါသည်၊ မြန်မာ ပြည်သူပြည်သားများ၏ တိုးတက်မှုသည် ဗုဒ္ဓသာသနာတော် အပေါ် မှာသာ တည်ရှိပါသည်၊ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခြင်း မည်သည်မှာ၊ မြန်မာတို့ ဂုဏ်သိက္ခာ လျော့ကျခြင်း အကြောင်း တရားပင် ဖြစ်ပေမည်။ ထိုပြင်လည်း စစ်အတွင်း က ကျွဲ ငှဲ့ဒေသနာတော် သာလျှင် မြန်မာ တို့ကို ခံနိုင်ရည်ရှိသည့် သူရသတ္တိစသည့် အင်အားစုတို့ကို ပေးစွမ်း နိုင်၍ နေ့ခင်နေ့း ကြန့်ကြာခြင်းနှင့် ထိတ်လန့် ကြောက်ရွံခြင်း မရှိ ကြသည်သာမက ဒုက္ခဝေဒနာ အမျိုးမျိုး တို့ကို မြန်မာ တို့သည် အား မလျော့ဘဲ စွန့်စွန့်စားစား တွန်းလှန် တိုက်ပွဲကဲ့ ကြလေသည်၊ ရှေးဦးမဆို ဗုဒ္ဓ သာသနာတော် ပြန့်ပွါး၍ သန့်ရှင်း စင်ကြယ်သည့် နှုံမှုရင်း အခြေ အနေသို့ တဖန် ပြန်ထောက်ရန် လုတ်လပ်ရေး ရပြီး လျှင် ပြီးခြင်း မြန်မာတို့က သာသနာတော်အတွက် ဆောင်ရွက်ရန် သံဒိဋ္ဌဇန် ချလိုက်ခြင်းသည် အလွန်ပင် လျော်ကန် သင့်မြတ်လှပေသည်၊ ယင်း ပြဋ္ဌာန်း ချက်ကြောင့် ယခု ကျွဲသံဂါယနာ မဟာခမ္မသဘင် ပွဲကြီးဆင် နွှဲရခြင်း ဖြစ်ပေါ် လာပေသည်၊ ဘာသာ ရေးဒိဋ္ဌင်တက္က ယဉ်ကျေးမှုတို့အတွက် အဆွေတော် တို့သည် မိမိတို့၏ တာဝန်ဝတ္တရား ကြေပြန်ခြင်း ကြောင့် မြန်မာပြည်သူ ပြည်သားတို့မှာ တခြား နိုင်ငံများလိုက်နာရန် စံနမူနာ တရပ်ပြလိုက်ခြင်း ပင် ဖြစ်ပါသည်။

မပြောလျှင် မမြိုးနိုင်သည့် အကြောင်းတရပ် ကို နိဂုံးချုပ်အနေနှင့် ကျွန်ုပ်ပြောပြလိုပါသည်၊ ထို အကြောင်းမှာ အဆွေတော်တို့ သိကြသည့် အတိုင်း ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ ဗမိယတ္တိ ဟိုပတ္တိ ဟိုဝေ ဟုဒ္ဓ သုံးပိုင်း ခွဲခြားထားပါသည်၊ ပဌမ နှစ်ပိုင်းပြစ်သည့် ပရိယတ္တိနှင့် ပဋိပတ္တိတို့မှာ ထေရဝါဒီ နိုင်ငံတိုင်းမှာပင် အတော်အသင့် ကျေနပ် စရာတွေ ရှိကြပါသည်၊ တတိယ အပိုင်း ဖြစ်သည့် ပဋိဝေဓ အခြေအနေမှာ မူကား ချို့တဲ့ ချို့ယွင်းလျက် ရှိသည်ကို တွေ့ရပါသည်၊ ဤမြန်မာ ပြည်၌ ပရိယတ္တိနှင့် ပဋိပတ္တိ သာသနာ တို့သည် ပြည့်စုံ ကြွယ်ဝစွာ တိုးတက်သည်သာမက ပဋိဝေဓ သာသနာ သည်လည်း ဖွင့်ပြိုးလျက် ရှိကြောင်းများကိုကျွန်ုပ် က အတိအလင်း ရဲရဲကြီး ပြောဝံ့ပါသည်၊ အရိယာ ပုဂ္ဂိုလ် များလည်း အဆွေတော်တို့ ပြည်၌ အနှံ့ အပြား တွေ့ရှိရမည်ဟု ကျွန်ုပ် စိတ်ချ ယုံကြည်ပါ သည်၊ ဤပဋိဝေဓ သာသနာမှာ မြန်မာ နိုင်ငံက တခြားနိုင်ငံများထက် ထူးကဲစွာ တိုးတက်ကြောင်း တွေ့ရှိရပါသည်၊ ထို့ကြောင့် သာသနာတော် အ တွက် မိမိတို့၏ ဥစ္စာ စည်းစိမ်နှင့် ကာယ သုခများ သာမက မိမိတို့၏ အသက်ကိုပင် ပခာန မထားဘဲ သာသနာတော်ကြီး တိုးတက် ပျံ့လန်း စေရန် အဆွေတော်တို့ ဆောင်ရွက် သွားကြမည်မှာကျွန်ုပ် တို့ အံ့ဩစရာ မလိုဘဲပါ။

ဗုဒ္ဓ သာသနာတော်ကို အထူး ကြည်ညိုလေး စားရှိ စည်းကမ်း တကျ ကျင့်သုံးပုံတို့ကို အထူး လေ့လာလိုပါက မြန်မာပြည်သို့ သွားရောက်ကြည့် ကြပါဟု ကျွန်ုပ်က မှာကြား တိုက်တွန်း လိုပါသည်၊ ဤစကားမှာ လူတိုင်း၏ နှတ်ချွာတွင် အလွယ် တကူ ပြောဆို နေကြသည့် ဆောင်ပုဒ် အနေသို့ ရောက်ရှိ နေပါသည်။

ဤဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီးသည် လုံးဝ ဥဿုံ အလုံးစုံ အထပြောက် အောင်မြင်စွာ ဆင်ယင် နိုင်ပါစေသတည်း၊ အဆွေတော်ဘို့ မြန်မာ နိုင်ငံသည် ဗုဒ္ဓသာသနာတော်ကြီးကိုစောင့်ရှောက် ကာကွယ် နိုင်ပါစေသတည်း၊ ထိုနှာ သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် မြန်မာ နိုင်ငံတော်ကြီးသည် စည်ပင် သာယာ ပျံ့ပြိုးပါစေသတည်း။

SPEECH DELIVERED BY VEN'BLE B. ANANDA MAITREYA THERO, CEYLON

VENERABLE MAHATHERAS, BROTHERS AND SISTERS,

We are happy that we have happened to be present at this grand ceremony of historic importance. This, as it is known, is called the Chaṭṭha Saṅgāyanā, the Sixth Convocation. According to this history of Buddha-Sāsana, there were Five Great Convocations previous to the present one, held by Mahātheras. Of them the First Council was held at Rajagaha three months after the Parinibbāna of the Lord Buddha and there were 500 great Arahats assembled for the recital of the Dhamma.

The Second Council was held at Vesāli by 700 Arahats, and the Third One at Pāṭaliputta by 1,000 Arahats in 228 B.E.

The Fourth Council was held at Āloka-Vihāra in Matula District in Ceylon by 500 Mahātheras, and immediately after that Council the whole Buddhist Canon was committed to writing. This took place during the reign of King Vaṭṭagamini-Abhaya (about 522 B.E.)

Then a long time after, during the reign of that pious and righteous king, Mindon Min by name, in the year 2414 B.E., the Fifth Great Council was held at Mandalay by 2,400 learned Mahātheras, at which the whole Tipitaka Text was inscribed on 729 marble slabs.

It seems that all the former convocations were held by the Theras of the same country where each of them was held. As for this Sixth Saṅgāyanā, however, 2500 Mahātheras are assembled not only from Burma but also from various other countries as Siam, Cambodia, Laos, Vietnam, India, Pakistan, Nepal and Ceylon, which is a very important event worthy of regard.

With regard to this Saṅgāyanā, there is another point, important and of much value, that deserves attention. It is a fact, well known to all of us, that there are seven great wonders still to be seen in the world. But in connection with this Saṅgāyanā, a greater wonder appeared surpassing and excelling all of them in its importance, in its strength and simple beauty. See this marvellous building, a creation of wonderful workmanship. It is not a mere cave as it appears to your ordinary eye. This is something more. This is also a symbol that represents the strength of the firm determination, the dauntless energy and the ardent love for Buddhism, of Burmese people.

The third point I see, in connection with this Saṅgāyanā, is this. Unlike other nations that have got self-government, the people of Burma, immediately after they got Independence, made up their mind to restore Buddha-Sāsana, the mother of their great Burmese culture. As a matter of fact, they are worthy of admiration of other nations for their insight into this matter, for the whole progress of Burmese nation is due only to Buddhism, and the decline of Buddhism is the downfall of Burmese nation. And further, it is the very Buddha-Dhamma that has given them the courage and preserving energy to stand unhesitatingly and unmoved even in the times of war, facing bravely and enduringly all sorts of troubles and tribulations with a heroic vigour. So, they are quite right that they have determined, immediately after they got Independence, to enhance the Sāsana and bring it back to its pristine purity; as a consequence of which, this Saṅgāyanā has come to pass. Thus doing their duty to their religion, and thereby to their culture as well, the Burmese people have set an example to other nations.

Last of all, there is one more fact that I cannot neglect mentioning here. You know, I think, that our Sāsana consists of three divisions, namely Pariyatti, Paṭipatti and Paṭivedha. The first two of these three are still to be found in a somewhat satisfactory condition in other Theravādin countries, whereas with regard to the third division they lack it. But here in Burma, I believe and boldly express my personal view, there are not only Pariyatti and Paṭipatti in a perfect condition, but also Paṭivedha Sāsana too is still existing and so, I belive, there are Ariya-puggalas still in this country. Thus, in this aspect too, Burma excels all other countries, and it is no wonder that people of such a country are extremely pious and so inclined to their religion that they are ready at any moment to sacrifice their health, wealth and even their life for the sake of their religion. So, rightly it has become a proverbial saying: "If you want to see the ardent love for Buddha-Sāsana and earnestly put to practice, go to Burma and see."

May this Sixth Saṅgāyanā be successful in all its aspects, and may Burma the earnest protector of Buddhism, prosper in every way by the power of the Triple Gem!

http://www.dhammadownload.com



ဣန္ဒိယပြည် ထရိပုရပြည်နယ် ဗုဒ္ဓ ဘာသာ အသင်း ဥက္ကဋ္ဌ ဆရာတော် ဘိက္ခုအရိယမိတြ က သန္နေသ မြွက် ကြားနေပုံ

Ven'ble Bhikkhu Aryamitra, President, All-Tripura Buddhist Association, delivering an address of veneration

http://www.dhammadownload.com

ဂုနိုယပြည်ထရိပူရပြည်နယ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဆရာတော်ဘိက္ခုအရိယမိတြ၏

သဒ္ဓေသကထာ

အိန္ဒိယ သမတ နိုင်ငံတော်၏ ဘဋ္ဌမြောက် နှယ်စပ် မြစ်သည့် "ထရိပူရ" နယ်မှ သုံးသောင်း သော ဗုဒ္ဓ ဘာသာဝင်များက ဗုဒ္ဓဘာသာ ဗိုင်ငံ ပေါင်းစုံနှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာ ချစ်ကြည်ရေးအပေ တို့အား လေးမြတ်သည့် မေတ္တာဖြင့် နှုတ်ခွန်းဆက် သလိုက်သည့် အကြောင်းကို ထိုနယ်သူ နယ်သား များ၏ ကိုယ်စား ကျွန်ုပ်က ပြောပြ လိုပါသည်။

စေတနာ သဒ္ဓါတရား ထက်သန်သော မြန်မာ ပြည်သူ ပြည်သားများနှင့် အထူးသဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာအပေါ်က အကြီးအမှူး ဦးစီးပြု၍ ဤ ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီးအတွက်ကြီး စား ဆောင်ရွက်စီမံမှု များကို တွေ့မြင်ရပါ၍ကျွန်ုပ် တို့က များစွာသင် ချီးကျူး ဩဘာ ထောမနာ ပြုမိပါသည်။

ကျွန်ုပ်တို့ ကိုယ်စားလှယ်တော်များအား ဤ ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်သို့ တက်ရောက်မှု ကိစ္စအဆောတွင် စံနစ်တကျ စေတနာ ဇလဝန်း စီစဉ် ပေးသည့်အတွက် ကျွန်ုပ်တို့က လိုက်လိုက်လဲလဲ ကျေးဇူးတင်ရှိပါသည်၊ ဌပ်ထွေးလျက် အတိုဒုက္ခ ရောက်နေသည့် ကမ္ဘာသူ ကမ္ဘာသားများအတွက် ဗုဒ္ဓ ဖွင့်တော်ဘုရား၏ သာသနာ့ အရောင် အဝါတို့ သည် ဤမဟာ ဓမ္မသဘင်ကြီးမှ ထွန်းလင်းတောက် ပ ပြန့်နှံ့ စေလျက် ရှေးက မကြုံဘူးသည့် အောင် မြင်မှုမျိုး ရရှိရန် ကျွန်ုပ်တို့က ယုံကြည်စိတ်ချ မြော်လင့်၊၏သည်။

ကျွန်ုပ်တို့၏ လူဦးရေမှာ မှုန်ဘိလူးနှင့်ကြည့်ယူ ရလောက်သော ပုံပမာကဲ့သို့ သေးငယ် နည်းပါးလှ သော လူနည်းစု မြစ်သည့် အားလျော်ညီစွာထရိပူရ ဗုဒ္ဓဘာသာဝင်များထည်းမှာ တသောင်းရှစ်ထောင် လောက်သော ချု(က်) မ (စ်) လူမျိုးများ၊ ရခိုင် လူမျိုး များမှ ဆင်းသက် ပေါက်ဖွား လာကြသော တသောင်းလောက်သော မက်(စ်) လူမျိုးများနှင့် နှစ်ထောင် လောက်သော ဘင်္ဂါလီ ဗုဒ္ဓဘာသာဝင် များ မြစ်ကြသည့် ဘဂ္ဂးဝါ များလည်း ပါဝင်ကြ သည်၊ ကျွန်ုပ်တို့ ထရိပူရ ဗုဒ္ဓဘာသာဝင် များသည် ဆင်းရဲ ချို့တဲ့ ပညာ ကင်းမဲ့သော သူများ ဖြစ်ကြ သည်၊ စေတနာသဒ္ဓါတရား ထက်သန်သော မြန်မာ ပြည်သူ ပြည်သား များနှင့် တကွ နိုင်ငံတော် ဗုဒ္ဓသာသနာ အပေါ်၏ အကူ အညီ အထောက်အပံ့ တို့ဖြင့် ဗုဒ္ဓ ဖွင့်တော် ဘုရား၏ ဌာနဂုဏ် ဖြစ်ခဲ့သည့် အိန္ဒိယမှာ သာသနာ့အထောင်အဝါ တဖန်ထွန်းလင်း တောက်ပစေရန် ရည်မှန်း၍ ကျွန်ုပ်တို့က ဂုဏ်ယူ မိပါသည်။

ထရိပူရ ပြည်နယ်ဗုဒ္ဓဘာသာဝင်များ၏ ချို ယွင်း မှုများကို လျစ်လျူရှုကာ ကမ္ဘာ့ ဗုဒ္ဓဘာသာ အစည်း အရုံးများ၏ လက်အောက်မှာ ဝင်ရောယှက် သတ္တဝါ အပေါင်းတို့အား ထာဝစဉ် ငြိမ်းချမ်းရေး အလိုငှါ ဆောင်ရွက်ရန် ကျွန်ုပ်တို့ ထရိပူရ ဗုဒ္ဓဘာ သာဝင်များက ဆောင်ရွက် အမှုထမ်းရန် လိုအပ်ပါ ကြောင်း။

"သဗ္ဗေသတ္တာ သုခိတာ ဘဝန္တု"

NAMO BUDDHAYA

MESSAGE OF GOODWILL

I convey a message of goodwill and appreciation from the thirty thousand Buddhists of Tripura, a State which lies on the North East frontier of the Indian Republic, to the Buddhist representatives of different countries and through them to the Buddhist Brotherhood of the World.

They congratulate the generous people of Burma and particularly the Buddha Sāsana Council, for their patronage and efforts in organising this Sixth Great Buddhist Council and express their hearty thankfulness to them for making their benevolent arrangements for sending their representatives to attend the Chaṭṭha Saṅgāyanā.

They heartily wish and believe that this Great Buddhist Council shall attain unprecedented success and that the light of the Lord Buddha, diffused evermore through this channel, shall send Love and Peace home to every citizen of this confused and troubled world.

Though a microscopic minority, the Buddhists of Tripura, about eighteen thousand Tribal Chakmas, about ten thousand Mags of Arakanese origin and about two thousands Baruas (Bengal Buddhists), poor, backward and illiterate as they are, feel proud that they still carry the colours of the Lord in the Buddha-land, India, and they cherish a great hope for their help and advancement from the Buddha Sāsana Council and from the benevolent people of Burma.

The Buddhists of Tripura, with all their humbleness and inabilities, pledge to place their humble services to the World Buddhist Organisations for the Advancement of learning of the Teachings of Lord Buddha so that real peace may reign over Humanity and over all life.

"Sabbe Satta Sukhita Bhavantu"

BHIKKHU ARYMITRA,
President, All-Tripura State Buddhist Association, Agartala, Tripura (India).

http://www.dhammadownload.com



စစ်တကောင်း ဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌ ဆရာတော် ဒီပင်္ကရ သြဇ ဂျ မထေရ်နှင့် သံဃ ကိုယ်စားလှယ် တော်များ

Ven'ble Depankara-Srijan Thera, President of Buddhist Association, Chittagong and other *members of* the Delagation from Chittagong

http://www.dhammadownload.com

ပါကစ္စတန်ပြည်စစ်တကောင်းဗုဒ္ဓဘာသာအသင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာသမဂ္ဂီ ဥက္ကဋ္ဌဆရာတော်ဒီပက်ရာမြိုဂျံမထေရ်၏ သန္ဒေသကထာ

သံဃာတော် အရှင်မြတ်ဘုရားများ။ နိုင်ငံတော် သမတ မင်းနှင့် ဒါယကာ-ဒါယိကာမများ၊

ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင် ဖွင့်ပွဲကြီး အခမ်းအနားတွင် အရှေ့ပါကစ္စတန်ပြည် ဗုဒ္ဓဘာသဝင်များ၏ ကိုယ်စား နှုတ်ခွန်းဆက် မင်္ဂလာစကား ပြောကြား ရသည့်အတွက် ကျွန်ုပ်က ဝမ်းမြောက်လှပါသည်။ အရှင်ဘုရားတို့နှင့်တကွ ဤဌာနသို့ တက်ရောက် လာကြသည့် ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံပေါင်းစုံ ကိုယ်စားလှယ်တော်တို့အား ပါကစ္စတန် ဗုဒ္ဓဘာသာဝင်များက လေးမြတ် ဖြူစင် ကြည်ဖြူရှင်လန်း မေတ္တာပန်း ဆင်ကြလိုက်သည်ကို တပည့်တော်က တဆင့် ဆောင်ကျဉ်းခဲ့ပါသည်။

အရှင်ဘုရားတို့ အတွက် အမှန်မြတ်ဆုံး ဖြစ်သည့် တာဝန်များမှာ ပါဠိ ပိဋကတ်တော် အပြည့် အစုံကို ရှာဖွေ စုစောင်းရေး သုံခ်သင် တည်းဖြတ်ရေးမှ စ၍ အကွရာ အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သည့် ဘာသာ အမျိုးမျိုးတို့ဖြင့် ဘာသာပြန်ခြင်း ပိဋကတ်တော် အကျဉ်းချုပ် စာအုပ် ရိုက်နှိပ်ထုတ်ဝေခြင်းစသော အစီအစဉ်များ အထမြောက်အောင်မြင်ရန် ဤသံဂါယနာ မဟာဓမ္မသဘင်ကြီးကို စတင်စီမံဆောင်ရွက်ရသည့် ဗုဒ္ဓသာသနာအဖွဲ့ကြီးနှင့်တကွ မလျော့သောလုံလတို့ဖြင့် အကူအညီပေးနေသည့် မြန်မာ ဗုဒ္ဓဘာသာဝင်တို့အား တပည့်တော်တို့က ကျေးဇူး ဥပကာရ မတင်ဘဲ မနေနိုင်အောင် ဖြစ်နေပါသည်။

ယခုအခါ ကမ္ဘာသူ ကမ္ဘာသားတို့၌ ဂုဏ်ပြိုင်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း လောဘ ဒေါသ တရား လွှမ်းမိုးခြင်း၊ အာဏာ စုံမက်ခြင်း တည်းဟူသော အကြောင်း တရားတို့ကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ဘေးအန္တရာယ် ကြီးသည် နီးကပ်လာ၍ တတိယ ကမ္ဘာစစ်ကြီး ပေါ်ပေါက် မလိုလို ဖြစ်သဖြင့် လူတို့၏ ယဉ်ကျေးမှုတွင် အလွန် အရေးကြီးသော ဤအချိန်အခါဝယ်မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ တည်းဟူသော တရားများကို လက်ကိုင်ထားရန် ဟောကြား ဆုမ္မခြင်း ၎င်းတရားတွင်ပါဝင်သော ပါဏာတိပါတာ ရှောင်ကြဉ်ရေး, မေတ္တာတရား ထားရှိရေး တို့ကို လက်တွေ ကျင့်သုံးခြင်းနှင့် လူတို့၏ စိတ်ဝယ် ကိန်းအောင်း နေသော မကောင်းမှု ဒုစရိုက် တရားတို့ကို ပပျောက် စေရန် ရှည်သန်၍ သူတော်ကောင်းတရား ၇-ပါးကို ပျံ့နှံ့အောင် ဟောကြား ခြင်းသည် အလွန်တရာ လိုအပ်ကြောင်း ထပ်လောင်း၍ ပြောကြားရန် လိုမည်မထင်ပါ၊ လိုတရသည့် ဗုဒ္ဓ ရှင်တော်ဘုရား၏ ဆေးညွှန်းကို ပေါ်စပ်၍ ရှေးဦးစွာ သုံးစွဲ ခိုဝဲမှသာ မိမိတို့စိတ်အတွင်းရှိ အန္တရာယ် ဒုက္ခအမျိုးမျိုးတို့သည် ပပျောက်၍ ဗုဒ္ဓဘာသာ ဝင်များ အချင်းချင်း ညီရင်း အစ်ကိုကဲ့သို့ ချစ်ကြည်ရေးအတွက်ဆောင်ရွက်ရန်မှာ အခိက တာဝန်ကြီး ဖြစ်ပေသည်၊ ဗုဒ္ဓ ရှင်တော်ဘုရား၏ ဆေးသည် သာလျှင် အတိဒုက္ခ ရောက်လျက် ရှိနေသည့် လူအပေါင်းတို့နှင့်တကွ နှိပ်စက်ခြင်း ခံနေရသည့် ကမ္ဘာသို့ ချမ်းသာသုခ တို့နှင့် ပြည့်စုံသော ညီညွတ်သည့် ငြိမ်းချမ်းရေး တို့ကို ပေးနိုင်မံည်ဖြစ်ပါသည်၊ ဗုဒ္ဓရှင်တော်ဘုရား၏ ဩဝါဒကို လိုက်နာသည့် အားလျော်စွာ ဤမဟာဓမ္မသဘင်ကြီး၏ ရည်မှန်းချက်များ အထမြောက်အောင်မြင်ရန် ဤသံဂါယနာ၏ စီစဉ် သုံးသပ်ချက်များကိုအိုညီနောင်တို့တူစုံ ခွဲ၍ အားကြိုးမာန်တက် ဆောင်ရွက် ကြပါလော့၊ "စရထ ဘိက္ခဝေ စာရိက်" ဟူသည့် ဗုဒ္ဓ ရှင်တော်ဘုရား၏ ဝါဒနှင့် လျော်ညီစွာ မြောက်-တောင်-အရှေ့ နှင့် အနောက်အရပ်များဖြစ်သည့် ကမ္ဘာ့လေးမျက်နှာ ရှိ သဒ္ဓမ္မ တရား ဟောကြားရန် ငြိမ်းချမ်း ချစ်ကြည်ရေး စေတမန်များ အဖြစ်ဖြင့် ဒေသစာရီ ကြွမြန်းကြပါလော့။

သာသနာ့ အာဇာနီ သာသနာ့ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့ဘုရား နှစ်ပရိစ္ဆေဒ အလွန်ကြာမြင့်မှ တခါ ကျင်းပနိုင်သော သံဂါယနာတင်မဟာဓမ္မသဘင် ပွဲကြီးများသည် အလွန် အရေအတွက် နည်းပါသော်လည်း ရှေးယခင်က သံဂါယနာ တင်တော် မူခဲ့ခြင်းများကို တပည့်တော်တို့ အားလုံး သိရှိပြီး ဖြစ်ပါကြောင်း၊ အိမ်နီးနားချင်း မိတ်ဆွေများဖြစ်ကြသည့် ပါကစ္စတန် နယ်မှ တပည့်တော်တို့အား ကိုယ်စားလှယ် တော်များ အဖြစ်ဖြင့် ဘိတ်မန္တက ပြုခြင်းကြောင့် ဝင်ရောက် ဆင် ခွဲရပါသဖြင့် ဤဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ပွဲကြီးကို စတင် စီမံဆောင်ရွက် ပေးသည့် ဗုဒ္ဓသာသနာအဖွဲ့ကြီးကို ကျေးဇူး အထူး ဥပကာရ တင်ရှိနေပါ၍ ပြောမဆုံး နိုင်လောက် အောင်ပင် ကျွန်ုပ်တို့မှာ ပီတိသောမနဿ ဖြစ်လျက် ရှိနေကြပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့—

ခေတ်သစ် တိုင်းပြည်ငယ် ဖြစ်သည့် အင်ဒို ပါကစ္စတန် ဗုဒ္ဓဘာသာဝင်များသည် ရာဇဝင်တွင် ထင်ရှား ကျော်ကြားခဲ့သည့် ဗုဒ္ဓဘာသာဝင်အိန္ဒိယ၏ ယဉ်ကျေးမှုကြီးကို ထိန်းသိမ်းခဲ့သူများ ဖြစ်ကြပါ၍ ဂုဏ်ယူစရာပင် ဖြစ်ပါသည်၊ နှစ်ပေါင်း နှစ်ထောင်ကျော်က အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်သူမြတ်တို့သည် တပည့်တော်တို့တိုင်းငယ်မှ ဤရွှေမြန်မာပြည်သို့ ဒေသစာရီ ကြွချီတော်မူကာ သုံးလူ ထွင့်ထား ရှင်တော်ဘုရား၏ မှန်မြတ်သော ဒေသနာတော်ရပ်များကို ပင့်ဆောင် သွားခဲ့ကြပါသည်၊

ဤကဲ့သို့ အရှင်ဘုရားတို့၏ ဘေးဘိုး အစဉ်အဆက် သူတော်စဉ်အပေါင်းတို့က အဘိုးအနဂ္ဂ ထိုက်တန်သော မေတ္တာတရား သမ္မာဒိဋ္ဌိ ဖြောင့်မတ်သော အယူဝါဒ တို့ကို တခေတ်မှလျှင် တခေတ်သို့ မပျောက် မပျက်ဘဲ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြ၍ ယခု အရှင်ဘုရားတို့၏ လက်ထက်တော်၌ ရှေးယခင်ကကဲ့သို့ပင် သဒ္ဓါတရား ပွါးများ၍ ဗုဒ္ဓသာသနာ၌ကြည်ညိုလေးစားခြင်းများကို မျက်ဝါး ထင်ထင် တွေ့မြင်ရပါသဖြင့် အမှန်စင်စစ် စိတ်အားတက်ကြွလျက်ရှိပါကြောင်း။ ဘာသာရေး ဆက်ဖြတ်မှု အနိုင်အထက် ဘာသာအယူဝါဒ ပြောင်းလဲစေမှု နှေးသော်လည်း ဗုဒ္ဓဘာသာကို ဂေးတောက်မြစ်ရှက် အလား ဟိန္ဒူဘာသာထည်းသို့ ရောစပ်စေခြင်း ကျန် သံဃာတော်များ၏ ပညာနှင့် ထကြွလုလွှတို့ကင်းမဲ့ခြင်းနှင့်တခြားနိုင်ငံရေးရာနှင့်ပေါင်းသင်း ဆက်ဆံရေး တို့၏ အခြေအနေ တို့ကြောင့် ဗုဒ္ဓဘာသာ၏ ဇာတိ ဖြစ်သည့် ဒေသ၌ သာသနာတော် ဆုတ်ယုတ်ခြင်း အကြောင်းရင်းပင် ဖြစ်တန်ရာသည် ဟု ယူဆ နိုင်ပါသည်၊ တပည့်တော်တို့၏ မြင့်မြတ်သော ဘိုးစဉ် ဘောင်ဆက် သူတော်စဉ်တို့၏ ဂုဏ်ကျေးဇူးကြောင့် လူဦးရေ သေးငယ်နည်းပါး လှသည့် စစ်တကောင်း အပါအဝင် ဖြစ်သော အစွန်အဖျား ရောက်နေသည့် အင်ဒို ပါကစ္စတန် တိုင်းငယ်မှာ ဗုဒ္ဓ ဘာသာ သာသနာသည် ရောင်ဝါ ထွန်းလင်း လျက်ပင် ရှိနေပါသေးသည်၊ တကွဲတပြားစီ နေထိုင်ခဲ့ကြရ၍ ပညာကင်းမဲ့သည့် ဘဝသို့ သဲ့တို့ သက်ဆင်း ခဲ့ကြရပေသည်၊

http://www.dhammadownload.com

ဝိနယ ကျင့်စဉ်များကို ပေါ့ဆစ္ဆာ ဖြင့် လိုက်နာ ကျင့်သုံး ၍ မိစ္ဆာအယူဝါဒနှင့် အလေ့အထများကို သာ ပိုမို အလေးပြုကာ ကျင့်သုံး လေ့လာခြင်း အားဖြင့် ဟိန္ဒူဘာသာနှင့် ရောစပ်ရန် လက်တွေ့ အားဖြင့် သူတို့ကို ထိုးဆွ ပေးနေလျက် ရှိခဲ့ပါသည်၊ အိန္ဒိယ ဗုဒ္ဓဘာသာ ဝင်များ၏ ဖြစ်ရာဘဝမှာ ဤ အရေးကြုံသည့် အခါဝယ် အဆွေတော်တို့၏ မြင့်မြတ်သော ဘိုးစဉ် ဘောင်ဆက်တို့သည် ကျေးဇူး တုံ့ပြန်ခြင်း အလို့ငှါ မြန်မာပြည် ရခိုင်နယ်မှ သံဃရာဇာ သရမိတ္တ မဟာထေရ် အရှင်သူမြတ်သည် စစ်တကောင်းသို့ ကြွမြန်းကာ တရားအစစ်အမှန်ကို တည်ထောင်၍ လမ်းလွဲရောက်သည့် ရဟန်း ရှင်လူ အပေါင်းတို့အား အသစ် ပြုပြင် ပေးခဲ့ပါသည်၊ ဘိက္ခုများကို ပြုပြင်ရန် နောက်ထပ် ဥပသမ္ပဒကံ ခံယူရန် အခွင့်ပေး၍ အရှေ့ ဘင်္ဂလားနယ်၌ နဂိုရ် ဖြစ်သည့် သန့်ရှင်း စင်ကြယ်သော ထေရဝါဒီ ဗုဒ္ဓဘာသာကို တဖန် တည်ထောင်ခဲ့လေသည်။

ဘာသာရေးနှင့် လူမှုရေးရာအတွက် ဆောင်ရွက် အားထုတ်သည့် ထင်ရှား ကျော်ကြားသော ရဟန်း ရှင်လူများကို ဖေါ်ပြရမည်ဆိုသော်—

ဘဝနတ်ထံ ကြွမြန်းသူ သံဃရာဇာဆရာတော် ပုညစာရီ ဓမ္မစာရီမှာ သီဟိုဠ်ရာမညဂိုဏ်းကို တည်ထောင်သည့် ပုဂ္ဂိုလ်များတွင် တပါး အပါအဝင် ဖြစ်ပါသည်၊ ၎င်းဆရာတော်၏ တပည့်ရင်းမှာ ပြန်လွန်သူ ဆရာတော် ပညာတိဿ မဟာထေရ် အရှင်သူမြတ်သည် ရန်ကုန်ရှိ စစ်တကောင်း ဗုဒ္ဓဘာသာ အဖွဲ့ကို စတင်တည်ထောင်သော ပုဂ္ဂိုလ်တဦးဖြစ်ပါသည်၊ ၎င်းဆရာတော်၏ တခြားတပည့်မှာ ကွယ်လွန်သူ ဆရာတော် ကရိပဆရံ မဟာထေရ် အရှင်သူမြတ်ဖြစ်၍ကာလကတ္တားရှိဘင်္ဂလားဗုဒ္ဓဘာသာ အဖွဲ့ကို တည်ထောင်ပြီး ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပါသည်၊ ကွယ်လွန်သူ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဓမ္မဝံသသည် စစ်တကောင်း ဗုဒ္ဓဘာသာ အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်၊ ဆရာတော် ပညာလောက မဟာထေရ် အရှင်သူမြတ်သည် ဤ သံဂါယနာ၏ သြဝါဒါစရိယနှင့် ဂန္ထသောဓိကများ ဖြစ်ပါသည်၊ ကွယ်လွန်သူ ဘာဘူကရှိရှနာ ချန်ဒရာ ချောင်ဒူရီသည် စစ်တကောင်း ဗုဒ္ဓဘာသာ အဖွဲ့၏ တည်ထောင်သူ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်၊ ကွယ်လွန်သူ ဒေါက်တာ ဘာဂိနတ်ဘာရှဝါး စသည် တို့သည် အင်ဒို ပါကစ္စတန်ဗုဒ္ဓဘာသာဝင်များ၏ လူမှုရေးရာနှင့် စာရိတ္တမဏ္ဍိုင် မြှင့်တင်ရေး အတွက် အင်တိုက် အားတိုက် ကြိုးစားဆောင်ရွက်ခဲ့ကြသည့်လူပုဂ္ဂိုလ် ရဟန်း ပုဂ္ဂိုလ်များ ဖြစ်သည့် အားလျော်ညီစွာ အမည်နာမ များကို ထုတ်ဖေါ်ပြသင့်ပါ၍ ဖေါ်ပြလိုက်ရပေသည်။

တပည့်တော်တို့ ပါကစ္စတန်ရှိ ဗုဒ္ဓဘာသာဝင်များသည် လက်ရှိ ပါကစ္စတန် နိုင်ငံတော်အစိုးရအား ကျေးဇူး သစ္စာတော်ကို စောင့်ထိန်းကာ အကန့်အသတ် မရှိသည့် အထောက်အပံ့များကို အမြဲတစေ အစိုးရအား ပေးကမ်းလျက် ရှိကြပါသည်၊ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း အဆောက်အဦအတွက် အလှူငွေ တသောင်းကို အစိုးရက ရက်ရောစွာ အခွင့် ပြုလိုက်ပါသည်၊ ရဟန်းတော် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန မထေရ်မြတ်တို့၏ မွေသရီ ဓာတ်တော်များကို ပင့်ဆောင်ကာ ကုန် ကျသည့် စရိတ်များကို ထုတ်ပေးရန် အစိုးရက သဘောတူညီလိုက်ခြင်းကြောင့် အရှေ့ပိုင်း ပါကစ္စတန် ဗုဒ္ဓဘာသာဝင်များအား ဘာသာနှင့် တကွ ယဉ်ကျေးမှုများကိုပါ လေးစားရာ အထိမ်းအမှတ်အနေနှင့် အရှေ့ပိုင်း ပါကစ္စတန် ဗုဒ္ဓဘာသာဝင်များက ရှိသေသမှု ပူဇော် ဖူးမြော်ခွင့်များ ရရှိပါသည်၊ လူမျိုးစု အလိုက် ပညာ[illegible] တိုးတက်ကြီးပွါးရန် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများ အတွက် အစိုးရက နှစ်ကြေး ငွေ တသောင်းလည်း အခွင့် ပြုခဲ့ပါသည်၊ မှန်ဘီလူးနှင့် ကြည့်မှသာ မြင်နိုင်သည့် သေးငယ်လှသည့် ဤလူနည်းစုကို ပါကစ္စတန် နိုင်ငံတော် အမျိုးသား အစိုးရက ကြင်ကြင်နာနာနှင့် သဒ္ဓါ ကြည်ဖြူစွာ စောင့်ရှောက်လျက် ရှိနေကြပါသည်၊ ပြည်နယ် အတွင်းရှိ ဗုဒ္ဓဘာသာဝင်များ၏ အသက် ပစ္စည်း ဥစ္စာ ဘာသာနှင့် ယဉ်ကျေးမှုတို့ကို ကာကွယ် စောင့်ရှောက်မည်ဟု စိတ်ချ နေကြရန် ပါကစ္စတန် နိုင်ငံတော် အမျိုးသား အစိုးရက အာမခံ၍ ကတိ ပေးပြီး ဖြစ်ပါသည်။

ဘာသာရေးနှင့် ယဉ်ကျေးမှု အဆက်အသွယ်များနှင့် စပ်လျဉ်း၍ မြန်မာ သီဟိုဠ်နှင့် ယိုးဒယား စသည့် ထေရ ဝါဒီ နိုင်ငံများနှင့် တပည့်တော်တို့ အဆက်အသွယ် ပြုခဲ့ကြသည့်မှာ အနှစ်တရာနီးပါး ရှိလုပါပြီ၊ နာမည် ကျော်ကြားသော ဘာသာရေး ပြုပြင်ပေးသည့် သံဃရာဇာသရမိတ္တကို အကြောင်း ပြု၍ စစ်တကောင်း ဘိက္ခုများ ပါဝင်သည့် ဂိုဏ်းကို သံဃာရာဇာ ဂိုဏ်းဟု အမည် ခေါ်တွင် စေခဲ့ပါသည်၊ ဘိက္ခုများ အတွက် သိမ်သမုတ်ခြင်း ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်း များ၌ အုတ်မြစ်ချခြင်း စသည့် အရေးကြီးသော ဘာသာရေးနှင့် စပ်လျဉ်းသည့် အခမ်းအနားများ၌ မြန်မာနှင့် သီဟိုဠ်မှ သံဃာတော်များကို ဘိတ်မန္တက ပြုခဲ့ပါသည်၊ ချစ်ကြည်ရေးကို အားပေး၍ တိုးတက်ခိုင်မြဲစေရန် ယိုးဒယား ဘုရင်မင်းမြတ်က မွန်မြတ်သည့် လက်ဆောင် ပဏ္ဏာအဖြစ်ဖြင့် ယိုးဒယား အကွရာ ဖြင့် ရိုက်နှိပ် ထားသည့် ပိဋကတ်တော်ကို စစ်တကောင်း ဗုဒ္ဓဘာသာ ကျောင်း၏ ချင်တမနီပိဋက တိုက်သို့ ပေးပို့ခဲ့ပါသည်။

စစ်မဖြစ်မီ နိုင်ငံများမှ စာသင်သားများနှင့် သံဃာတော်များသည် ပိုမို ရင်းနှီးစွာ ဆက်သွယ်ခဲ့ကြပါသည်၊ တပြည်နှင့်တပြည် သွားရောက်လည်ပတ် ကြသည်သာမက သင့်လျော်သည့် ဆရာများ လက်အောက်မှာ ညွှန်ကြား ပြသခြင်းကို နာယူခဲ့ကြပါသည်၊ လွန်ခဲ့သည့် စစ်ကြီး၏ အဖျက်အဆီးများ နောက် ငြိမ်းချမ်းရေးကို အတည်ပြုခဲ့ပါသည်၊ အထူးသဖြင့် တနိုင်ငံမှ တနိုင်ငံသို့ သံဃာတော်များ၏ အသွားအလာ လွယ်ကူရန်အတွက် အတားအဆီးတို့ကို ရှတ်သိမ်းရန် သင့်ပါပြီ၊ သံဃာတော်များနှင့်တကွ ဆိုင်ရာ နိုင်ငံတော် အစိုးရတို့သည် သင့်လျော်သည့် ပညာသင် စရိတ် လစဉ် ထောက်ပံ့မှသာ ဤကဲ့သို့သောယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်မှုများကို အားပေးရာ ရောက်ပေမည်။

ဤတွင် နိဂုံးချုပ်လိုပါသဖြင့် တပည့်တော်က ထပ်လောင်း၍ အရှင်ဘုရားတို့အားမေတ္တာရှေ့ထား သောဆုမွန်ကောင်းများဖြင့် နှုတ်ခွန်းဆက်သလိုက်ပါသည်၊ဤအစည်းအဝေးကြီးသို့လာရောက်ဆင် နွဲ့ခွင့် ရခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ ကျေးဇူး အထူးတင်ရှိပါသည်၊ ဤဌာန၌ ကျွန်ုပ်တို့ နေရသည့် တိုတောင်းသည့် အချိန်ကာလ အတွင်း ဧည့်ဝတ်အထူးကျေပြန်စွာ ဖြင့် စီမံထားခြင်းများကြောင့် မြန်မာ နိုင်ငံတော် အစိုးရအား အထူး ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

ပါကစ္စတန် အစိုးရ ကိုယ်စားလှယ် တော်များ အဖြစ်ဖြင့် ဤအစည်းအဝေးသို့ တက်နိုင်ရန် ဘာမျှ လိုလေသေး မရှိအောင် ပါကစ္စတန် နိုင်ငံတော် အစိုးရက စီမံဆောင်ရွက် ပေးခြင်းကြောင့် တပည့်တော်က အရှေ့ပိုင်း ဘင်္ဂလားပြည် ဗုဒ္ဓဘာသာဝင်များ ကိုယ်စား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း

"သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု"

http://www.dhammadownload.com

ADDRESS OF VENERATION ON THE OCCASION OF THE OPENING CEREMONY OF THE SIXTH SANGĀYANĀ ON THE 18th MAY 1954, AT RANGOON, BY VEN. DIPANKAR SRIJNAN, MAHATHERA, PAKISTAN STATE DELEGATE; PRESIDENT, BUDDHIST ASSOCIATION AND HIGH PRIEST, BUDDHIST MONASTERY, CHITTAGONG

RIGHT HONOURABLE PRESIDENT, MOST RESPECTABLE ORDER OF MONKS, BROTHERS AND SISTERS,

I, on behalf of the Buddhists of East Pakistan, have the pleasure to greet you on this august occasion of the opening ceremony of the Sixth Synod (Chaṭṭha Sangāyanā) and to convey the heartiest message of love and goodwill of the Pakistani Buddhists to you all and through you the Buddhist countries you represent and the world at large and also for the success of your noblest mission of compiling and re-editing and reviewing the entire Pāli Canon in different characters and translating them in different languages and publishing a concise Tipiṭaka and we feel ourselves constrained to give vent to our feelings of heartfelt gratitude to the Union Buddha Sāsana Council who have organised this Sangāyanā as well as to the Burmese Buddhists the unstinted supporters of this noblest mission.

The necessity to propagate the Saddhamma to purge the human mind of internal impurities and evil dispositions, to preach the doctrines of Mettā, Karunā, Muditā and Upekkhā to emphasise the practice of Ahiṁsā and universal love as enjoind by the Saddhamma especially at this critical juncture of human civilisation and the fast approaching world catastrophe, when rivalry and malice, lust and hatred, love of power and supremacy are so rampant amongst the people of all countries of the world and consequently when the third world war is knocking at the door can hardly be over-estimated. And it is the bounden duty of the Buddhist Brotherhood to come forward with the Buddha's unfailing prescription of all internal ills and to save the suffering humanity and the worried world and to restore the peace, harmony and happiness of mankind in particular and of all beings in general. Let us, therefore, O! Brothers, actively co-operate in the diliberations of this Sangāyanā and labour hard for the fulfilment of the aims and achievement of the success of this Sangāyanā and in obedience to the injunction of the Lord Buddha "Caratha Bhikkhave cārikaṁ etc" travel to the four corners of the earth to preach the Saddhamma to the ignorant and suffering humanity at large and to serve as emissaries of universal love, peace and goodwill to the North and South and to the East and West.

Revered upholders of the cause of the Saddhamma, we all know that the holding of such a council, though few and far between, were not unknown to the Buddhist world of yore. Thanks to the members of the Union Buddha Sāsana Council, who have organised this Sixth Council of its kind, wherein we have been invited to participate as delegate from the neighbouring friendly State of Pakistan and our words fail to give vent to our sincerest felicitations at the honour shown to us and through us to our State in offering us an opportunity to take part in the cause of the Saddhamma.

Brothers in Faith! We the Pakistani Buddhists claim to be the proud possessors of that great cultural heritage of historic Buddhist-India, the modern sub-continent of Indo-Pakistan. Today we are reminded of a glorious past when a happy relationship was with you well over two thousand years ago, with the carrying of the sacred teachings of the Tathagata in this golden land of Burma by the holy savants, Sona and Uttara of our great sub-continent. It is indeed really encouraging to note that this invaluable gift of love and fraternity and truth and purity received a nourishing care in the hands of your glorious ancestors and has in time passed on to their worthy posterity and met with equal grace and devotion. Although religious persecution, forcible conversion, slow but gradual assimilation of Buddhism in heretical religions, ignorance and inactivity of the remnants of the shattered Bhikkhu Sangha and other political and social circumstances might be adduced to the causes of the decline and fall of Buddhism in the land of its birth, yet it is to the credit of our noble ancestors that they could keep the flickering light of Buddhism burning in a remote corner of the sub-continent of Indo-Pakistan, *viz.*, Chittagong, however small in number they might be. Having had to live rather scattered and fallen into ignorance as they did, they fell victims to many superstitious rites and practices accompanied with slackness in the observance of Vinaya Rules which were practically goading them to the verge of merging with heretical religions. It was at this critical juncture of the very existence of Indo-Pak Buddhists we remember with gratitude and love that your noble ancestors paid us back in our own coin when the Great Sangharaj Sāramitta Mahāthera of Arakan, Burma, went to Chittagong and re-established the faith by reforming the monks and laymen. To reform the Bhikkhus who had strayed from the Path, he granted them fresh ordination according to the Rules of the Buddhist Codex and the original Theravada Buddhism was thus re-established in its pristine purity in East Bengal.

Amongst the distinguished Buddhist monks and the laity the activities of the following religious and social workers, *viz.*, late Ven. Sangharaj Punnāchāri Dhammadhāri, one of the organisers of the Rāmañña Sect of Ceylon; his disciple late Ven. Paññātissa Mahāthera, originator of the Chittagong Buddhist Association of Rangoon; his another disciple late Ven. Kripasaran Mahathera, the Founder-President of the Bengal Buddhist Association of Calcutta; late Ven. Aggamahāpandit U. Dhammawansa, High Priest and President of the Buddhist Association of Chittagong; Ven. Paññāloka Mahāthera, the Ovādācariya and Ganthasodhoka of this Sangāyanā; late Babu Krishna Chandra Chowdhury, Founder-Secretary of the Buddhist Association of Chittagong; late Dr. Bhagirath Barua and so on—names of whom are worth mentioning, as they devoted their entire energy and endeavour for the social and moral uplift of the Buddhists of Indo-Pakistan.

We, the Buddhists of Pakistan have always offered our unstinted support and allegiance to the existing Government of the State. Government of Pakistan have generously contributed to the completion of the Buddhist Monastery at Chittagong by sanctioning a donation of Rs. 10,000 and have agreed to bear all the expenses of bringing the Sacred Relics of Arahans Sāriputta and Mahāmoggallana to give an opportunity to the Buddhists of East Pakistan to pay homage to and worship the Sacred Relics, as a mark of respect for the religion and culture of the Buddhists of East Pakistan. They have also sanctioned an annual grant of Rs. 10,000 for the educational advancement of the community both monastic and academic. The National Government of Pakistan have been looking upon this microscopic minority community with sympathy and generosity and have given assurance and guarantee to protect life, property, religion and culture of the Buddhists of the State.

It is well nigh a century since we have established religious and cultural connections with Theravada countries like Burma, Ceylon and Siam (Thailand). The Sangharaj Sect of Bhikkhus of Chittagong has been named after its illustrious reformer, the Sangharaj Saramitta of Burma. On many important religious functions and ceremonies such as the establishment of Bhikkhu-Sima, foundation of temples and monasteries, etc., we invited monks from Burma and Ceylon. His Majesty the King of Siam has encouraged and enhanced the tie of friendship by making a noble gift of the Tipiṭaka in Siamese script to the Chintamani Library of the Chittagong Buddhist Monastery. In pre-war times this relationship was so close that monks and scholars from either countries enjoyed all possible facilities for visiting each other's land and engaging themselves in studies under the guidance of suitable teachers. Now that peace has been established after the devastations of the last great war, it is only meet and proper that the ban on those facilities be withdrawn especially for monks. Such cultural intercourses should be encouraged by establishment of suitable stipends and scholarships by agreement with the Bhikkhu-sanghas and Governments of the respective countries.

I beg to conclude here and greet you all once more with love and best wishes and I offer my hearty thanks to the members of the Union Buddha Sāsana Council for kindly allowing us an opportunity of participating in this meeting and to the Government of the Union of Burma for the best hospitality rendered to us by way of making provision for us during our short stay here.

In the last I accord my heartfelt thanks to the Government of Pakistan on behalf of the Buddhists of East Bengal for kindly providing us with every facility for attending this meeting as delegates of the State of Pakistan.

"Sabbe Satta Sukhita Hontu"

DIPANKAR SRIJNAN MAHATHERA.
18-5-54.

http://www.dhammadownload.com

ကျန်မယနိုင်ငံနာလန္ဒပါဠိတက္ကသိုလ် ပါဠိ
ပါမောက္ခ ဆရာတော် ဘိက္ခုဇိနနန္ဒ
(M.A.) ကသန္နေသမြွက်ကြားနေပုံ

Ven'ble Bhikkhu Jinānanda, M.A., Ph.D., delivering an address of veneration



http://www.dhammadownload.com

ဗုဒ္ဓရှင်တော်ဘုရား၏ လက်ျာရစ်-လက်ဝဲရစ်များ ပြစ်ခဲ့ ကြသော ရှင်သာရိပုတ္တရာ နှင့် ရှင်မဟာ မောဂ္ဂလာန် မထေရ်ပြုတ်ကြီးတို့၏ပါဠိတော်ပြစ် ခဲ့သည့် နာလန္ဒပြည် နိုးကြား ထကြွလျက် ရှိသည့် ပြန်လည် ထူထောင်ပြီး ပြစ်သော ပြည်တော်သစ် နာလန္ဒ၏ ကိုယ်စားလှယ်တော်အပြစ်ပြင့် ဤကြက် သရေမင်္ဂလာနှင့် ပြည့်စုံသော ဆဋ္ဌသံဂါယနာတင် မဟာ ဓမ္မသဘင် ပွဲတော်ကြီးသို့ တက်ရောက်ရန် တပည့်တော်အား ဘီဟာ အစိုးရက အသိအမှတ် ပြုခဲ့ပါသည်၊ ဗုဒ္ဓရှင်တော်ဘုရား မဟာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဥကြိမ်တိုင်တိုင် သံဂါ ယနာ ဆင်ယင် ကျင်းပ ခဲ့ပြီးသော မဂဓ တိုင်း ပြည်ရှိ ပြည်သူ ပြည်သားများထဲမှ မေတ္တာ အစစ် အမှန်တို့နှင့် တကွ ကောင်းချီး မင်္ဂလာ အပြာပြာ တို့နှင့် ပြည့်စုံသည့် နှုတ်ခွန်းဆက် သန္ဒေသကထာ များကို ဤသံဂါယနာတင် မဟာဓမ္မသဘင်ကြီးသို့ ယူဆောင် လာရခြင်း ဖြစ်ပါသည်၊ မြန်မာပြည်၏ ကောင်းစု ကောင်းကျိုး[illegible]ထူးလိုလားသည်က တကြောင်း ဗုဒ္ဓရှင်တော်ဘုရား၏ဒေသနာတော်ကို ကြည်ညိုလေးစားသည့် အထိမ်းအမှတ် အပြစ်ပြင့် ရဟန်းတော် အရှင်သာရိပုတ္တရာ ပူဇော်ရာ ဇာတိနှင့် ပရိနိဗ္ဗာန် စံလွန်တော် မူသည့် နေရာ ဖြစ်သော နာလန္ဒ ခန်းမကြီးအနီး၌ တည်ထားသော အရှင် သာရိပုတ္တရာစေတီအနီးမှ တူးဖော် ရရှိခဲ့သည့် ရုနိုင် ခဲသော ဓွေးဟောင်း တံဆိပ် တခုကို ကျွန်ုပ်နှင့် အတူတကွ ယူဆောင်လာခဲ့ပါသည်။

"ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ
တထာဂတော အာဟ တေသံ စ ယော
နိရောဓ ဝဝါဒီ မဟာသမဏော"

မြန်မာပြည်နှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာဝင် နိုင်ငံ အချင်းချင်း ပူးပေါင်းလျက် ရှိကြပါသော ဤဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီးသည် ဤတံဆိပ် တော်၏ အာနုဘော် တော်ကြောင့် ရည်မှန်းချက် အဝဝတို့ အထမြောက် အောင်မြင်ပြီးလျှင် ဂုဏ် ကြွယ်သရေ အပြာပြာတို့နှင့် ပြည့်စုံပါစေသောဝ်—

ဤနိုင်ငယ်တွင် ဝိပတ္တိ ဘေတ်နှင့် တွေ့ကြုံခဲ့ရကား ဗုဒ္ဓသာသနာ တော်ကြီးသည် ဤနိုင်ငယ် အကြွင်းမဲ့ ပျောက်ကွယ် သွားခဲ့ချေသည်၊ ယခုတဖန် ဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီး စတင် ကျင်းပ ဆင် နွှဲလျက် ပါဠို ပိဋကတ်တော်များကို ဤနိုင်ငယ် ပြည်သို့ ဒေဝနာဂရီ အက္ခရာများဖြင့် ပြန်ပြုံးရန် ဆောင်ရွက်လျက် ရှိနေ သည်မှာ မြန်မာပြည်က ဤနိုင်ငယ်သို့ သာသနာတော်၏ ဂုဏ်ကျေးဇူးတော် ကို တုံ့ပြန် ဆပ်လိုက်ခြင်းပင်ဖြစ်ပေသည်။

"ဓမ္မဒါနံ သဗ္ဗဒါနံဇိနာတိ" ဟု ဗုဒ္ဓရှင်တော် ဘုရား မိန့်မြွက်တော် မူသည့် အားလျော်စွာပြန်မာ ပြည်မှ ဓမ္မဒါနသည် ပေါ် လွင်၍ မြင့်မြတ်သော အလှူဒါနကြီး ပေတည်းဟု ဆုဝင်တွင် ဖွေစာလုံး များပြင့် မှတ်တမ်းတင်ရပေလိမ့်မည်။

ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသည် ဓမ္မကွန်ဖရင့် တရားတော်တည်းဟူသော စက်ရဟတ်၏ အထက်ဘက်သို့ စတင်၍ လည်ပေသော အမှတ်တခု ပင် ဖြစ်ပေလိမ့်မည်၊ ဗုဒ္ဓကမ္မဘတဝ်မ်းလုံးမှ သံဃာ တော်များလည်း ပါဝင် ဆင် နွှဲကြပါသောကြောင့် ဤမဟာ ဓမ္မဘသင်ကြီးသည် နိုင်ငံတကာတော် တွင် မြိုင်ဆိုမေပေါ် ဘဲ တခမ်းတနားသိုက်မြိုက်လှုပါ ပေသည်။

ဤ မဟာ ဓမ္မသဘင်ကြီးသည် ကမ္ဘာအဝှမ်း၏ ချီးမွမ်း ထောမနာ ပြုခြင်း တို့ကို ခံယူရမည့် အပြင် တဖန် တပည့်တော်ကလည်း မေတ္တာ ဖွေထား၍ နာလန္ဒ ပါဠို တက္ကသိုလ်၏ ကိုယ်စား သံကူစွကါရဝ ဖွေထား၍ လျှောက်ထား အပ်ပါသည်ဘုရား။

NAMO BUDDHAYA CHATTHA SANGĀYANĀ

SANDESO—THE MESSAGE OF GOODWILL

THE MOST VENERABLE HOLY SANGHA, THE HONOURABLE PRIME MINISTER, AND THE DEVOTED BUDDHIST LAITY OF BURMA.

SIRS,

I have been authorised by the State Government of Behar to represent at this august conference the newly wakened and restored Nalanda, the birth place and home of the first two great disciples of Lord Buddha, Arahant Sāriputta and Mahāmoggallana. I bring unto this Sangāyanā the heartiest greetings and the best mettā of the men and women of MAGADHA, the land that had witnessed the first three Sangitis after the Mahā-parinibbāna of the Buddha. As a token of devotion to the Dhamma and high regards for Burma, I have brought an ancient rare seal from Nalanda unearthed from the vicinity of the Sariputta Chetiya, that had been erected on the chamber of Nalanda in which the Arahant Sāriputta was born and also got his Parinibbāna. This seal bears the words "Ye dhammā hetuppabhavā tesam hetu Tathāgata āha, tesam ca yo nirodha evam vādi Mahāsamano ti." By the grace of these words of the Buddha may the Chaṭṭha Sangāyanā be glorious and obtain success in the noble ideals with which it had been convened by Burma, with best co-operation of the Buddhist world.

Most unfortunate days fell on India, and she lost the Dhamma completely. Now, how very significant it is that Burma is going to pay back the spiritual obligation to India by holding the Chaṭṭha Sangāyanā and undertaking to send India the Pāli Tipiṭaka in Deva-nagari characters. The Buddha has said "Dhamma dānam sabba dānam jināti." This Dhamma dānam by Burma to India will be high and sublime. History will record it in gold.

This Sangāyanā will mark the ascending point of the revolving wheel of the Dhamma. It is uniquely great in importance and grandeur inasmuch as it has been participated in by the members of the Sangha from the entire Buddhist world. This Sangāyanā will command the universal acceptance and sanction and once more on behalf of Nalanda I offer best regards and Mettā.

Yours in the Dhamma,

BHIKKHU JINANANDA,
Professor of Pāli and Buddhology,
Pāli Institute, Nalanda, Patna.

http://www.dhammadownload.com



ဂျာမနီ ဥဏှတီလေဒက အရှင်မြတ်၏
သဝဏ်လွှာကို ဂျာမနီ ဥဏှပုဏ္ဏိက
အရှင်မြတ် ဘတ်ကြားတော်မူနေပုံ

Ven. Nyanaponika reading the Message from Ven. Nyanatiloka Mahāthera

http://www.dhammadownload.com

ဂျာမနီပြည်ဆရာတော် ဥာဏတိလောကမဟာထေရ်၏ သန္ဒေသကထာ

သံဂီတိ ကာရက မဟာထေရ် အရှင်သူမြတ်တို့ ဘုရား။

တပည့်တော်၏ ဆရာ အရှင် ဥာဏတိလောက မဟာထေရ် သည် လည် ချောင်း နာ စွဲ ကပ် ပါ၍ သဃာတော်မြတ်တို့အား မိမိကိုယ်တိုင် သန္ဒေသ ကထာ မလျှောက်ကြားနိုင်သည်ကို အထူး ဝမ်း နည်း ပါသည် ဘုရား၊ အရှင် ဥာဏတိလောက မဟာထေရ် ညွှန်ကြားချက်အရ တပည့်တော်သည် ထိုအရှင်သူမြတ်၏ သန္ဒေသကထာကို အရှင်ဘုရား တို့ထံ ဘတ်ကြား လျှောက်ထား ပါသည်ဘုရား၊ မဟာထေရ် လျှောက်ထားချက်မှာ—

ဗုဒ္ဓဝင်တွင် မှတ်တမ်းတင်ရမည့် ဤဆဋ္ဌ သံဂါ ယနာတင် မဟာ ဓမ္မသဘင် ပွဲကြီးသို့ တက်ရောက် ကြရသဖြင့် တပည့်တော်တို့မှာ လွန်စွာ နှစ်ထောင်း အားရ ဝမ်းသာလှပါသည်၊ ဤမဟာဓမ္မသဘင် ပွဲ တော်ကြီး အောင်မြင်ရေး အတွက် ကြိုးစား အား ထုတ် ကြကုန်သော သံဃာတော် များနှင့် ပြည် ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့်တကွ ဒါယ ကာ အပေါင်း တို့အား အထူး ကျေးဇူး တင်ရှိ ပါသည်၊ မြန်မာပြည်သူ ပြည်သားတို့၏ စွမ်းရည် သတ္တိ စွန့်စားခြင်းနှင့် ယုံကြည်မှုများကို တပည့် တော်တို့က အထူးပင် ချီးကျူးမိပါသည်။

ရှေးထုံးတမ်း စဉ်လာ အရ စုဆောင်းခဲ့သည့် ဗုဒ္ဓ ရှင်တော် ဘုရား၏ ပိဋကတ်တော်များကို သန့် ရှင်း စင်ကြယ်ရန် လုပ်ငန်း ဆောင်တာ တရပ် အနေဖြင့် ဤ သံဂါယနာ မဟာဓမ္မသဘင်ကြီက ထိန်းသိမ်း စောင့်ရှောက်ရပေမည်၊ အလွန် အရေး ကြီးသည့် လုပ်ငန်း တရပ် ဖြစ်သည့်အားလျော်စွာ သင်ကြား လေ့လာသူများ အတွက် ကျွန်ုပ်တို့၏ ပိဋကတ်တော်များသည် ယုံကြည် အားထားနိုင်



ဥာဏပုဏ္ဏိက အရှင်မြတ်ပုံ

Ven'ble Nyānaponika

သည့် မူမှန်ဖြစ်သော ပိဋကတ် တော်များ ဖြစ်ရပေ မည်၊ ချိုယွင်းချက်များ ဖြည့်စွက် ချက်များနှင့် အယူအဆ လွဲမှုများ အတွက် အခွင့်အရေး ပေးရန် မလိုတော့ပါ၊ ပိဋကတ် တော်များမှ စကားလုံးများ သည် သက်သက်မျှသာ လုပ်ကြံ စီစဉ်ထားသည့် ပမာ "ခေတ်မှီ ပညာရှင်များ" အမည်ခံ လူများက ထင်မြင် ပြောဆိုလေ့ ရှိကြပါသည်၊ သဗ္ဗညုတဥာဏ် ရှင် ဘုရားသခင်၏ မိန့်ကြားမြွက်ဆိုချက် များမှာ "ဇကန္တိက ဒေသနာ" ဖြစ်ကြောင်း များကို သူတို့ က မေ့လျော့ နေကြပါသည်၊ ရှင်တော်ဘုရားဒေသ နာတော်၏ သန့်ရှင်း စင်ကြယ် ရေးကို ကာကွယ် စောင့်ရှောက် ထိုက်ပေသည်၊ နည်း အမျိုးမျိုးသုံး၍ အခိပ္ပါယ် မကွဲပြားသည့် စကားလုံး ပိုများသည် ယခုအခါမှာ မည်သည့် ခေတ်မှီပုဂ္ဂိုလ်မဆို ရှုပ်ထွေး စေ၍ လမ်းလွဲသို့ ပို့ဆောင် စေပါသည်၊ ရှင်တော် ဘုရား သဗ္ဗညုတ ဥာဏ်တော်၏ အနှစ်သာရတို့နှင့် ပြည့်စုံသောသန့်ရှင်းစင်ကြယ်သည့် မူရင်းဖြစ်သော ဒေသနာ တော်သည် သာလျှင် အတိုးအနဂ္ဃ ထိုက် တန်ပါသည်၊ သန့်ရှင်း စင်ကြယ်သည့် ဒေသနာ တော်သည် သာလျှင် အမြော်အမြင် နားလည်မှု တို့နှင့်တကွ မြင့်မြတ်သော အကျင့်အကြံ တို့နှင့် ပြည့်စုံ ပါသဖြင့် အားထားစရာ နည်းပေး လမ်းပြ တရပ် ဖြစ်ပေမည်၊ အကွရာ ချတ်ယွင်းချက်များ မရှိဘဲ သန့်ရှင်း စင်ကြယ်၍ မူမှန်ရမှသာ ရှင်တော် ဘုရား၏ ဒေသနာ တော်ကို ပကတိ မူရင်း အတိုင်း မှတ်သား နားလည် နိုင်ပေသည်၊ ဤအရေးကြီး သော ကိစ္စ အတွက် ဆဋ္ဌသံဂါယနာ မဟာ ဓမ္မ သဘင်ပွဲကြီးကို အထမြောက် အောင်မြင်ရန် ကြိုး စား အားထုတ်ကြကုန်သော လူ အပေါင်းတို့အား ကောင်းကြီး မဂ်လာ အဖြာဖြာတို့နှင့် ပြည့်စုံကြစေ ရန် စေတနာ ရှေ့ထား၍ တပည့်တော် ကြည်ဖြူစွာ ဆုတောင်းလိုပါသည်။

တပည့်တော်၏ မွေးဖွားရာ ဇာတိ ဖြစ်သည့် ဂျာမဏီပြည်ရှိ ဗုဒ္ဓ ဘာသာဝင် အပေါင်းတို့နှင့် ဂျာမန် စကား တတ်ကျွမ်းသည့် ဗုဒ္ဓ ဘာသာဝင် များ နှင့်တကွ ဩစတရီးယားနှင့် ဆွစ်ဇာလင် ဗုဒ္ဓ ဘာသာဝင် များသည် ဤ မဂ်လာ ရှိသော အခါ သမယဝယ် ယခုစုဝေး လာရောက်ကြကုန်သော သံဃာတော် မထေရ် မြတ်တို့အား တပည့်တော်နှင့် တကွ တူစုံ ယှဉ်ခွဲကာ ရှိသေစွာဂါရဝ ပြုပါကြောင်း

နှစ်ပေါင်း ငါးဆယ်ကျော်က တပည့်တော်၏ ကာမာဝစရ ကုသိုလ်အဟုန်ကြောင့် ဤမြန်မာပြည် သို့လာရောက်ခါ ပဌမ ဂျာမန် ပဗ္ဗဇိတ အဖြစ်သို့ ခံယူခဲ့ပါသည်၊ တပည့်တော်ရဟန်းအဖြစ်သို့ ရောက် သောအခါ ရှေ့အတို့တွင် ဤမြန်မာပြည်၌ တပည့် တော် အတွက် အဘယ်ကဲ့သို့သောအကျိုးကျေးဇူး များ ရရှိ လိမ့်မည်နည်းဟု တပည့်တော် ထိုစဉ်က ပင် မြော်မှန်း မိခဲ့ပါသည်၊ ထိုမြော်မှန်းချက်များ အတိုင်းပင် တပည့်တော် အနောက်နိုင်ငံ သံဃာ တော်များ အတွင်းမှ ပဌမ အကြိမ် ဤသံဂါယနာ မဟာဓမ္မ သဘင်ကြီးသို့ ဝင်ရောက် ဆင်ခွဲရခြင်း ဖြင့် သာသာနာတော်အကျိုး သည်ပိုးထမ်းဆောင် ရပါသောကြောင့် ယခင်က တပည့်တော် မြော်မှန်း ခဲ့သည့် အကျိုး ကျေးဇူး ပြည့်စုံ ပေသည်ဟုဆိုနိုင် ပါသည်။

ကမ္ဘာ့လေးမျက်နှာမှ သံဃာအပေါင်းတို့သည် (စတုဒ္ဒိသသံဃာ) ရှင်တော် ဘုရား၏ သာသနာ တော်ကြီးကို တပည့်တော်တို့၏အနောက်နိုင်ငံများ သို့ တိုးတက် ပျံ့နှံ့ ခိုင်မြဲ စေရန် ကြိုးစား အား ထုတ်မည် ဟု တပည့်တော်က ယုံကြည်စိတ်ချ မြော်

http://www.dhammadownload.com

ဂျာမကိ်ပြည် ဆရာတော်ဥာဏတိလောက မဟာထေရ်၏ သန္ဒေသကထာ

လင့်လျက် ရှိပါသည်၊ အထူး စိတ်ထက်သန်သော သီဟိုဠ် ဗုဒ္ဓဘာသာဝင်များသည် ဂျာမနီသို့ သာသနာ ပြုရန် နှင့် သံဃာတော်များ သီတင်းသုံးရန် အတွက် ရည်မှန်း၍ "လင်္ကာ ဓမ္မ ဒူတ အသင်း" (Lankā Dhammaduta Society) တည်ထောင်ပြီး ကြောင်း တပည့်တော်က ဝမ်းမြောက်စွာနှင့် အကြောင်းကြားအပ်ပါသည်၊ သာသနာသက္ကရာဇ် နှစ်ထောင့်ငါးရာ ဝိသာခါပုဏ္ဏမီအခါတော် မတိုင်မီ ဂျာမနီသို့ သွားရောက်၍ သဃ်ဘ့ိုက်ား ထောင်ရန် ရည်ရွယ်ပါသည်။ ဂျာမနီ မြေပေါ်၌ ဥပသမ္ပဒာ ခံယူ၍ ပဌမဂျာမန် ရဟန်းပေါ် ထွက်မည်ဟု မျှော်လင့် ရပေသည်၊ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွါးစေရန် ရည်သန်လျက် ဤ ရည်မှန်းချက်များ အောင်မြင်အထမြောက်ပါက သာသနာသက္ကရာဇ် နှစ်ထောင့်ငါးရာပြည့်သည့် ဆာသနာတော်အတွက် မှတ်တမ်း တင်ရမည့် အချိန် အခါကြီး ပေတည်း၊ တပည့်တော်၏ ဇာတိဖြစ်သည့် ဂျာမနီ နိုင်ငံမှာ သာသနာထောင်ဝါ ထူန်းလင်းစေရန် ဤမဟာဓမ္မသဘင်ကြီး၏ ကောင်းခြီး မင်္ဂလာ မေတ္တာ တို့ကို တပည့်တော် ခံယူပါရစေ။

ပိုးသောက်ယာမ် လင်းထောင်ခြည်မှ ပေါ်ထွက်သော ထူန်းသစ်စ နေကဲ့သို့ ဤဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီးမှ သာသနာ့ အလင်းထောင်ခြည် တို့သည် ကမ္ဘာ တဝှမ်းလုံးသို့ ပြန့်နှံ့. ၍ သာသနာ ထောင်ဝါ ထူန်းတောက်ပါစေသတည်း။

မောဟ ပုံးလွှမ်းလျက် ရှိသော ကမ္ဘာတဝှမ်းလုံးသို့ ဤဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီးမှ မေတ္တာတည်းဟူသော အချစ် ထောင်ခြည် တို့သည် ကမ္ဘာ တဝှမ်းလုံးသို့ ပြန့်နှံ့. နိုင်ပါစေ သတည်း။ အဝိဇ္ဇာမှောင်ဖြင့် ပုံးလွှမ်း ရွှမ်းထူးလျက် ရှိသော ကမ္ဘာတဝှမ်းလုံးသို့ ဤဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီးမှ ပညာတည်းဟူသော အလင်း ထောင်ခြည်တို့သည် ပြန့်နှံ့. နိုင်ပါစေသတည်း၊ ကိုယ်ကျိုးမငဲ့ဘဲ သာသနာတော်ကို ကြည်ညို လေးစားမှုနှင့် စွန့်စား အားထုတ်မှု များသည် သာလျှင် ယခု အချင်းချင်း နိုင်ထက်ကလူ ညှဉ်းပန်းခြင်းပြင့် ခြိမ်းခြောက် ခံနေရသည့် ကမ္ဘာသူ ကမ္ဘာသား တို့ကို အပြီးတိုင် ကယ်တင် နိုင်ပေမည် ဖြစ်ပါသည်။

သာသနာတော်ကြီးသည် အဓွန့်ရှည်စွာ တည်တန့် ခိုင်မြဲ၍ ကမ္ဘာ တဝှမ်းလုံးကို ငြိမ်းချမ်းရေး ဖန်တီး ပေးနိုင်ပါစေသတည်း။

MESSAGE OF THE VEN. NYANATILOKA MAHĀTHERA

(Read by Ven. Nyanaponika Thera)

With permission of the Maha Sangha. The Venerable Nyantiloka Mahathera regrets it very much that a throat ailment prevents him from addressing the Maha Sangha directly. He has requested me to read his message on his behalf. The Mahathera says :—

"We are very happy to be present at an event of such great importance for the Sāsana as the Chaṭṭha Sangāyanā, and we are full of admiration for the faith, courage and sacrifice that has gone into its realization. We have all reason to be grateful to the Sangha, the Government and the laity of the Union of Burma, for making all this possible.

The Sangāyanā has the task to preserve the purity of our traditional texts containing the words of the Enlightened One. It is a very important task, indeed, to see to it that the reliability of our traditional texts inspires confidence in those who study them, and that the texts give no chance for distortions, additions and misinterpretations. There may be so-called "modern minds" who may think that this amounts just to a cult of mere words. But they forget that we are dealing here with the clear, unambiguous words of an Enlightened One, deserving to be protected in their purity as a contrast to the mass of ambiguous verbiage and theories that confuse and mislead modern man today. Only the pure Dhamma that retains the precious flavour of Enlightenment, will be a reliable guide to wise understanding and noble action. In an unambiguous teaching (ekamsika-desana), the purity of understanding is based on the purity of the wording. It is, therefore, my heartfelt wish that this important task of the Chaṭṭha Sangāyanā may be completed successfully, and bestow its blessings on those who perform it, and help in performing it.

I have no doubt that these will also be the wishes of the Buddhists of Germany, the country of my birth, and that all German-speaking Buddhists, in Germany itself, in Austria and Switzerland, will also join me in my homage to the Maha Sangha assembled here, and in the joy that fills us in this happy hour.

It was my good Kamma to become the first German Buddhist monk, having been ordained here, in Burma, 50 years ago. I believe that it is not without meaning and consequence that this is the first Sangāyanā in which Western Bhikkhus take part. This fact fills me with hope and confidence that the "catuddisa-sangha", the Sangha of the four quarters of the world, will extend also to the West and take firm roots there. I am happy to tell you that enthusiastic and devoted Buddhists of Ceylon have formed a "Lanka Dhammaduta Society", with the intention to send, before Vesak 2500, a mission to Germany, and to establish the Sangha there. It is hoped that the year 2500 will see the first Upasampada on German soil. The realization of these plans will be a notable contribution to the hopes we cherish for the year 2500, regarding the spreading of the Sāsana. May I beg the Maha Sangha for its blessings to that Sāsana work in my home country, Germany.

May this Chaṭṭha Sangāyanā prove to be the Aruna, the morning dawn, for a new sunrise of the Sāsana! May the sun of the Saddhamma spread the warm rays of Mettā over a world so full of hate; may it spread the clear light of wisdom over a world so full of confusion and ignorance! May all these efforts and achievements of which we are and will be witnesses, convince the world that selfless devotion can be strong enough to conquer all obstacles and finally save the world from the self-destruction threatening it now.

May the Sāsana endure long and bring its message of peace to the whole world!

http://www.dhammadownload.com

ဗီယက်နမ်ပြည် ဆရာတော်နာဂမထေရ်၏ သန္ဒေသကထာ

မဟာ သံဃာတော် အရှင် သူမြတ်တို့အား ထေရဝါဒီ ဂိုဏ်းဝင် ဗီယက်နမ် ကိုယ်စားလှယ်တော်များ၏ ကိုယ်စား ဘုရား တပည့်တော် ရှိသေသမှု ဂါရဝ ပြုအပ်ပါသည်ဘုရား။ ရပ်ဝေး ရပ်နီး ကမ္ဘာ တဝှမ်းလုံးမှ လာရောက်ကြကုန်သော ညီအစ်ကို မောင်နှမ အားလုံးတို့အား ကျွန်ုပ် နှစ်ထောင်း အားရ နှုတ်ခွန်း ဆက်သလိုက်ပါသည်။

ဤမဟာ ဓမ္မသဘင် ဖွင့်ပွဲသို့ ကျွန်ုပ်တို့ တက်ရောက် ဆင်နွဲနိုင်ကြရန် အခွင့်အလမ်းကို ဖန်တီး ပေးကြပေသော ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရနှင့်တကွ ဗုဒ္ဓသာသနာ အဖွဲ့တို့၏ ဂုဏ်ကျေး ဇူးများကို ကျွန်ုပ်တို့က မမေ့ ကြပါကြောင်း။

ယခုအခါ ဗီယက်နမ် ပြည်၌ ရက်စက် ကြမ်း ကြုတ်လှသည့် စစ်ကြီး ဖြစ်ပွါးကာ မရပ်မစဲ တိုက် ခိုက်လျက် ရှိပါသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော် အစိုးရနှင့်တကွ ဗုဒ္ဓသာသနာအဖွဲ့ ထံမှ လို အပ်သော အကူအညီ အထောက်အပံ့ များကိုသာ မရရှိပါက၊ ကျွန်ုပ်တို့မှာ ဤသဘင်သို့ လာရောက် နိုင်ရန် အတွက် ကျွန်ုပ်တို့၏ အစိုးရထံမှ အခွင့်အမိန့် ရယူရေးတွင် အခက်အခဲများစွာ တွေ့မြင် ကြရမည် သာ ဖြစ်ပါသည်။ လာရောက် နိုင်ကြမည်လည်း မဟုတ်ပါကြောင်း။

ဗီယက်နမ်ပြည် ထေရဝါဒီဂိုဏ်း ဗုဒ္ဓ ဘာသာ ဝင်များသည် အရေအတွက် အားဖြင့် နည်းပါးကြ၍ အင်အားလည်း ချိုင့်ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ ထေရ ဝါဒီ ဂိုဏ်းဝင် အားလုံးပင် သဒ္ဓါ တရား အားဖြင့်ကား ထက်သန်မြဲမြံ ကြပါသည်။ ကျွန်ုပ်တို့ ထေရဝါဒီ ဂိုဏ်းဝင် ဦးရေမှာ တထောင် ကျော်မျှ ရှိပါသည်။ ဆေးဂုံမြို့တွင် ထေရဝါဒီဘုရား



ဗီယက်နမ်ပြည်အရှင်နာဂထေရ်နှင့် အရှင်ဗုဒ္ဓပါလထေရ်တို့အား သံဂီတိကာရကစင်မြင့်များတွင်တွေ့ရပုံ

Ven. Nāga Thera and Ven. Buddhapāla Thera of Vietnam

ကျောင်း ၄ကျောင်း သာ ရှိပါသည်။ သို့ရာတွင် မဝေးလှသော အနာဂတ် ကာလ၌ ဗီယက်နမ်နိုင်ငံ သည် ရာနှုန်းပြည့် ထေရဝါဒီ နိုင်ငံတခု ဖြစ်လာလိမ့် မည်ဟု ကျွန်ုပ်တို့က မျှော်လင့်တောင့်တလျက်ရှိကြ ပါသည်။ ဤမဟာ ဓမ္မသဘင် ကြီး၌ တက်ရောက် လျက် ရှိတော်မူကြသော ကျေးဇူးရှင် ကမ္ဘောဇ သံဃ ရာဇာ သာသနာပိုင် မဟာထေရ် အရှင်သူ မြတ်ကလည်း ကမ္ဘာ အရပ်ရပ်ရှိ မည်သည့်ပုဂ္ဂိုလ် မည်သည့် လူမျိုးမဆို ဗုဒ္ဓဘာသာနှင့် အကျိုးဆက် သွယ်လျက် ရှိကြောင်း ထင်ရှား စေရန် ရည်သန် တော်မူလျက် ကျွန်ုပ်တို့အား ကျေးဇူး များဘွယ် အကူအညီများကို ပေးတော် မူလျက် ရှိပါကြောင်း

ပျော်ရွှင်စွာ ဆင်နွဲလျက် ရှိကြသည့် ဤပရိ သတ်အလယ်၌ သာသနာ့ အလှူဒါန မျိုးစေ့က လေး တစေ့ကို စိုက်ပျိုးသည့် အနေဖြင့် ဆင္ဌသံဂါ ယနာ မဟာဓမ္မ သဘင်ကြီး အထမြောက် အောင် မြင်စေရန် အတွက် အရေအတွက်အားဖြင့် မများ လှသော မြန်မာငွေ ကျပ်တထောင်နှင့် ဗီယက်နမ် အနုပညာ လက်ရာ ဖြစ်သည့် ပဏ္ဏာ လက်ဆောင် တခုကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ ကျွန်ုပ် တို့က ဝမ်းမြောက် ဝမ်းသာ ရှိသေစွာ လှူဒါန်း ပူဇော် အပ်ပါကြောင်း။

ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူး တို့ကြောင့် ဤဆင္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီးသည် လူ သတ္တဝါ အပေါင်းတို့အား ချမ်းသာ သုခ အဝဝနှင့် ငြိမ်းချမ်းရေးကို ပေးနိုင် ပါစေသတည်း ဟူ၍လည်း ကျွန်ုပ်တို့ ဆုတောင်းလျက် ရှိကြပါကြောင်း။

မြန်မာ ဗုဒ္ဓဘာသာ ဝင်များ ဖြည့်ဆည်းပူးခဲ့ ကြသည့် ပါရမီသမ္ဘာရအဝဝကိုဘာသာသမိုင်းကြီး တွင် ကမ္ဘည်းရွှေစာဖြင့် တည်မြဲစွာ မှတ်တမ်းတင် ထားသင့်ပါကြောင်း။

ဤမွန်မြတ်လှသည့် သာသနာ့ ကိစ္စကို ဆောင် ရွက်ရာ၌ ကျွန်ုပ်တို့သည် ဤမျှလောက်သော အ ကျိုး ကျေးဇူးမျှနှင့် ရောင့်ရဲ တင်းတိမ်ခြင်း မရှိဘဲ အစစ် အမှန် သန္တိ သုခနှင့် ပြည့်စုံသော နိဗ္ဗာန်ကို ဆောလျင်စွာ မျက်မှောက် ပြုနိုင်သည့်ကိုယ် ဖြစ် ရပါလို၏ ဟူ၍လည်း ဆုတောင်း ကြပါကြောင်း။

ဝေနေယျ သတ္တဝါအပေါင်း ရွှင်လန်းချမ်းမြေ့ ကြပါစေသတည်း။

http://www.dhammadownload.com

SPEECH BY VEN. NĀGA THERA, HEAD, VIETNAM DELEGATION.

VEN'BLE SIRS, BROTHERS AND SISTERS,

On behalf of the Vietnamese Theravāda delegation, we respectfully worship the Mahā Sangha and pay our warmest greetings to all brothers and sisters coming from far and near in the whole world.

We also do not forget the gratitude of the Burmese Government and the Union Buddha Sāsana Council who have given us an opportunity to participate in this solemn and historical ceremony.

Ven. Sirs, Brothers and Sisters,

While, there is in Vietnam a cruel and ceaseless war, we have to exert with much difficulties to get the authorities from our Government to come here, if without the help of the Burmese Government and Union Buddha Sāsana Council.

As for Theravāda Buddhism in Vietnam, we are very small and poor party but we are with faithful heart. We are more than one thousand disciples and there are only four Theravāda Temples is Saigon, but we are hoping that one day, in future, Vietnam shall be a perfect Theravadin country. By the grateful helping of the Cambodian Mahāthera, His Eminence the Sangharājā who is present here, in order to show the connection of Buddhism between mankind and races everywhere in the whole world.

In the middle of the happy atmosphere, we are very glad to sow a little seed in the Buddha Sāsana, however small, we with respect, offer one thousand rupees and one Vietnamese art to the Union Buddha Sāsana Council for the purpose of Chaṭṭha Sangāyanā. We are also hoping that, by the blessings of the Triple Gem, the Chaṭṭha Sangāyanā shall bring the happiness and peace to mankind.

All Burmese Buddhist virtues thus should be written in the golden book of Buddhism.

Not only this high honour but also the Nibbāna bliss we attain by performing our duty in this noble affair.

May all beings be happy!

Thanking you.

သီဟိုဠ်ကျန်းကလဏီယမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီး၏ကျောင်းအုပ်ဆရာတော်သီရိပညာသာရနာယကထေရ၏ သန္ဒေသကထာ

လူ အမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြသော တိုင်းပြည် အသီးသီးမှာ နေထိုင်ကြသည့် ဘုရား၏ တပည့်သား အကျန်ပ်တို့ အားလုံးပင် ယခုကဲ့သို့ တနေရာ တဌာနတည်းမှာ တစုတဝေး တည်း စည်းဝေး ပေါင်းဆုံ အချင်းချင်း တွေ့ကြုံကြရခြင်း၊ မဆုံကပင် အချင်းချင်း ပြောဆို ဆွေးနွေးကြရခြင်းသည် နက္ခတ်ကောင်း မင်္ဂလာကောင်းပင် ဖြစ်ပါသည် အရှင်မြတ်တို့ ဘုရား။

အရှင်ဘုရားတို့၊ ယခုအခါ အကျွှမ်းထွန်းကား နေသော ဤကမ္ဘာ လောကကြီးမှာလူအချင်းချင်း သားသမီး ဟု အထင်ကပ်ကာ သတ်ဖြတ် နေကြမည့် သတ္ထန္တရကပ်၊ ဤဩကာသ လောကကြီးနှင့် တကွ လူမျိုးပါ မြတ်စွဲ ပျောက်ပျက် ဘာမျှမကျန် တော့မည့် သံဝဋ္ဋကပ်မျိုးမှာကဲ့သို့ နိုင်ငံ တကာ ဖွင့်ပင် လူ အားလုံးတို့သည် စစ်ဘေး သေဘေးမျိုး ကို ကြောက်လန့်ကြရှိ အတိုင်းထက် အလွန် ဆင်း ဆင်းရဲရဲ နေထိုင်ကြရကုန်၏ ဟူသော အကြောင်း ကို လောကကြောင်း နားလည်သော ပညာရှိ အားလုံးတို့ပင် သိမှတ် ပြောဆို နေကြပါသည်။

ဘုရား၏ တပည့်သား ဖြစ်သော အကျွန်ုပ်တို့ ကား ငြိမ်းချမ်းရေး ဝါဒ၊ မခြင်းဆဲရေး ဝါဒ၊ အတ္တ ဆိတ်သုဉ်းရေး ဝါဒ မိမိ စိတ်ထား ဖြူစင်ရေး ဝါဒ တို့နှင့် ပြည့်စုံ ဖြူစင်သော ဘုရား သာသနာတော် ကဲ့သို့ ဤသို့ သဘောရှိသော ကြက်သီး မွေးညှင်း ထသွယ် ဖြစ်သော ကြီးမားသော ဘေးကို ပယ် ဖျောက်ရန် နောင်အခါ မဖြစ်ပေါ် စေရန် ဖြစ်စေ နိုင်သော တစုံတခုသော အကြောင်း အထောက် အပံ့ကိုမျှ မတွေ့မြင်ကြပါ။

အရှင် ဘုရားတို့၊ ထိုကြောင့်ပင် ယခုအခါ ကမ္ဘာ လောကကြီး တခုလုံးရှိ လူ အားလုံးကိုပင် ဘုရား၏ တပည့်သားများ ဖြစ်လာစေရန် ဘုရား၏ တပည့်သား အားလုံးတို့ကိုလည်း တရားမှန် သိရှိ တရား အားလျော်စွာ ကျင့်ကြံကြစေရန် မြတ်စွာ ဘုရား၏ သာသနာတော်ကိုလည်း ကြာရှည်စွာ တည်တံ့စေရန် ဆောင်ရွက်မှုမျိုးတို့ကား ကောင်း မွန် လျောက်ပတ်ပါပေသည်။

အရှင်ဘုရားတို့၊လောကကြောင်းကို နားလည် တော်မူသော မြတ်စွာ ဘုရားကလည်း ဤအဓိပ္ပါယ် ကို—စုန္ဒ၊ ထို့ကြောင့်ပင် ငါဘုရား အထူး သိပြီး ဟောထားသော တရားများ ရှိ၏၊ ထို တရားများ ကို သင်တို့ အားလုံးပင် ပေါင်းဆုံ စည်းဝေးကြ၍ အနှက် အနှက်ချင်း သဒ္ဓါ သဒ္ဓါချင်း (ညှိနှိုင်းကာ) သံဂါယနာ တင်ကြရမည်၊ မခြင်းခဲ့ကြရ၊ ယင်းသို့ သံဂါယနာတင်သည် ရှိသော် ဤသာသနာတော် သည် တာရှည်စွာ တည်တံ့ထွ၏၊ ထိုသို့ တည်တံ့ခြင်းသည် လူအများ အတွက် စီးပွါးဖြစ်ခြင်း၊ ချမ်း သာခြင်းငှါ လောကကို စောင့်ရှောက် ခြင်းငှါ၊နတ် လူတို့အတွက် အကျိုး များခြင်း၊ စီးပွါးဖြစ်ခြင်း၊ ချမ်းသာခြင်းငှါဖြစ်နိုင်ထွ၏—ဟု ဟောတော်မူခဲ့ ပါသည်။

အရှင်ဘုရားတို့ ဤသို့လျှင် တရားတော်ရှင် မြတ်စွာဘုရားသည် လည်း အနက် သဒ္ဓါနှင့် ပြည့်စုံ သော တရား ဟောပြောမှုကိုသာ ခွင့်ပြု တော်မူခဲ့ ပါသည်၊ မျှားစွာလည်း နှစ်သက်တော် မူပါသည်၊ ထိုသို့ ဟောပြောမှု သည်သာလျှင် သာသနာတော် ကြာရှည်စွာ တည်တံ့ရန် လူအများ အတွက်အကျိုး စီးပွါး ချမ်းသာ ဖြစ်ရန် လောကကို စောင့်ရှောက် ရန် ဖြစ်နိုင် ထုပါသည်၊ အနက် သဒ္ဓါမှ ကင်းသော တရား ဟောပြောမှု မျိုးကား ထိုကဲ့သို့ မဖြစ်နိုင် ထုပါ။

ဤသို့ အနက် သဒ္ဓါ ပြည့်စုံစိမ့်သောငှါလည်း သဒ္ဓါကျမ်းတတ် ပရိယတ် ကျမ်းကျင်သော ရဟန်း တော်တို့သည် စည်းဝေး ပေါင်းဆုံကြ၍ ရွေးအခါ က ငါ့ရှင်တို့၊ ဤအနက်မှာ ဤသဒ္ဓါ ထိုသဒ္ဓါ အဘယ် သဒ္ဓါကသာ၍ သင့်လျော်ပါသနည်း၊ ဤ သဒ္ဓါမှာ ဤအနက် ထိုအနက် အဘယ်အနက်က သာ၍ သင့်လျော် ပါသနည်း ဟု ဆွေးနွေးခဲ့ကြ သံဂါယနာ တင်ခဲ့ကြ ကုန်သကဲ့သို့ ယခုအခါမှာ လည်း ဆွေးနွေးကြ သံဂါယနာ တင်ကြပါသည် ဤသို့ ဆွေးနွေးခြင်း သံဂါယနာ တင်ခြင်းကား သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အ ကြောင်းပင် ဖြစ်ပါသည်၊ မြတ်စွာ ဘုရားလည်း ခွင့်ပြုတော် မူခဲ့ပါသည်။

ယခုအခါ ပိဋကတ် ကျမ်းဂန်တို့တွင် ထိုထို နေရာများ၌ အဓိပ္ပါယ် မရှိသော ပုဒ်တို့ကိုသာမက ဝါကျ များစွာတို့ကိုပင် တွေ့မြင် ရပါသည်၊ သဒ္ဓါ အမှားတို့ကား ပြောဘွယ်ရာပင် မရှိတော့ပါ။

ပုဒ်ဝါကျ အမှားများမှာ—

မဇ္ဈိမ နိကာယ် သုနက္ခတ္တသုတ်တွင် "အပိနု တဿ ပုရိသဿ တသ္မိံ ဝန္တေ ပုန ဘောတ္တု-ကမျတာ အဿ နောဟေတံ ဘန္တေ အဒ္ဒဂိ ဟိ ဘန္တေ ဝန္တံ ပရိကုလသမ္မတံ"ဟူ၍ဖြင်း "အသပ္ပါယံ စက္ခုနာ ရူပံ အနုယုဉ္ဇေယျ အသပ္ပါယံ မနသာ ဓမ္မံ အနုယုဉ္ဇေယျ အသပ္ပါယံ စက္ခုနာ ရူပံ အနုယုတ္တဿ အသပ္ပါယံ မနသာ ဓမ္မံ အနုယုတ္တဿ ထုဂေါ စိတ္တံ အနုဒ္ဓံသေယျ၊ သော ထုဂါနုဒ္ဓံသိတေန စိတ္တေန မရဏံ ဝါ နိဂ္ဂစ္ဆေယျ" ဟူ၍ဖြင်း၊ ဖြစ်သင့်

http://www.dhammadownload.com

သော ပါဠ်တို့၌ ယိုးဒယား မြန်မာ အင်္ဂလန် နိုင်ငံများမှာသာ မက သီဟိုဠ်ကျွန်းမှာပင် ကောင်းမွန်စွာ တည်းဖြဋ်၍ ပုံနှိပ်ထားသော စာအုပ်များ၌—

"တသို့ ဘတ္တေ တသို့ ဘုတ္တေ အဒုံ ဟိ ဘန္တေ ဘတ္တံ အဒုံ ဟိ ဘန္တေ ဝတ္တံ" ဟူ၍ဌင်း၊ "အသပ္ပါယံ စက္ခုနာ ရူပဒဿနံ အနုယုဉ္ဇေယျ အသပ္ပါယံ စက္ခုနာ ရူပဒဿနံ အနုယုတ္တဿ" ဟူ၍ဌင်း "သော ရာဂါနုဒ္ဓံသိတေနစိတ္တေနာတိ" ဟူ၍ဌင်း ရှိနေကြပါသည်၊

ဤကဲ့သို့ ပုဒ်ပါဠ်များ ချတ်ယွင်း တိမ်းပါးနေမှုကြောင့်ပင် အကျွန်ုပ်တို့ သီဟိုဠ်ကျွန်းသား ဂိုဏ်းကြီးသုံးဂိုဏ်းညီညွတ်စည်းဝေးကြ၍ မဟာနာယက အနုနာယက ထေရ်များအမှူးရှိသော စွမ်းနိုင်သော ရဟန်းတော်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော် မူပြီးနောက် နှစ်ပေါင်း ၂၄၉၃-နှစ် ပြည့်မြောက်သော အခါ ခရစ်သက္ကရာဇ် ၁၉၅၀-ခုနှစ် ဩဂုတ်လ ၁၅-ရက်နေ့တွင် အကျွန်ုပ်တို့၏ကျောင်း ဝိဇ္ဇာလင်္ကာရ ကျောင်း တိုက်မှာ ပေါင်းဆုံ စည်းဝေးကြ၍ မေ့ သံဂါယနာ တင်ခဲ့ကြပါသည်။

အကျွန်ုပ်တို့ ထိုမေ့သံဂါယနာသည် သုံးနှစ်ခြောက်လ ပြည့်သောအခါမှ ပဌမဆင့် ပြီးဆုံး ပါသည်၊ ယင်း ပဌမ ဆင့်၌ ဘုရားစကားတော် ဖြစ်သော ပိဋက သုံးပုံ အလုံးစုံကိုပင် ဝါကျ ပုဒ် အကွရာစဉ်အတိုင်း သံဂါယနာ တင်ကြရာ မိမိနိုင်ငံ နိုင်ငံခြားများမှ စာအုပ်သစ် စာအုပ်ဟောင်း များကို အချင်းချင်း တိုက်ဆိုင် ကြည့်ရှုကြကာ ပုဒ် ပါဠ်သုစ်သင်မှုကို ပြုခဲ့ကြပါသည်၊ ပုဒ်ပါဠ်ကွဲတို့ကိုလည်း ဆုံးဖြတ်ခဲ့ကြပါသည်။

ယခုအခါ မှာကား ထို မေ့ သံဂါယနာသည် ဒုတိယဆင့်သို့ရောက်ရှိနေပါပြီ၊ ယင်း ဒုတိယဆင့်၌ ပါဠ် ပါဠ်ချင်း၊ ဝါကျ ဝါကျချင်း၊ သဒ္ဒါ သဒ္ဒါချင်း အနက် အနက်ချင်း (ညှိနှိုင်း၍) သံဝါယနာတင်ကြပါသည်၊ ဆွေးနွေးကြပါသည်။

ထို့နောက် ဤနှစ်ကုန်လောက်မှာပင် အကျွန်ုပ်တို့၏ မေ့သံဂါယနာတင် တတိယ အဆင့်ကို စတင်ပြုလုပ်နိုင်လိမ့်မည်ဟု ထင်ပါသည်၊ ယင်းသံဂါယနာကို ပဉ္ဇသတိကသံဂါယနာ၊ ပဉ္ဇသတိကသဋ္ဌာယနာဟု ခေါ်ဆိုရပါမည်၊ ယင်း တတိယ ဆင့်၌ သဘာဝ အားလျော်စွာ သဒ္ဒါ အားလျော်စွာ၊ အာစရိယ ဝါဒ အားလျော်စွာ၊ အငွကထာဋီကာ အားလျော်စွာ ကောင်းစွာ မှတ်သား၊ ဆုံးဖြတ်စူးစမ်း၍ ကောင်းမွန်စွာ တည်းဖြဋ် ထားပြီးဖြစ်သော ဘုရား စကားတော် ပိဋကသုံးပုံ အလုံးစုံကိုပင် ရဟန်း သံဃာ ငါးရာကျော်တို့၏ အလယ်မှာ သံဂါယနာ တင်ကြပါမည်၊ ရွတ်ဆိုသရဇ္ဈာယ်ကြပါမည်။

အရှင်ဘုရားတို့ ထို့ကြောင့် ယခု ကဆုန်လပြည့်နေ့တွင် မြန်မာ နိုင်ငံတော်မှာလည်း ပရိယတ်အရာနှံ့စပ် လိမ်မာ၍ သဒ္ဒါကျွမ်းကျင်၊ ထက်မြက်၊ စူးရှ၊ စွမ်းနိုင်တော် မူကြသော သာသနာပိုင်အဂ္ဂမဟာ ပဏ္ဍိတစသော မဟာထေရ် မြတ်များ အမှူးရှိသည့် သာသနာ့ ဝန်ဆောင် ရဟန်းတော်များ ယခုကဲ့သို့ သဒ္ဒါ ပညာ လက်ကိုင်ထားကြသည့် ဝန်ကြီးချုပ်စသော နိုင်ငံတော် အစိုးရနှင့် အခြားအခြားသော ဒါယကာတို့၏ လိုလေသေး မရှိအောင် ထောက်ပံ့ကူညီမှုဖြင့် မေ့သံဂါယနာကို ဆောင်ရွက်နေကြခြင်းသည် ကျွန်ုပ်တို့ ဝိဇ္ဇာလင်္ကာရ တိုက်သားတို့အား ကြီးကျယ်သော မျော်လင့်ချက်ကို ဖြစ်စေပါသည်၊ နှစ်သိမ့်မှုကိုလည်း ဖြစ်စေပါသည်။

အရှင်တို့၊ အရှင်တို့၏ ဤဆောင်ရွက်ချက်ကား အထွဋ် အထိပ်ပင် ဖြစ်ပေသည်။ အရှင်တို့၊ အရှင်တို့၏ ဤဆောင်ရွက်ချက်ကား အမြတ်ဆုံးပင် ဖြစ်ပေသည်၊ ဤ ဆောင်ရွက်ချက်သည်သာ သာသနာတော် ကြာရှည်စွာ တည်တံ့ခြင်းငှါ ဖြစ်ပေသည်၊ ဤ ဆောင်ရွက်ချက်သည်သာ လူပေါင်း မြောက်မြားစွာ အတွက် အကျိုးများခြင်း၊ စီးပွါးဖြစ်ခြင်း ချမ်းသာခြင်းငှါ ဖြစ်ပေသည်။ ဤဆောင်ရွက်ချက်သည်သာ လူမျိုး အသီးသီး ဖြစ်ကြသော အကျွန်ုပ်တို့ ဘုရား တပည့်သားများ တလုံးတစည်းတည်း ညီညွတ်ကြခြင်းငှါ ဖြစ်ပေသည်။

အရှင်ဘုရားတို့၊ ထို့ကြောင့် ဤဆောင်ရွက်ချက် အကျိုးကျေးဇူးရှိ၍ ပြည့်ပြည့်စုံစုံ ပြီးမြောက်မည့် နည်းလမ်းဖြင့် ဤဆောင်ရွက်ချက် အတွက် ကိုယ်ရောစိတ်ပါ ငိုင်းငန်းကူညီကြမည်၊ ကြောင့်ကြစိုက်ကြမည် ဟူ၍သာ အကျွန်ုပ်တို့ ယခုအခါ စိတ်ထားရ ပါမည်။

ဤဆောင်ရွက်ချက် အတွက် အကြွင်းမဲ့ ကူညီလိုသော အကျွန်ုပ်တို့ ဝိဇ္ဇာလင်္ကာရ တိုက်သားတို့သည် နေ့ရော ညဉ့်ပါ ဤအတိုင်းသာ နှလုံးသွင်းဆုတောင်းနေကြပါသည်။

ခပ်သိမ်းသော သတ္တဝါ၊

ခပ်သိမ်းသော အသက်ရှသော သတ္တဝါ၊

ခပ်သိမ်းသော အသက်မရှသော သတ္တဝါ၊

သတ္တဝါ ခပ်သိမ်းတို့သည် ချမ်းသာကြပါစေသတည်း၊

သတ္တဝါခပ်သိမ်းတို့သည် ငြိမ်းခြင်းသို့ ရောက်ကြပါစေသတည်း။

http://www.dhammadownload.com

The Translation of THE PALI SPEECH
by
THE VEN'BLE KIRIWATTUDUVE SIRI PANNASARA NAYAKA THERA,
Principal of the Vidyalañkara Pirivena, Kelaniya, Ceylon at the
DHAMMA SANGAYANA
held in Burma on the 17th of May 2497 B.E. / 1954 C.E.

It is indeed auspicious, friends, that we, all followers of the Enlightened One, of different nationalities and of different colours, assemble here, see one another, and discuss and rehearse the Dhamma together.

It is well known to all those who are conversant with the affairs of the world that in this atomic age the different peoples all over the world are living in great misery and in fear of war and death as though in Satthantara aeon in which people, mistaking one another for animals, annihilate one another, or as though in Samvatta aeon in which let alone human beings the whole world itself meets with destruction.

We, the followers of the Sakyamuni Buddha, fervently believe that there is no other remedy than the message of the Enlightened One, perfect and pure, with its Doctrines of peace, non-violence, soullessness and self-control, if this great danger is to be averted and eradicated.

Therefore it is meet and proper that there are all such undertakings as will enable all the peoples in the world to seek refuge in Him, will help all Buddhists themselves to learn the Dhamma and live accordingly, and will lead to the stabilization of the Buddha Sāsana.

The Perfect One, the knower of the worlds, has made the following observations on this point: "Therefore, Cunda, let all assemble together and rehearse the Dhamma, which I have realised and expounded, meaning by meaning and letter by letter, without arguing about it, so that the Sāsana is well-established for long, for the good of the many, for the well-being of the many, out of compassion for the world, and for the benefit, well-being and happiness of gods and men."

It is permitted and assented to by the Perfect One that any one may expound the Dhamma, with its spirit and letter, for the stabilization of the Sāsana, for the benefit, well-being and happiness of the many and out of compassion for the world, but not without its spirit and letter.

For this reason, the Bhikkhus of the past, well versed in etymology and in the Doctrine, assembled together and carried on such discussions as the following: "Brethren, there are these and those letters for this meaning. Which of them are the most appropriate? There is also this meaning or that for these letters. Which of them is the most appropriate? It is also opportune, timely and approved of by the Tathāgata, that there should also be such discussions and councils now.

There are to be found here and there in the Tipiṭaka texts not only many words but also many passages which are devoid of their meaning, let alone those devoid of their letters. For example, such readings in the Sunakkhatta Sutta of Majjhima Nikāya as "api nu tassa purisassa tasmin vante puna bhottu kamyatā assa? No hetam bhante.. adum hi bhante vantam paṭikkūlasammatanti" and "Assappāyam cakkhunā rūpam anuyunjeyya. . . . . asappāyam manasā dhammam anuyuñjeyya, asappāyam cakkhunā rūpam anuyuttassa. . . . Assappāyam manasā dhammam anuyuttassa rāgo cittam anuddhamseyya So rāgānuddhastena cittena maraṇam vā nigaccheyya" are incorrectly given as "Tasmin bhatte", "Tasmin bhutte," "Adum hi bhante bhattam," "Adum hi bhante vattam," "Asappāyam cakkhunā rūpadassanam anuyuñjeyya," "Asappāyam cakkhunā rūpadassanam anuyuttassa," and "So rāgānuddhamsitena cittenā," etc. in the texts which are said to have been edited, re-edited and printed in Thailand, Burma, England or Ceylon.

With this reason in view, we, the Bhikkhus representing the three sects of Ceylon, competent in the task, and led by Mahānāyaka and Anunāyaka Theras, assembled at the Vidyalañkāra Pirivena in the year of two-thousand four hundred and ninety-three of the Lord's Parinibbāna, which roughly corresponds with the year of one thousand nine hundred and fifty of the Christian Era, on the fifteenth day of August, and inaugurated a Dhamma Sangāyanā.

It took us as long as three years and six months to complete the first stage of this Dhamma Sangāyanā, in which we rehearsed every letter, every word and every sentence of the Buddha Vacana, compared the different texts, local and foreign, modern and ancient, and arranged together and examined the different variations in readings.

In the second stage which is now in progress, we are rehearsing, discussing and comparing the Buddha Vacana, paragraph by paragraph, sentence by sentence and meaning by meaning.

The third stage of this Dhamma Sangāyanā will follow, it is hoped, at the close of the Lent this year. This will be known as Pancasatika Sangīti or Pancasatika Sajjhāyana and will rehearse, consider and examine carefully the whole of the Tipiṭaka, according to etymology, tradition and usage, before an assembly of Bhikkhus over five hundred in number.

It is, therefore, a matter of great rejoicing for us, of the Vidyalañkāra Pirivena, that on this Vaisakha Fullmoon day, the Bhikkhus of Burma too, who are shouldering the responsibilities of the Sāsana, well accomplished in the Scriptures, well versed in etymology, confident, able and competent and led by the Venerable Sangharājā, the Venerable Aggamahāpaṇḍitas and other Venerable Mahātheras, are inaugurating this Dhamma Sangāyanā, with the full co-operation of the Prime Minister, the other leaders of the State and the other Dāyakas who are devoted and wise.

Noble indeed, friends, is this inauguration! Great indeed, is this inauguration. This will no doubt lead to the stabilization of the Sāsana for long. This will lead to the benefit, well-being and happiness of the many. This will also lead to the unity and harmony among us, the Buddhists of all nationalities.

Therefore, friends, we must resolve and determine that we will strive both physically and mentally for making this inauguration effective, fruitful and complete in full.

We, therefore, of the Vidyalañkāra Pirivena, hope and pray, day and night, as above and desire to be of service to the Dhamma-Sangāyanā in every possible way.

May all beings be happy!
May all attain Nibbāna!

http://www.dhammadownload.com



သီဟိုဠ်ကျွန်း-ကလျာဏီ ဝိဇ္ဇာလင်္ကာရ ပရိဝေဏ ကျောင်းအုပ်ကြီး ကိရိဝတ္တုဝေ-သီရိ ပညာသာရ နာယက ထေရ် သန္ဒေသကထာမြွက်ကြားနေပုံ

Ven'ble Kiriwattuduve Sīri Paññāsāra Nāyaka Thera, Principal of the Vidyālaṅkāra, Kelaniya, Ceylon, delivering an address of veneration

http://www.dhammadownload.com



နိပေါလ် နိုင်ငံ သံဃ ကိုယ်စားလှယ်
တော်များပုံ
နိပေါလ် ဆရာတော် ဘိက္ခုပညာ
နန္ဒကသန္ဓေသမ္မက်ကြားတော်မူသည်

A Bhikkhu Delegation from Nepal. Ven'ble Pragyananda Mahāthera delivering an address of veneration

http://www.dhammadownload.com

ဤသံဂါယနာ မဟာ ဓမ္မသဘင် ဖွင့်ပွဲကြီးသို့ တက်ရောက်တော် မူကြကုန်သော သံဂီတိကာရက ထေရ်များနှင့် တကွ မဟာထေရ အရှင်သူမြတ်တို့ အားသဗ္ဗညုတ ဗုဒ္ဓရှင်တော်ဘုရား သန့်စင် မွေးဖွားတော်မူရာ အရပ် ဒေသ ဖြစ်သော နိပေါလ် နိုင်ငံတော် ရဟန်းတော်များ ကိုယ်စား လေးမြတ်သည့် ဩဘာစကား လျှောက်ထားရန် အခွင့်တောင်းပါကြောင်း။

ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဥပါသကာနှင့်ဥပါသကိတို့သည် ဗုဒ္ဓ ရှင်တော်ဘုရား၏ ဒေသနာတော်၌ သဒ္ဓါတရား ထက်သန် ကြသည့် အားလျော်ညီစွာ ဤမဟာ ပါသာဏဂုဟာလိုဏ်ဂူ တော်အတွင်း၌ ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင် ကြီးကို ဆင်နွဲရန် ဖြစ်ပါသည်၊ သုံးလူ ထွဋ်ထား ရှင်တော်ဘုရားသည် ဒေဝဒဟနှင့် ကပိလဝတ် ၂-နိုင်ငံအကြားဝယ်သန့်စင် ဖွါးမြင်တော်မူ၍ ဤနေရာကို ယခုအခါ နိပေါလ် နိုင်ငံဟု ခေါ်တွင်ကြပါသည်၊ ဒေဝဒဟနှင့် ကပိလဝတ် ၂-နိုင်ငံရှိ တိုင်းသူပြည်သားများသည် တနေရာမှတနေရာသို့ လူးလာဆန်ခတ်ကြ၍ နိပေါလ်ပြည်သည် သာကိယ မင်းသား၏ဖွါးရာ ဒေသဖြစ်ပါသည်၊ ကျွန်ုပ်တို့သာမက ကမ္ဘာပေါ်ရှိ လူအပေါင်းတို့သည် ဗုဒ္ဓ ရှင်တော်ဘုရား၏ ဇာတိဒေသဖြစ်သည့် ဤနေရာကို အထူးသဖြင့် ရှိသေသမှု ဂါရဝ ပြုကြပါသည်။

တခါက ဗုဒ္ဓရှင်တော် ဘုရားသည် ဒေသစာရီ ဖြန့်ချီတော် မူခဲ့၍ ဤဒေသ၌ သက်နဲး အဝါရောင်တို့ဖြင့် တောက်ပ လင်းထိန်ခဲ့ပေသည်၊ ထေရဝါဒ ဗုဒ္ဓဘာသာသည် တဖြေးဖြေး ကွယ်ပျောက်ပြီး ယခုအခါ ဘာမျှ မကျန်သလောက် ဖြစ်နေပါသည်၊

လွန်ခဲ့သောနှစ်ပေါင်း၃၀-လောက်က နိပေါလ်ပြည်သား ရဟန်းတပါးသည် မြန်မာပြည်နှင့်သီဟိုဠ် ကျွန်းသို့ ကြွသွားပြီးလျှင် ဥပသမ္ပဒကံကို ခံယူကာ ရဟန်း အဖြစ်သို့ ရောက်တော် မူပြီးလျှင် နိပေါလ်ပြည်သို့ ပြန်ကြွလျက် ဗုဒ္ဓ သာသနာတော် တိုးပွါးရန် ဆောင်ရွက် ခဲ့ပါသည်၊ ထိုအချိန်အခါက ဤတိုင်းပြည်သည် မိစ္ဆာဒိဋ္ဌိ ရှင်ဘုရင်၏ လက်အောက်တွင်ကျရောက်နေရာ ထိုရဟန်းကို နိပေါလ်ပြည်မှ နှင်ထုတ် ပစ်လိုက်ပါသည်။

ယခု တိဘုဝန ဝိယ ဘုရင်၏ လက်ထက်တော်၌ ရဟန်းတော် များသည် ဗုဒ္ဓ သာသနာတော်ကို ပျံ့နှံ့ ရန် အလို့ငှါ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြရန် အခွင့် ရရှိပါသဖြင့် ထိုဘုရင် ကလည်း ရဟန်းတော် များအား ပစ္စည်း လေးပါးဖြင့် ထောက်ပံ့ပါသည်။

လွန်ခဲ့သော ၂-နှစ် ၃-နှစ်လောက်ကရှင်သာရိပုဏ္ဏရာနှင့် ရှင်မောဂ္ဂလာန်တို့၏ မွေသရိဓါတ်တော် များကို ကျွန်ုပ်တို့ ပြည်သို့ ပင့်ဆောင်လာရာ၌ ဘုရင်က တခမ်းတနား ကြိုဆို၍ ကြွလာကြသော ရဟန်းတော် များကို မိမိ၏ နန်းတော်၌ ဆွမ်းကပ် လှူဒါန်းပါသည်။

ကျွန်ုပ်တို့ နိပေါလ် ပြည်သား ရဟန်းတော် များသည် အရေအတွက် အားဖြင့် နည်းပါးသော်လည်း သာသနာအကျိုးကို သည်ပိုး ရွက်ဆောင်လျက် ရှိနေကြပါသည်၊ ဤသို့တပြီးကား ကျွန်ုပ်တို့သည် နိပေါလ်ပြည်၌ ဗုဒ္ဓ သာသနာတော်တိုးတက်ရန် အလို့ငှါ အပြင်အပများမှ သိကွာကာမ လင့်ပေသလနှင့် ပညာရှိ ရဟန်းတော် များကို လိုအပ်ပါသည်။

ဤဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ကြီးပြီးဆုံးသည့်အခါ မြန်မာပြည်မှ ဓမ္မဒူတ ပုဂ္ဂိုလ်များသည် တပည့်တော်တို့ နိပေါလ် ပြည်သို့ ကြွလာမည်ဟု ထင်မြင်မိပါသည်။

ကုရွေပေါင်း များစွာ အကုန်အကျ ခံ၍ဆင်ယင် ကျင်းပသော ဤမဟာ ဓမ္မသဘင်ကြီး ပြီးဆုံးသည့်အခါ၌ သာသနာတော်ပြန့်ပွါးစေရန် နိပေါလ်ပြည်သို့ ဓမ္မဒူတ ရဟန်းများ စေလွှတ် လိမ့်မည်ဟု မျှော်လင့်လျက် နေကြပါသည်။

မဟာထေရ် အရှင် သူမြတ်များ ဝန်ဆောင်ဆရာတော် များနှင့် ဤနိုင်ငံရှိ သဒ္ဓါ တရား ထက်သန်သော ပုဂ္ဂိုလ်တို့ ဆောင်ရွက်ကြသော ဤသာသနာတော် တိုးတက်စေရန် လုပ်ငန်းသည် နောင်ကြိမ်ဖန်များစွာ မိမိတို့ ဖြစ်လေရာ ဘဝတို့၌ ရွှေပြည် နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရန် အထောက်အပံ့ ဖြစ်စေ နိုင်ပါလိမ့်မည်ဟု တပည့်တော်တို့ ထင်မြင်ယူဆမိပါသည်။

ဤကြုံကြိုက်ခဲလှသည်ဟု ဆိုအပ်သော မဟာ ဓမ္မသဘင်ကြီးကို မျက်မှောက်တွင် တွေ့မြင်ရသော အခါ ကျွန်ုပ်တို့မှာ အားရ ရွှင်လန်း စိတ်ထကြွ လာစေပါသည်၊ အားလုံးသော ပုဂ္ဂိုလ်များသည်နိဗ္ဗာန် ရွှေပြည်သို့ တက်လှမ်း နိုင်ကြပါစေသတည်း။

ဗုဒ္ဓသာသနာတော်ကြီး အခွန့်ရှည်စွာတည်တံ့ခိုင်မြဲပါစေ။

ဤဗုဒ္ဓ ကမ္ဘာကြီး စည်ပင်သာယာ ဝပြောပါစေ။

http://www.dhammadownload.com

HONOUR TO THE BUDDHA

ADDRESS GIVEN BY PRAGYANANDA MAHATHERA OF NEPAL ON BEHALF OF DHARMODAYA SABHA

BHANTE,

Having given my deep respects to the Sangitikara Theras and Mahatheras who assemble here, I may respectfully deliver an address of veneration on behalf of the bhikkhus of Nepal which was the birth place of the Omniscient Buddha. Bhante, Your Venerable Selves, Upasakas and Upasikas, having great Saddhā, in the Buddha-Dhamma, are going to hold the Chattha Sangāyanā in this Mahā Pāsāṇa Guhā. The Supreme Buddha was born in a place between the Kingdoms of Devadaha and Kapilavatthu and this place is now known as the Kingdom of Nepal. The people of Devadaha and Kapilavatthu are plying to and from each other and the Kingdom of Nepal is the birth-place of the Sakkiya Prince. Not only we but also all the people of the world pay their deepest respects to this place, being the birth-place of the Buddha.

At one time the Buddha set his feet on this soil which was flooded with a colour of the Yellow Robe. But now the Theravāda Buddhism had died out gradually and is now reduced to nearly nothing.

About thirty years ago one Nepalese bhikkhu went to either Burma or Ceylon and was ordained there and on his return he propagated the Buddha-Dhamma in Nepal. At that time as the country was under the rule of a Micchā-diṭṭhi King, that bhikkhu was exiled from Nepal.

During the regime of the present King Tibuvana Vira, we have liberty to propagate the Buddhist Doctrine and the King is also supporting us with the Four Requisites.

About two or three years ago when the Sacred Relics of Sariputta and Moggallana arrived at our place, the King received them with great pomp and grandeur, and he offered meals to the bhikkhus present there, in his palace.

We the Nepalese bhikkus who are working for the promotion of the Buddha's Sāsana are however few in number. This being the case we desire the morally virtuous and learned bhikkhus from outside for the propagation of the Buddha's Teachings in Nepal.

We contemplate that after the completion of the Sixth Great Buddhist Council the Buddhist missionaries will come over to our country.

After the completion of this Great Council for which crores of kyats have been spent, we wish that Buddhist missionaries be sent to Nepal to propagate the Buddha-Dhama there.

We think the work now done by the Venerable Sayadaws, Wunzaung Sayadaws, and the devotees of this country will be a help for them to attain Nibbāna in their future births.

Having seen this Great Buddhist Council which may be called a Rarity, we are much elated with joy and we earnestly wish that you all may attain Nibbāna.

Let the Buddha-Dhamma remain for long.

Let this world of Buddhism always meet with prosperity.

အရှင်ကောင်း အရှင်မြတ်တို့ဘုရား—

သံဃပါမောက္ခ မဟာထေရ် အရှင်မြတ်နှင့် အလုံးစုံသော သံဂီတိ ကာရက အရှင်မြတ်တို့သည် တပည့် တော်၏ စကားကို လျှောက်ထားခွင့် ပေးသနားတော် မူကြပါဘုရား။

တပည့်တော်သည် ဇမ္ဗူဒီပ (ဣန္ဒိယ) မဟာဗောဓိအသင်းမှ မထေရ် ကြီးများ၏ တိုက်တွန်း ချက်အရ ဤဆဋ္ဌသံဂါယနာတင် မဟာ ဓမ္မသဘင် ၌ သာသနာ တော်နှင့် ဆိုလျော်သော အနည်းငယ် မျှသော သန္နေသကထာ စကားကို လျှောက်ကြား လိုပါသဖြင့် သံဂီတိ ကာရက အရှင်မြတ်များ နှလုံး သွင်း ဆင်ခြင်တော်မူစေချင်ပါသည်ဘုရား။

ဇမ္ဗူဒီပသည်ကား မဟာ ကရုဏာတော်ရှင် ဘုရားသခင်၏ ဖွားမြင်တော်မူရာ ကျွန်းကြီး ဖြစ် ပါသည်၊ နတ်နှင့်တကွသော လူများ၏ အကျိုးစီး ပွါးအလိုငှါ ကောင်းစွာ ဟောကြားတော် မူအပ် သော တရားတော်မှာ နှစ်ပေါင်း နှစ်ထောင်ကျော် မျှ မျက်မှောက် အကျိုး တမလွန် အကျိုးကို ပြီးစီး စေလျက် ကောင်းကင်တွင် လဝန်းကဲ့သို့ တောက် ထွန်းခဲ့ပါသည်၊ ကောသလ ဗိမ္မိသာရ စသောဘုရင် များသည်၎င်း၊ အနာထပိဏ် စသော သူဌေးများ သည်၎င်း ရတနာသုံးရပ်ကို မပြတ် ဆည်းကပ် ကိုး ကွယ်လျက် ရှင်တော်ဘုရား၏ သာသနာ စည်ပင် ပြန့်ပွါးရေး အတွက် များစွာသော ဓန-ဥစ္စာတို့ကို စွန့်လွှတ်၍ အတိုင်းမသိ အကျိုးကို ပြီးစီးစေခဲ့ကြပါ သည်၊ ထောင်ပေါင်း များစွာသော အမျိုးကောင်း သားတို့သည် ရင်ကို ပြေကတုတ် ပြူလုပ်ကာ မွေ အောင်လံတော်ကို လွှင့်ထူပြီး သာသနာရောင်ကို ထွန်းပြောင် ထိန်လင်း စေခဲ့ကြပါသည်။ ထိုဇမ္ဗူ ဒီပမှာ သက်နှံးရောင်တို့ဖြင့် ထွန်းလင်း တောက်ပ လျက် ရသော် ရဟန်းတို့၏ လေပြန်ကို တဖန်ခံနေခဲ့ ကြရပါသည်ဘုရား။

ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ၏ အစွမ်းအားဖြင့် ဗောဓိအပ်သော သာသနာတော်သည် ပရိယတ္တိ သာလျှင် မူလ-ဘူတ- ပဓါန ဖြစ်ပါသည်။ ပရိယတ္တိ ဆုတ်ယုတ်ခဲ့ပါလျှင် ပဋိပတ္တိမှာ ချုတ်ယုင်းလျက် နှစ်ပါးလုံး အကျိုးတရား မဖြစ်ပွါး နိုင်တော့ပါ ဘုရား ယင်းသို့လျှင် ပရိယတ္တိ, ပဋိပတ္တိ, သာသနာ တော် နှစ်ပါး ဖောက်ပြားခဲ့ ပါလျှင် ပဋိဝေဓသာ သနာသည်လည်း ပျက်စီးခြင်းမလှ ပျက်စီးရမည် ကေန် ဖြစ်ပါသည်။ ထို့ကြောင့် သာသနာသည် ပရိယတ္တိသာလျှင် အရင်းခံ ဖြစ်ကြောင်း ကောင်း စွာ မြော်မြင်တော် မူကြပါသော ရှေးရှေးသော ဘုရား သားတော် ရဟန်းတော် များနှင့်သဒ္ဓါတရား ပြည့်ဝသော မင်း မှင်းအမတ်ကြီး စသော သူတော် ကောင်းများသည် အလင်္ကာ ရဟန်းယုတ်တို့ ထည့် သွင်းထားသည့် မိစ္ဆာ အယူဝါဒ များကို ဖယ်ရှား ပြီး ပရိယတ္တိကို သုခသင်္ကာ သာသနာကို ချီး မြှောက်တော် မူခဲ့ကြပါသည်။ ထိုသို့သော အကျိုး ကို ပြီးစေလျက် ဇမ္ဗူဒီပတွင် ပဌမ, ဒုတိယ တတိယ သံဂါယနာ များကို တင်ခဲ့ကြပါသည်၊ ထိုသံဂါယနာ များ၏ ပါမောက္ခ'များ ဖြစ်ကြသော အဇာတသတ် ကာလသောက, ဓမ္မာသောက မင်းများ သည်၎င်း၊ အရှင်မဟာ ကဿပ၊ အရှင်မဟာယသ၊ အရှင် မောဂ္ဂလိက ပုတ္တတိဿအစရှိသောမဟာထေရ်မြတ် များသည်၎င်း သာသနာ အရှည် တည်ရေးကိုမြော် တွေးလျက် အခါအားလျော်စွာ ပျက်စီးလု နီးပါး ဖြစ်နေသော သာသနာတော်ကို အမျိုးမျိုးအပုံပုံ သော ဘေးရန်တို့မှကြီးစွာသော လုံ့လဥဿာဟဖြင့် စောင့်ရှောက်တော်မူခဲ့ကြပါသည်၊ တတိယ သံဂါ

http://www.dhammadownload.com

ယနာတင်၌ အရှင် မောဂ္ဂလိပုတ္တတိဿ၏ ဩဝါဒကို ခံယူလျက် မျှောသောက မင်းကြီးသည် ထိုထိုသော တိုင်း နိုင်ငံ တို့တွင် သာသနာ တည်ထွန်းစေရန် အတွက် မျှဒူတများ စေလွှတ်ကာ လူတို့၏အစီး အပွါးကို ကြီးမားစွာ ဆောင်ရွက်တော်မူခဲ့ပါသည်၊ အရှင်သောဏနှင့် အရှင်ဥတ္တရ အမည် ရှိသော ရဟန္တာ အရှင်မြတ် နှစ်ပါးတို့သည် သုဝဏ္ဏဘူမိဟူ၍ ၎င်း အခြား အမည်ဖြင့်လည်း မြန်မာနိုင်ငံတော်ဟု ကျော်စောသော အရပ်သို့ ကြွတော်မူပြီး ဗုဒ္ဓသာ သနာကို တည်ထွန်းစေတော်မူခဲ့ကြပါသည်။

ထိုအခါမှစ၍ ဤနိုင်ငံတော်တွင် သာသနာ သုံးရပ် တည်တံ့ပြီးလျှင် ကြီးစွာသော အကျိုးစီးပွါး ကို ဆောင်လျက် ယနေ့တိုင်အောင် နတ်နှင့်တကွ သော လူတို့ကို ရှင်လန်း နှစ်သိမ့်လျက် ရှိပါသည်။ မြန်မာပြည်ဘွား အရှင်တို့ကား ရေး အစဉ်မပျက် ဆင်းသက်ခဲ့သော ရှင် လူများ ဖြစ်ကြလျက် သာ သနာ ထွန်းလင်းရေးတို့ကို ထိန်းသိမ်းစောင့်ရှောက် တော်မူခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

မင်းတုန်းမင်း တရားကြီး ရွှေလက်ထက်တော် အခါက ပဉ္စမ သံဂါယနာ တင်တော် မူကြပြီးလျှင် ပရိယတ္တိသာသနာ စည်ပင် ပြန့်ပြောရေး အတွက် အမျိုးမျိုး အဖုံဖုံ ပြည့်စုံအောင် ဆောင်ရွက်တော် မူခဲ့ပါသည်။ ထိုစဉ် အခါက ဘဝရှင် မင်းတုန်းမင်း တရားကြီး၏ အမိန့်အာဏာဖြင့် ပိဋကတ်သုံးပြာကို နို့ဓမ်းကျောက် (စကျင်ကျောက်)ကြီးများပေါ် တွင် ပိဋကတ်တော်များ ရေးထု ထွင်းထားခဲ့သည် မှာ သာသနာ ငါးထောင်ပတ်လုံး တည်ထွန်းရေး ပင် ဖြစ်ပါတော့သည်။

နှစ်လှိုဘွယ် ကောင်းလှသော ဗုဒ္ဓသာသနာ တော်သည် နိုင်ငံရပ်ခြား တိုင်း တပါးတို့တွင် ထွန်း လင်း ပွင့်စည်နေသော အခါတွင် သာသနာတော် မူလ ဖြစ်ပေါ် ရာ ဇမ္ဗူဒီပမှာ တရားအလင်းရောင်ကို မရကြပါသဖြင့် ကိုးကွယ်ရာမဲ့သည့် ဘဝသို့ ရောက် ကြရပါသည်။ သာသနာတော်ကို မြတ်နိုးတော်မူ ကြပါသော မင်း-မင်းအမတ်ကြီးတို့သည် ထောင် ခဲ့ကြပါသော သာသနာ၏ အဆောက်အဦကြီး များမှာ အနိစ္စ သဘောကို ပြသလျက် ယခုအခါ တွင် မြေအောက်သို့ ရောက်နေကြပြီ ဖြစ်ပါသည်။

ကုဋ္ဌေပေါင်း များစွာသော အရိယာ သာဝက တို့ဖြင့် ပြည့်လျှံနေသော ရွာ-နိဂုံး-မင်းနေပြည်တို့ မှာ အယူတပါးတိတ္ထိများဖြင့် ရောထွေးလျက်ဇမ္ဗူ ဒီပတွင် 'ဗုဒ္ဓ' ဟူသော အမည် နာမတော်ကိုပင် မသိကြသော အနွဗာလ ပုထုဇဉ်များ၏ နေရာ အရပ် ဖြစ်နေပါသည်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော် အဘယ်မှာ တည်ရှိပါ တော့သနည်း။

အမြင်မှောက်မှား နေသူများသည် ရတနာသုံး ပါး၏ ဂုဏ်ကျေးဇူးကို မသိကြလေသဖြင့် ထိုဂုဏ် များကို အခြံအရံအားဖြင့်၎င်း၊ ဥစ္စာဓန အားဖြင့် ၎င်း လဲလှယ်လိုက်ကြသောကြောင့် မကြာမီ အ တွင်းမှာပင် သူတပါး လက်တွင်းသို့ သက်ဆင်းကြရ ပါသည်။ ဤသို့လျှင် အနှစ်ရာပေါင်း များစွာ ကျော်လွန်၍ အနှစ် နှစ်ထောင်ထက်တွင် သီဟိုဠ် ကျွန်းတွင် ဥစ္စာဓနကြွယ်ဝသော ဓမ္မပါလ အမည်ရှိ သော ပုဂ္ဂိုလ်ကြီးသည် ဘုရား အလောင်းကဲ့သို့ သော လှံလဝိရိယဖြင့် မဟာဗောဓိပင်ကို ပူဇော်ရန် ဇမ္ဗူဒီပသို့ လာခဲ့ပါသည်၊ အယူတပါး မိစ္ဆာတိတ္ထိ များ ဗုဒ္ဓဂယာ ဗောဓိမဏ္ဍိုင်တွင် သာသနာနှင့် ဆန့်ကျင်လျက် မတော် မလျော် ပြုကျင့် နေကြ သည်ကို တွေ့မြင်ရ၍ သံဝေဂ ဖြစ်ပေါ် ကာ "ဇမ္ဗူဒီပတွင် သာသနာ ပြန်လည်၍ ထွန်းလင်း စေရမည်" ဟု အဓိဋ္ဌာန်ပြုပါသည်၊ ထိုပုဂ္ဂိုလ်ကြီး၏ မွန်မြတ်လှသော ရည်ရွယ်ချက်ကြီးနှင့် အားထုတ်မှု တို့ကြောင့် မဟာဗောဓိအသင်းမှ အရွေ့ဘက် အနောက်ဘက် များ သို့ သာသနာ ဖြန့် ချီ နိုင် ခဲ့ ပါသည်။

During our brief stay among your people we Thai, and all the distinguished guests of your most congenial and hospitable Government have felt quite at home. The peoples of South East Asia stand upon common ground; our customs and habits, our ideals are exactly the same. We have a common culture which is basically a religious one as we belong to the same ethnographical area. Our Way of Life is based upon the Buddha's Social Order, and so is yours. The only barriers which seem to exist between our countries are passports and visas, different currencies, and ignorance of your native language. But many bridges of mutual understanding and of respect have existed since long, and many more Bridges of Friendship are being built every day by the exchange of Goodwill Missions and by a lively exchange of Theravadin Monks among South East Asia Countries, and from other Theravadin Centres all over the world. Therefore it is not surprising at all that we should all feel so very much at home in your lovable and extremely hospitable country. May I now be allowed to express on behalf of all State Guests our deepfelt gratitude to the Government of the Union of Burma and to its people for the signal honour of being your guests. We have been received like princes and have been looked after like big children. Each group of us was provided with a "day and night nurse" to attend to us and to look after our personal well-being, so that nothing might happen to us. Every minute detail has been worked out in advance and everything done on strict schedule time. Nothing went wrong and never did we for a single moment feel lost. May I therefore thank you once more for all you have done for us. It was a superb achievement which is as yet unequalled, and the memory of these most wonderful and extremely happy days spent among your lovable people will remain in our hearts for many many years to come. Long live the people of the Union of Burma, and may the Buddha Word penetrate into the hearts of all men throughout the World.

http://www.dhammadownload.com

ဒုတိယနေ့ ညနေပိုင်းအခမ်းအနား

ညနေ ၃-၃၀ ရှိခဲ့၌ အခမ်းအနား မြန်လည် ဖွင့်လှစ်ကြောင်း ကြေးစည် ဘဝ-ချက်ပြင့် အချက်ပေးကာ (ဗားကထာတောရ ဆရာတော်)ဘဒန္တ နာဂဝံသ က (ပါဠိ မြန်မာ နှစ်ဘာသာပြင့်)လျှောက်ထား ကျေညာတော်မူလေသည်၊ သံဃနာယက (ညောင်ရမ်း ဆရာတော်)က အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ သောဘန (မဟာစည် ဆရာတော်)နှင့် တိပိဋကဓရ မဟာဓမ္မဘဏ္ဍာဂါရိက ဘဒန္တ ဝိစိတ္တသာရ အား ဝိနယ ပိဋက ဒုတိယ ပါရာဇိက နှင့် တတိယ ပါရာဇိက ဆိုင်ရာ ပုစ္ဆက နှင့် ဝိသဇ္ဇက အဖြစ်ပြင့် အသီးအသီး ဆောင်ရွက်နိုင်ရန် အလို့ငှါ (ပါဠိ မြန်မြန်မာ နှစ်ဘာသာပြင့်) သမ္မုတိ ပေးတော်မူပြီး လျှင် ပုစ္ဆက နှင့် ဝိသဇ္ဇက တို့က မိမိတို့ သက်ဆိုင်ရာ နေရာသို့ ကြွတော်မူကြလေသည်၊ ထို့နောက် ပုစ္ဆကက ပုစ္ဆနုဇ္ဇတ်ထားလျက် ဝိနယပိဋက ဒုတိယ တတိယ ပါရာဇိကကို (ပါဠိ မြန်မာ နှစ်ဘာသာပြင့်) မေးတော်မူလေရာ ဝိသဇ္ဇက က ဝိသဇ္ဇန ဥတ်ထားလျက် (ပါဠိ မြန်မာ နှစ်ဘာသာပြင့် ပြေတော်မူလေသည်) အပြီးတွင် သံဃာ အားလုံးက သာဓုသုံးကြိမ်ခေါ် ခချသင်းမှုတ် ကြေးစည်တီးလေသည်၊ ထို့နောက် ဒုတိယ ပါရာဇိက ဆုံးသည်တိုင်အောင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဘဝပါးတို့က ပေါင်းစု ရွတ်ဆိုကာ သံဂါယနာ တင်တော်မူကြလေသည်၊ (အပြီးတွင် ပရိသတ် အားလုံးက သာဓုသုံးကြိမ် ခေါ်၍ ခချသင်းမှုတ် ကြေးစည် တီးလေသည်) ထို့နောက် ဒုတိယနေ့ အခမ်း အနား ရွတ်သိမ်းကြောင်းကို ဘဒန္တ နာဂဝံသ က (ပါဠိ မြန်မာ နှစ်ဘာသာပြင့်)လျှောက်ထားကျေညာ၍ (ကြေးစည် ဆယ်ချက် ဖြင့်လည်း အချက် ပေးစေလေသည်)။

SECOND DAY

EVENING SESSION

At 3-30 p.m., Ven'ble Bhaddanta Nāgamvamsa announced both in Pāli and Burmese that the Proceedings of the Evening Session commenced. This was followed by the ten strokes of gongs. The Sanghanāyaka then proposed to the Sangha Council the names of the Ven. Agga Mahāpaṇḍita Bhaddanta Sobhana, Mahāsi Sayadaw and the Ven. Tipiṭakadhara Dhamma-bhaṇḍāgārika Bhaddanta Vicittarasāra to serve as Pucchaka (Questioner) and the Visajjaka (Replier) respectively, with regard to the second Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the second Pārājika was then made by the Pucchaka and the Visajjaka respectively. At the conclusion of this, the Sangīti-kāraka Bhikkhus acclaimed "Sādhu", "Sādhu". This was followed by the blowing of conchs and striking of gongs.

After that the entire Sangha Council continued to recite the whole of the second Pārājika. At the conclusion of this recitation by the Sangīti-kāraka Bhikkus, the Proceedings for the second day of the Inauguration Ceremony of the Sixth Buddhist Council were brought to a close, when the Ven. Bhaddanta Nāgavamsa announced both in Pāli and Burmese that the second day's proceedings came to an end, followed by a signal of ten strokes of gongs.

http://www.dhammadownload.com

ပုစ္ဆက (မဟာစည် ဆရာတော်) နှင့်
ဝိသဇ္ဇက (အရှင်ဝိစိတ္တသာရဘိဝံသ)
တို့ အမေး,အဖြေ ပြုတော်မူနေကြပုံ

The Venerable Mahāsi Sayadaw questioning the Venerable Tipiṭakadhara Dhammabhaṇḍāgārika Bhaddanta Vicittasāra who replied all the questions put to him



http://www.dhammadownload.com



ပုစ္ဆက(မဟာစည်ဆရာတော်)၏ပုံ

Venerable Agga Mahā Paṇḍita Mahāsi Sayadaw as Pucchaka
(Questioner)



ဝိဿဇ္ဇက(အရှင်ဝိစိတ္တသာရာဘိဝံသ)၏ပုံ

Venerable Tipiṭakadhara Dhammabhaṇḍāgārika Bhaddanta Vicittasāra
as Vissajjaka (Replier)

http://www.dhammadownload.com



သာသနာရေးဝန်ကြီးဦးဝင်းကသာသနာတော် သန့်ရှင်း စည်ကား ရေးကို လျှောက်ထားနေပုံ

Hon'ble U Win, Minister for Religious Affairs and National Planning delivering an address of veneration

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဦးဝင်းဘိလျောက်ထားချက်

ဘုရား တပည့်တော် အလွန် ရိုသေ လေးမြတ်စွာ အစွာဒရသမ္မန စိတ်ထားဖြင့် ခြေတော်ဦးခိုက်၍ လျှောက်ထား အသနား ခံဝံ့ပါသည်၊ ဆဋ္ဌသံဂါယနာ မဟာမေ္ဓ သဘင်ကြီး၏ ဦးစီး နာယက၊သံဃထေရ၊ သံဃဝိဒူ၊ သံဃပရိဏာယက ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးနှင့်တကွ သံဂါယနာတင်ပါဝင်တော်မူကြသည့်မြေသင်္ဂါဟက မထေရ်သခင် အရှင် သူမြတ်တို့ဘုရား။ ဤနေ့-ဤရက်- ဤအချိန် ဤအခါသည် ကမ္ဘာရာဇဝင် သာသနာဝံသ စာတမ်း၌ ဥဒါန်း မော်ကွန်း တင်ရမည့် နေ့ထူး ရက်ထူး အခါထူးကြီးဖြစ်၍ ကမ္ဘာပေါ်တွင် ကြက်သရေ မင်္ဂလာ အရှိဆုံးသော နေ့ထူး ရက်ထူး အချိန်ထူး အခါထူးကြီး ဖြစ်ကြောင်း အားရဝမ်း သာစွာ ပဌမဆုံး လျှောက်ထား လိုပါတယ်ဘုရား၊

သံဂါယနာ တင်တယ်ဆိုတဲ့ ကိစ္စဟာ အလွန် အလွန် ကြီးမားပြီး အံ့တပါး ဖြစ်တဲ့အတွက် အခက်အခဲပေါင်း များစွာကို ကျော်လွန် နိုင်မှသာ ထမြောက် နိုင်ပါတယ်ဘုရား။ သံဂါယနာတင်ရန်မူလကြံစည် စိုင်းပြင်းစဉ်က ဘုရား တပည့်တော် စိတ်ထဲမှာ အောင်အောင် မြင်မြင်မှ ဖြစ်ပါ့မလား၊ သံဂါယနာ တင်နိုင်မည့် ပိဋကတ်ဆောင် သံဃာတော် အပါး တထောင် လောက်မှ ရနိုင်ပါ့မလားလို့ တွေးပြီး စိုးရိမ် ကြောင့်ကြ ဖြစ်မိပါတယ်ဘုရား။ ယခုတကဲ့တကယ် တင်တဲ့ အခါကျတော့ ကျမ်းတတ် ပိဋကတ်ဆောင် သံဂါယနာ တင်မဲ့ ရဟန်းတော် မထေရ်ပေါင်း အထောင် မကဘဲ မြောက်မြားစွာ ပေါ်ထွက် လာသဖြင့် သာသနာ ၂၅၀၀-ပြည့်သည့် အထိမ်းအမှတ် ဖြစ်စေခြင်းငါ့ သံဃာတော် ၂၅၀၀ ကိုသာ ရွေးချယ်လျက် ပင့်ဘိတ် ရခြင်း ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် ဝန်ကြီးချုပ်ခင်ဗျား တကွ တပည့်တော်တို့ အံ့လို့မဆုံး ဝမ်းသာလို့မဆုံး ဖြစ်ရပါတယ် ဘုရား။ ယနေ့ သံဃထေရ ဆရာတော် ဘုရားကြီးနှင့်တကွ သံဂါယနာတင် မထေရ် မြတ်များအား ဖူးမြင်ရတာ ပိန်ဆောင် အဆင်တူ အသွေးတူ ကိုယ်ဝတ်ရုံတော်တူလျက်ရဟန္တာတမျှ တည်တည်တံ့တံ့ ခံ့ခံ့ညားညား သာကီဝင် မင်းသား ဘုရား တပည့်တော်ပီပီသိကွာတော်ဂုဏ်ဒြေစောင့်စည်းပြီးပါသာဒီဂုဏ် ပြည့်စုံစွာ ယခုလို ဖူးမြင်ရတဲ့အတွက် ရှေးက သံဂါယနာ တင်တော်မူခဲ့ကြတဲ့ ရဟန္တာအရှင်မြတ်များ ဒီလိုဘဲ စမ္ပါယ်တော် မူကြမှာဘဲလို့ တွေးပြီး တသက်မှာ တခါမှ မဖြစ်ဘူးတဲ့ သဒ္ဓါတရားတွေ ပီတိ သောမနဿ တရားတွေ တဖွါးဖွါး ဖြစ်ပေါ်ကြည်ညိုမိပါတယ်ဘုရား။

ယခု ဆရာတော်ဘုရားကြီးများ တင်မဲ့ သံဂါယနာဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် သာသနာတော်သက် နှစ်ထောင့် ငါးရာ အတွင်း ခြောက်ကြိမ်မြောက် သံဂါယနာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သံဂါယနာ ငါးတန် တင်စဉ်က သာသနဒါယကာ ပြုလုပ်ပြီး ထောက်ပံ့ ကူညီခဲ့တဲ့ ဘုရင်မင်းမြတ်တွေ တိုင်းသူပြည်သားတွေဟာ ယခုဘုရား တပည့်တော်တို့ ဝမ်းသာ အားရ သဒ္ဓါ ပသန္နဖြစ်သလို ပီတိသောမနဿ ဖြစ်သလို ဖြစ်ကြ ပေလိမ့်မယ်လို့ ကိုယ်ချင်းစာပြီး တွေးမိ ပါတယ်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ၃၊လနှင့် ၅-ရက် အကြာမှာ သုဘဒ္ဒ ဆိုတဲ့ မသူတော် တောထွက် ရဟန်းကြီးရဲ့သာသနာတော်ကိုစော်ကားတဲ့စကား အတွက် အရှင်မဟာ ကဿပ အမှူးရှိသောရဟန္တာ ငါးရာတို့၊အဇာတသတ်မင်းကို အမှီပြုပြီး၊ရာဇဂြိုဟ်ပြည် ဝေဘာရတောင် နံဘေး စရည်းပင် ရောက်ရာ (သတ္တပဏ္ဏိလိုဏ်ဂူဝ) အဇာတသတ်မင်း ဆောက်လုပ်တဲ့ မဏ္ဍပ်မှာ ၇-လ တိုင်တိုင် ပဌမ မဟာ သံဂါယနာ တင်ခဲ့ကြပါတယ်။ အဲဒီလို သံဂါယနာ မတင်ခဲ့ရင် သာသနာတော်ဟာ သုဘဒ္ဒလို မသူတော် ပုဂ္ဂိုလ်တွေရဲ့ ဖျက်ဆီးမှုကြောင့် အစအနတောင် မြင်ရဘို့ မရှိပါဘူး၊ ကုန်စင်အောင် မဖျက်စီးနိုင်လို့ မြင်ရစေကာမူ ဘယုဿုကွ အလဇ္ဇီသာသနာမျိုးသာ မြင်ရဘို့ ရှိပါတယ်ဘုရား။ မြတ်စွာဘုရားရဲ့စကားတော် အစဉ်တွေဟာလဲ ပန်းပွင့်တွေ ဆုပ်ပြီး ကောင်းကင် ပေါ်က နေ ကျဲချလိုက်သလို ဖရိုဖရဲ အကွဲကွဲ အပြားပြား ဖြစ်ပြီး ဘယ်လို ခွဲခြားမှတ်သား ရမှန်းမသိ မြေနှင့် ဝိနယ ရောပြွမ်းပြီး၊ ဗရမ်းဗတာ ဖြစ်ကုန်ဘို့ ရှိပါတယ် ဘုရား။ ဒီလို ဗရမ်းဗတာ ဖြစ်ကုန်ရင်လဲ လူသဘ္ဘာါတွေမှာ အထင်လွဲ အမှတ်လွဲပြီး အပါယ်ငရဲ ရောက်ကုန်ကြဘို့ ရှိပါတယ်။ အဲဒါကြောင့် သံဂါယနာ တင်ခြင်းဟာ သသနာတော်ရဲ့ (အသက်ဆက်ဆေး) လူသဘ္ဘဝါအပေါင်းတို့ရဲ့ အပါယ်ဘေးမှ (ကယ်တင်ဆေး) လို့လဲ ခေါ်ဆို နိုင်တဲ့အကြောင်း မှတ်သား ခဲ့ရပါတယ်ဘုရား။

သည့်နောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး အနှစ် တရာ အရောက်မှာ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများက ဝိနည်း ဒေသနာတော်က မအပ်စပ်ဘူးလို့ ပယ်ဆားတဲ့ အခမှ ဝတ္ထု အချက်ကြီး ၁၀-ချက်ကို အပ်စပ်တယ်၊ မြတ်မြတ်စွာဘုရား ခွင့်ပြုတယ် ဆိုပြီး ဟောပြော ကျင့်သုံး နေကြတဲ့အတွက် ရှင်မဟာယသ အမှူးရှိသော ရဟန္တာ ခုနစ်ရာတို့ ကာလာသောကမင်းကို အမှီပြုပြီး ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်ကြီးမှာ ၈-လ တိုင်တိုင် သံဂါယနာ တင်တော်မူခဲ့ကြပါတယ်။

သည့်နောက် မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၃၅-နှစ် အရောက် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်ဘွင် ရဟန်းယောင် ဆောင်ပြီး သာသနာတွင်း ဝင်နေတဲ့ တိတ္ထိ ခြောက်သောင်း အတွက်၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော ရဟန္တာ တထောင်တို့ အသောက မင်းတရားကြီးကို အမှီပြုပြီး ၉-လ တိုင်တိုင် သံဂါယနာ တင်တော်မူခဲ့ကြပါတယ်၊ အဲဒီ သံဂါယနာတင်ပွဲမှာ သံဂါယနာ မတင်မှီ သိန်းပေါင်း ခြောက်ဆယ် ရှိတဲ့ ရဟန်း ပရိသတ် အလယ်မှာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ကမိစ္ဆာ ဝါဒ နှိမ်နင်းရေး အတွက် သုတ်ပေါင်း တထောင်ရှိတဲ့ကထာ ဝတ္ထုကျမ်းကြီးကိုဟောပစ်ခဲ့လို့၊ ယခု ထက်တိုင် အဘိခမှာ ၇-ကျမ်းမှာ တကျမ်း အပါအဝင် ပြုပြီး သင်ကြားနေကြရကြောင်း မှတ်သား သိရှိရပါတယ်ဘုရား။

သည့်နောက် မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၄၅၀-အရောက်၊ သီဟိုဠ်ကျွန်း ဝရဂါမဏိမင်း လက်ထက် မလယဇနပုဒ်၊ယခု (အာလုဝိဟာရ ခေါ်တဲ့ အာလောက လိုဏ်မှာ ရှင်မဟာခမှရကွိတ အမှူးရှိသော ရဟန္တာ ငါးရာတို့ နောင်သောအခါ သဒ္ဓါသဘိ ဝိရိယ တရားများ အားသေး ဆုတ်ယုတ်သည့်အတွက် နှုတ်တက် အာဂုံ မဆောင်ရွက်နိုင်ပါက ပိဋကတ်တော်များပျောက်ကွယ်သွားမည်ကို စိုးရိမ်ကြသဖြင့် ပေထက်မှာ ရေးတင်ပြီးထားတော်မူခဲ့ကြပါတယ်။ သည်လို ပေထက်တင်ခြင်းမှာ ၄ ကြိမ်မြောက် သံဂါယနာ တင်ခြင်းနှင့် တူတယ်လို့ သာရတ္တဒီပနီဋီကာ ပရိဝါရ အဖွင့်မှာ ဆိုထားကြောင်း မှတ်သားရ ဘူးပါတယ်ဘုရား။ သည်လို ပေထက်တင်ခြင်းကြောင့် သာ ယနေ့ ထက်တိုင် သာသနာ အသက်ဆက်ပြီး မြန်မာ၊ ယိုးဒယား၊

http://www.dhammadownload.com

ကမ္ဘောဒီးယား၊ လာအို စတဲ့ ထေရဝါဒ နိုင်ငံတွေမှာ မြတ်စွာဘုရားပိဋကတ်တော်တွေဟာ၊ ကျောက်ချပ်တွေ၊ ပေရွက်တွေ၊ စက္ကူတွေပေါ်မှာ တွေ့မြင်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခု သီဟိုဠ်စတုတ္ထ ပေဇော်က အသက်ဆက် ပန္နက်ဖိုက်လိုက်တဲ့အတွက် ယနေ့ ဒီဆင္ဆသံဂါယနာ လိုက်ဂုတော်ကြီးမှာ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ ထေရဝါဒ နိုင်ငံ အားလုံး ညီညီညာညာ စုပေါင်းပြီး မြတ်စွာဘုရား၏ ပိဋကတ်တော် မျိုးကို သံဂါယနာ စတင် ဆောင်ရွက်နိုင်ခြင်း ဖြစ်လို့အလွန် အံ့သြဘွယ် ဖြစ်ပါတယ်ဘုရား။

သည်နောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၄၁၅-ခုနှစ် အင်ဇုတ် တပည့်တော်တို့ မြန်မာနိုင်ငံ မန္တလေး ရတနာပုံ ဂွေမြို့တော်မင်းတုန်းမင်းတရားကြီးကို အဓိပ္ပြုပြီး မြေနန်းတော်ဂွေမှာ သုဓမ္မာ သာသနာပြု ဆရာတော်ကြီး ရှစ်ပါး ကြီးမှူးတဲ့ ဆရာတော်ပေါင်း ၂၄၀၀-တို့ ဓေလတိုင်တိုင် ပဋ္ဌမ သံဂါယနာ တင်တော်မူခဲ့ကြပါတယ်၊ ပဋ္ဌမ သံဂါယနာ တင်ခြင်းရဲ့ အကြောင်းကို စုံစမ်း ရှာဖွေ ကြည့်တဲ့အခါ ဘာကြောင့် တင်တယ်လို့ မြတ်မြတ်သွားသား တိတိကျကျ ရေးမှတ် ထားတာ မတွေ့ရသော်လဲ အလင့် ဒုဿီလ မိစ္ဆာဝါဒ နှိပ်နင်းရေးနဲ့ ပါဠိဝိသေသနာ ကိစ္စ နှစ်ရပ်ကြောင့် ဖြစ်ကြောင်း မှန်းဆ သိရှိရပါတယ်၊ အလင့် ဒုဿီလ မိစ္ဆာဝါဒ နှိပ်နင်းရေး ဆိုတာကတော့ မင်းတုန်းမင်းတရားကြီးကိုယ်တိုင် သံဂါယနာ မတင်မီ-၁၂၇ ခုနှစ် တပို့တွဲ လဆန်း (၁၀)ရက် နေ့စွဲနဲ့ ထုတ်ပြန်ထားတဲ့ သာသနာ့ရေး အမိန့်တော်ပြန်တမ်းကြီးက သက်သေခံနေပါတယ်၊ အဲဒီအမိန့်တော် ပြန်တမ်းကြီးထဲမှာ-

(တယောက်သော အလင့် ဟိုဂျီလ်သည်အလင့် အရာ အထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်) လို့ ပါပါတယ်ဘုရား။

သည်လို အဓိပ္ပါယ်မျိုးကို ပါရာဇိကဏ်အဋ္ဌကထာမှာ-

(ကော အလင့် အလင့် သတ္တဓိကရောတိ) လို့ မြွက်ကြား ထားကြောင်း ကြားနာရ ဘုးပါတယ်ဘုရား။ ဒါကြောင့် သာသနာတော်တည်တန့် စည်ပင်မှုအတွက် အလင့်ဒုဿီလ ဟိုဂျီလ်များ နှိပ်နင်းရေးဟာ အင်မတန် အရေးကြီးကြောင်း သိရပါတယ်ဘုရား။ ပါဠို ဝိသေသန ကိစ္စအတွက်က တော့ စာမူ ပြင်ဆင်ပေးရတဲ့ ဆရာတော်များ စာရင်းနှင့် ပြင်ဆင်တဲ့ စာမူများ စာရင်းကို အတိအကျ တွေ့ရလို့ပင် ဖြစ်ပါတယ်ဘုရား။

ယခု ဆရာတော် ဘုရားကြီးများ တင်မဲ့ ဆင္ဆသံဂါယနာ ကတော့ တပည့်တော် သိသလောက် လျှောက်ထား ရရင်—

၁။ ပဋိ၊ ပါဠို၊ အကျဆု ချိုယွင်းမှုကို ပြင်ဆင် တည်းဖြတ်တဲ့ ပါဠို ဝိသောဓန ကိစ္စ။

၂။ ပြင်ဆင် တည်းဖြတ် ပြီးသား စင်ကြယ်သော ပိဋကတ်တော် များကို ကမ္ဘာ အရပ်ရပ်သို့ ပြန့်ချိုဘို့ကိစ္စ။

၃။ မြည်ထောင်စု မြန်မာ နိုင်ငံတော်နှင့်တကွ ဗုဒ္ဓဘာသာ နိုင်ငံအားလုံး မြတ်စွာဘုရား သာသနာတော်ကို ပြုစု အားပေးခြင်းမြောက် လိုခြင်းကိစ္စ။

ဆိုတဲ့ အချက်ကြီး ၃-ချက်ကြောင့် တင်ရတယ်လို့ သိရပါတယ်၊ ဒီအချက်ကြီး ၃-ချက်မှာ ပါဠို ဝိသောဓန ကိစ္စအတွက် ဘယ်မျှလောက်အရေးကြီး တယ်ဆိုတာ တပည့်တော်တို့ အရာမဟုတ်လို့ တစုံတရာ မလျှောက် ထားလိုပါဘူး ဘုရား၊ ကမ္ဘာ အရပ်ရပ်သို့ ပြန့်ချိုဘို့ ဆိုဘာလဲ အင်မတန် လိုအပ်တဲ့ အချက်ကြီး ဖြစ်လို့ အထူးတလည် လျှောက် ထားရန် မလိုပါဘူးဘုရား၊ တတိယ အချက် သာသနာ ပြုစု အားပေး ခြီးမြှောက်တဲ့ဆိုတဲ့ အချက်မှာ အနည်းငယ် လျှောက်ထား လိုပါတယ်ဘုရား၊ အဲဒီနေရာမှာ ပြုစုခြင်းနှင့် အားပေး ခြီးမြှောက် ခြင်း ဆိုတဲ့ စကားနှစ်ချက်ဟာ အဓိပ္ပါယ် ခြားနား တယ်လို့ တပည့်တော် ယူဆ မိပါတယ်ဘုရား၊ (ပြုစု ခြင်း) ဆိုတာ ဥပမာ သစ်ပင်ကလေး တပင် ရှင် လာအောင် ပြုစုရတယ်ဆိုရင် မြေတောင်မြောက်ရဲ့ ရေလောင်းရှဲနှင့် မပြီးနိုင်ပါ ဘုရား၊ လေဒက် မိုး ဒဏ်ကွဲနွားတွေ ရန်မှစ်ပြီး ဘေးရန် အန္တရာယ်တွေ မဝင်နိုင်အောင် စီမံရပါတယ် ဘုရား။ ဘေးရန် တွေကို အစုမ်းကုန် သုမ်သင် ပယ်ရှား ရပါတယ် ဘုရား၊ အားပေး ခြီးမြှောက်တယ် ဆိုတာကတော့ ခြီးမြှင့်ခြင်း (အနုဂ္ဂဟ) သက်သက်မို့ အဓိပ္ပါယ် ထင်ရှားလှ ပါသည်ဘုရား၊ ဒါကြောင့် သာသနာ ပြုစုဘို့ဆိုရင် ပဌမအချက်က သာသနဆူးငြောင့် ခလုတ် သမ္ဗယ် ဖြစ်တဲ့ အလင့် ဟိုဂျီလ် ဒုဿီလ ဟိုဂျီလ်တွေ ပပျောက်အောင် ဆောင်ရွက်ဘို့ အရေး ကြီးပါတာ ဘုရား။ (နိဂုယ္ဟနိဂဏ္ဌတော်မြေ ဟဂ္ဂယ ဟဂ္ဂာရဟေ) ဆိုတဲ့ အတိုင်း နှိမ့်သင့်သူကို နှိမ့်ပြီး မြှောက်သည့်သူကို မြှောက်ခြင်းဟာ သာသနာ့ပြု လုပ်ငန်း အစစ်ဖြစ်ကြောင်း မှတ်သားရဘူးပါတယ် ဘုရား၊ ထုဇဉ်လာ သာသနာ့ပြု မင်းကောင်းများ အနက် ပုဂံပြည် အနော်ရထာ မင်းဟာ သာသန ရန်သူ ရဟန်းတု ရဟန်းယောင် ဆောင် နေတဲ့ အရည်းကြီးတွေကို ထိထိရောက်ရောက် နှိမ်နင်းခဲ့တာ တွေ့ရပါတယ်၊ ရခိုင်ထဝင် မင်းဆင်ကြီး လက်ထက်မှာလဲ အလင့် ဒုဿီလ တွေကို ပြတ်မြတ် သားသား အရေးယူနှိမ်နင်းခဲ့ပါတယ်၊ ကုန်းဘောင် ထဝင် ဘိုးတော် ဘုရား လက်ထက်မှာလဲ သာသနာပိုင်ဟောင်း အတုလ ယသ စတဲ့ အတင်ဂိုက်း ဝင်များကို သုဓမ္မာသဘင် သံဃထိသတ် အလယ် မျက်နှာစံညီပေးပြီး ပြတ်မြတ်သားသား အရေးယူ နှိမ်နင်း ခဲ့ပါတယ်ဘုရား။

ယခုလျှောက်ထားခဲ့တဲ့ သာသနဒါယကာများ မှာတော့ သက်ဦးဆိုပိုင် အာဏာရှင် မင်းကထုင် များ ဖြစ်လို့ သူတို့ခေတ်နှင့် သူတို့ အလိုက် ပြတ် ပြတ်သားသား ဆောင်ရွက် နိုင်ကြပါတယ်ဘုရား၊ ဘုရား တပည့်တော်တို့ ခေတ်ကတော့ ပြည်သူ့ ဆန္ဒခေတ်၊ သမတခေတ်၊ လူထုခေတ် ဖြစ်နေလို့ အာဏာရှင် ကောင် မင်းများ၏ နည်းအတိုင်း ဆောင်ရွက်ဘို့ မဖြစ်နိုင် ပါဘူးဘုရား၊ သာသနာ ကြီးပွါးရေး အစစ်အမှန် ဆိုတာလဲ ကေန်အားဖြင့် တော့ လွှဲပယ်ကာတို့ အပေါ် မှာ မတည်ပါ၊ သာသနာ့ထမ်း ရဟန်းသံဃာတော်တို့ ကိုယ်တိုင် ဆောင်ရွက်မှသာ ဖြစ်နိုင်ပါတယ်ဘုရား။

သည်အတွက် ဓွေးသာသနာ့ပြု မဟာထေရ ကြီးများက လင့်ဟိုဂျီလ်များ စောင့်ရှောက်လိမ့် မည်ဆိုပြီး။

(လင့်ရက်ကိုဆတိ) လို့ သုံးကြိမ်တိုင်တိုင် ဗျာဒိတ် စကား မိန့်ကြား ခဲ့ကြောင်း မှတ်သားရဘူး ပါတယ်ဘုရား။ ဒါကြောင့် ယခုလို ကြုံကြိုက်ခဲလှတဲ့ ဆင္ဆသံဂါယနာ သဘင်ကြီးမှာ ကြွရောက်တော်မူ ကြတဲ့ (ဓမ္မသင်္ဂါဟက) သံဃာတော် များက အညီအညွတ် ကတိကဝတ်ပြုပြီး သာသန ရန်စူး ရန်ငြောင့် များကို ဆုံသင် နှိမ်နင်းရေးနှင့်တကွ သာသနာ့ပြု အမိန့်တော် ပြန်တမ်းကြီး တခုကို သံဃာတော် အရှင်မြတ်များ ကိုယ်တိုင်က ထုတ် ဆင့်ပြီး အရေးယူ နိုင်မယ်ဆိုရင် အထူး သင့်လျော်လိမ့်မယ်လို့ ထင်မိပါတယ် ဘုရား။ ဒီလိုသာ ဆရာတော် သံဃာတော် အရှင်မြတ်များက အရေးယူ ဆောင်ရွက်တော် မူမယ်ဆိုရင် ဘုရား တပည့်တော်တို့က အာဏာစက်နှင့် ကူညီနိုင်ဘို့ လုပ်ကူ သွား လိမ့်မယ်လို့ ယုံကြည် ပါတယ်ဘုရား။

ဆရာတော် အရှင်မြတ်များ ဘုရား ပဲခူး၊ ဖဲ သာတိက ဓမ္မစေတီ မင်းတရား လက်ထက်မှာ ဓမ္မ စေတီမင်းတရား လျှောက်ထားလို့ အလင့်ဒုဿီလ နှိပ်နင်းရေး အတွက် ဓရဟန်းသံဃာတော်များ ကိုယ် တိုင် ကတိကဝတ် ပြုပြီး အရေးယူ နှိပ်နင်းခဲ့ဘူးတဲ့ ထူးဟောင်းလဲ ရှိပါတယ် ဘုရား၊ ဒီအကြောင်းကို

http://www.dhammadownload.com

ကလျှာဏီ ကျောက်စာမှာ အတိအလင်း တွေ့ရှိရပါတယ်ဘုရား။

ဆရာတော် အရှင်မြတ်များ ဘုရား၊ မြန်မာနိုင်ငံဟာ လူမျိုးခြား လက်အောက်မှာ နှစ်ပေါင်းများစွာ ဘိနှိပ်ခြင်း ခံခဲ့ရတော့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဟာ အလွန် မှေးမှိန်ခဲ့ရပါတယ်၊ သာသန ဒါယကာများ မရှိတဲ့ အခါမှာ အစစအရာရာ အကွပ်အကဲ လွတ်ပြီး လျှော့ရဲရဲ ဖြစ်နေခဲ့တဲ့ သာသနာတော် ကြီးကို ဆယ်တင်ဘို့ရန် ဆရာတော် အရှင်မြတ်များနှင့် သာသနဒါယကာ လူထုကြီးနှင့် လူထု အစိုးရ အပေါ်ကို တာဝန် ကျနေပါပြီဘုရား၊ သာသနာပြု လုပ်ငန်း နှင့် ပတ်သက်ပြီး တကယ်တန်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်တော် မူပါရန် အသနား ခံလိုပါတယ်ဘုရား၊ ဒီလို ဆောင်ရွက်တဲ့ အခါမှာလဲ မျက်နှာကြီး မျက်နှာငယ် ဘယ်လိုဟာ မျိုးမှ ငဲ့ညွှာ ထောက်ထား အသနား ကြောက်ရွံ့ခြင်းမရှိ မြတ်စွာဘုရား ရွှေမျက်နှာတော် တခုတည်းသာ ငဲ့ကွက်ပြီး အသက်ကို အန္တရာယ် ပြုစေကာမူ အရေးမစိုက်ဘဲ ပြတ်ပြတ်သားသား ဆောင်ရွက်တော် မူစေလိုပါတယ်ဘုရား၊ အဲဒီလို ဆရာတော် သံဃာတော် အရှင်မြတ်များ ကဆောင်ရွက်တော်မူမယ်ဆိုရင် တပည့်တော်တို့ကလဲ တပည့်တော်တို့တတ်နိုင်တဲ့အာဏာစက်ဘက်က ထက်ထက်မြက်မြက် အစွမ်းကုန် ကူညီရန် အသင့်ရှိကြောင်းကို ဘုရား တပည့်တော် နိုင်ငံတော် အစိုးရ သာသနာရေး ဝန်ကြီး အနေနှင့် ပဋိညာဉ် ပေးပါတယ်ဘုရား။

လွန်ခဲ့တဲ့ သံဂါယနာ ငါးတန်ကို ပြန်ကြည့်မယ်ဆိုရင် စတုတ္ထက လွဲပြီး ကျန် သံဂါယနာ လေးတန်လုံးဟာ အလဇ္ဇီ ဒုဿီလ မိစ္ဆာဝါဒ နှိမ်နင်းရေး အတွက် သ့က်သက်လောက် တင်ခဲ့ရကြောင်း သိရှိရပါတယ်ဘုရား၊ တပည့်တော်တို့ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဟာ ကမ္ဘာ တံဝှမ်းလုံးမှာ ဗုဒ္ဓသာသနာ အထွန်းကား ဆုံးရယ်လို့ ကျော်ကြားလျက် ရှိပါတယ်၊ သို့ပေမဲ့ အသစ်ရှိရင် အတုရှိမြဲ ဓမ္မတာ အတိုင်း ရဟန္တာ သာသနာ ထွန်းကားတဲ့ ရွှေမဇ္ဇိမအိန္ဒိယခေတ် သီဟိုဠ်ခေတ် တို့ကပင်မကင်း နိုင်တဲ့ အလဇ္ဇီပုဂ္ဂိုလ်ကို မိစ္ဆာဝါဒတွေ အနှံ့ အပြားပေါများနေကြောင်း ဆရာတော် သံဃာတော်များ အသိဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် ဆဋ္ဌသံဂါယနာ တင်ခြင်းရဲ့ အကြောင်းပြချက် ၃-ချက်မှာ တတိယ အကြောင်း ဖြစ်တဲ့ သာသနာ ပြုစု စောင့်ရှောက်ရေး လုပ်ငန်း ဆိုတဲ့ အလဇ္ဇီ ဒုဿီလ မိစ္ဆာဝါဒတွေ နှိမ်နင်း နိုင်မည့် အစီအစဉ် များကို ပြဋ္ဌာန်းပြီး ဆောင်ရွက် နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား၊

ယခုအခါ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်တဲ့ အတွက် သာသနာတော်လဲ ယခင်ကထက် ဆထက်တံပိုး တိုးပြီး ပြန့်ပွါး ထွန်းကားလာပါပြီ ဘုရား၊ တပည့်တော်တို့ တိုင်းသူ ပြည်သား ဒါယကာ-ဒါယိကာမတွေရဲ့ ဆန္ဒကို လျှောက်ထားရရင် ရှေး မဇ္ဇိမ အိန္ဒိယခေတ်နှင့် သီဟိုဠ်ခေတ်သလို ကောင်းကင်မှာ စျာန်ပျံနေတဲ့ သာသနာတော်ကို ဖူးမျှော်ချင်တာဘဲဘုရား၊ သို့ပေမဲ့ ခေတ်သမယ အခြေ အနေ အလိုက် မဖြစ်နိုင်ဘူး ဆိုရင် မဇ္ဇိမ ဒေသနှင့် ရှေးသီဟိုဠ် သာသနာတုန်းကလို သပိတ် တလုံး သက်နှံး ၃-ထည်နှင့် ခြေသလုံး အိမ်တိုင် လျှောက်ပြီး ရောက်ရာက်ရာ ဂူ၊ ကျောင်း၊ တော၊ တောင်တို့မှာ သီတင်းသုံး နေထိုင်ခဲ့ကြတဲ့ သာသနမျိုးကို ဖူးမျှော်လိုပါတယ် ဘုရား၊ အဲဒီလို ဖြစ်ဘို့ရာ ကတော့ တပည့်တော် အထင် တကယ်လုပ်ရင် မဖြစ်နိုင်စရာ မရှိဘူးလို့ ထင်မိပါတယ်ဘုရား၊ ဘာကြောင့်လဲ ဆိုရင် စျာန်တွေ မက်တွေ ရဘို့ရာ ဆိုဒါကတော့ ပဋိသန္ဓေ မျိုးစေ့ ကိုယ်တိုင်က တိဟိတ် ဖြစ်လာမှ သာ ရနိုင်တာမို့ ခဲယဉ်းလှတယ် ထားပါအုံး၊ သပိတ် တလုံး သက်နှံး ၃-ထည်နှင့် ပရိက္ခရာ ရှစ်ပါး လက်ကိုင် ထားပြီး ခေါင်းပါးစွာ ကျင့်တဲ့ သာသနာမျိုးကတော့ ထက်မြက်တဲ့ သဒ္ဓါတရား စွန့်စားတဲ့ ဝိရိယ တရားများ အပေါ်မှာ သာတည်တာမို့ ပကတိအားဖြင့်ပင် ဆရာတော် သံဃာတော်များဟာ စာစိတ် ဝိရိယ အရာမှာ တပည့်တော်တို့ လူပုဂ္ဂိုလ်များထက် အဆများစွာ မနှိုင်းယှဉ်သာအောင် သာလွန်ကဲ ပိုမိုခြင်းကြောင့် ဖြစ်နိုင် စရာ အကြောင်းရှိပါသည်ဘုရား။

"ဝိရိယ ရှိသော ပုဂ္ဂိုလ်အား မပြည့်စုံသော အမှု မည်သည် မရှိ" ဆိုတဲ့ ဒေသနာတော်ကို ကြားနာ မှတ်သားရဘူးတဲ့အတိုင်း ဆရာတော် သံဃာတော်များရဲ့ ဝိရိယ တရားကို သည့်ထက် တဆင့် အထွဋ် အထိပ် ရောက်အောင် မြှင့်တင် လိုက်ရင် "ပရိက္ခရာ ရှစ်ပါး သာသနာ"မကြာမီ ပေါ်လာလိမ့်မည်လို့ ယုံကြည် မိပါတယ်ဘုရား။ သည်လို မြှင့်တင် ကျင့်ကြံခြင်း အားဖြင့်—

(မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ကြည်ညိုပြီးသော သူတို့အား ပိုမို ကြည်ကြည်ညိုစေခြင်းငှါ)ဆိုတဲ့ မြတ်စွာဘုရား အလိုတော် ဆန္ဒလဲ ပြည့်ဝ သွားပါမယ်၊ ရဟန်း သံဃာတော်တို့ရဲ့ (ဂုဏ်ထူးတံဆိပ်)ဖြစ်တဲ့

(အလို လောဘ နည်းပါးခြင်း၊ အပ္ပိစ္ဆဂုဏ်၊ ရောင့်ရဲလွယ်ခြင်း၊ သန္တောသဂုဏ်၊ မှုခင်းကိစ္စနည်းပါးခြင်း၊ အပ္ပကိစ္စဂုဏ်) များလဲ ယခုထက်တိုးပြီး အရောင်အဝါ ထွန်းလင်း လာဘို့ ရှိပါတယ်။ ဒါကြောင့် ဆဋ္ဌ သံဂါယနာ ခေတ်ကြီးမှာ (ပရိက္ခရာ ရှစ်ပါး သာသနာသစ်ကြီး)ဖြစ်သွားအောင်ဆောင်ရွက်တော် မူကြဘို့ လျှောက်ထား အသနားခံလိုပါတယ်ဘုရား။

လွန်ခဲ့တဲ့ သံဂါယနာ ငါးတန်မှာ အသီးသီး အကျိုး အမြတ်နှင့် ထူးခြား ချက်တွေ ရှိခဲ့သလို ယခု ဆရာတော် ဘုရားများရဲ့ ဆဋ္ဌသံဂါယနာမှာ ဘာများ ထူးခြားချက် အမြတ်ထွက်ချက် ရှိပါသလဲလို့ စဉ်းစား ကြည့်မိပါတယ်ဘုရား၊ သည်လို စဉ်းစား ကြည့်တဲ့အခါ ဘုရား တပည့်တော် အမြင်အားဖြင့် ၆-ကြိမ်မြောက် သံဂါယနာ ဖြစ်တဲ့ အတိုင်း ထူးခြားတဲ့ အချက်ကြီး ၆-ချက်ကို တွေ့ရပါတယ်ဘုရား။

ပဌမ အချက်ကတော့ စျာန် အဘိညာဉ် မဟုတ်သော်လဲ ခရီး လမ်းပန်း အသွားအလာ လွယ်ကူပြီး ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင် နိုင်ငံတွေနှင့် နေ့ချင်းပေါက် နာရီပိုင်း လောက်နှင့် သွားရောက် ဆက်ဆံနိုင်တဲ့ အတွက် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓပိဋကတ် တော် (မူ) အမျိုးမျိုးနှင့် တိုက်ဆိုင်ခွင့် ရပါတယ်ဘုရား။ အရေးကြီးတဲ့ ပဓာန အချက်ကြီးဖြစ်လို့ ထူးခြားတဲ့ ဒုလ္လဘကိစ္စကြီး တခုလို့ဆို နိုင်ပါတယ်ဘုရား။

ဒုတိယ အချက်ကတော့ ပါဠိတော် များကို သုခ်သင် တည်းဖြတ်တဲ့ (ပါဠိဝိသောဓန) လုပ်ငန်းမှာ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ ထေရဒေ ဗုဒ္ဓဘာသာဝင် နိုင်ငံအားလုံးကဝိုင်းဝန်း ကူညီမှုရတဲ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံဂါယနာတွင်မျှ မက ကမ္ဘာ့ သံဂါယနာ ထေရဝါဒ နိုင်ငံ အားလုံးရဲ့ သံဂါယနာ ဖြစ်သွားဒါကို တွေ့ရပါတယ်ဘုရား။

တတိယ အချက်ကတော့ ပိဋကတ်တော်ကို ပါဠိဘာသာခေါ်တဲ့ မာဂဓ ဘာသာနှင့် သာမကဘဲ (ဒေသီဘာသာ) ခေါ်တဲ့ မြန်မာဘာသာနှင့်လဲ သံဂါယနာတင်မဲ့အချက်ဖြစ်ပါတယ်။ သည်အတွက် သံဂါယနာတင်ပြီးကမ္ဘာမကုန်မချင်း မြန်မာ ပိဋကတော်ကြီး အမြတ်ကျန် နေရစ် ပါတော့မယ်၊ တတိယ သံဂါယနာ တင်ပြီးတဲ့ အခါ ကထာဝတ္ထုကျမ်းကြီး အမြတ်ကျန်နေရစ် သလို ယခုဆဋ္ဌသံဂါယနာ တင်ပြီးတဲ့ အခါမှာလဲ မြန်မာ ပိဋကတ်တော်ကြီး အမြတ်ကျန်ရစ်တော့မှာမို့ အလွန်ထူးကဲတဲ့ အချက်ကြီး ဖြစ်ပါတယ် ဘုရား။

http://www.dhammadownload.com

စတုတ္ထ အချက်ကတော့ ဗုဒ္ဓပြတ်စွာဘုရားရဲ့ အကြောင်းတော် ဖြစ်စဉ်တွေ ပြည့်ပြည့် စုံစုံ ရေးထားတဲ့ (ကေဝလဝဇိုပုဏ္ဏ မြန်မာဘာသာ ဗုဒ္ဓဝင်တော်ကြီး) ကိုပါ သံဂါယနာတင်မဲ့အတွက် ထူးခြားချက်ကြီး ဖြစ်ပါတယ်၊ ဒီ ကေဝလဝဇိုပုဏ္ဏ မြန်မာဘာသာ ဗုဒ္ဓဝင်တော်ကြီးလဲ ဆင့် သံဂါယနာရဲ့ အမြတ်အမြစ်နှင့် ကမ္ဘာ မကုန်မခြင်းကျန်ရစ်တော့မည် ဖြစ်ပါတယ်ဘုရား။

ပဉ္စမအချက်ကတော့၊ သံဂါယနာတင်ခြင်းကိစ္စဟာ လိုရင်းအချုပ်အသားထုတ်လိုက်ရင် (ဗုဒ္ဓဝါဒ) ကို တိကျ မှန်ကန်အောင်နှင့် တိကျ မှန်ကန်သည့် အတိုင်း တည်တံ့ ခိုင်မြဲပြီး ပြန့်ပါးစည်ပင်အောင် ပြုလုပ်တဲ့အမှုဖြစ်လို့ ကမ္ဘာပေါ် ရှိ အတိုင်းတိုင်း အပြည်ပြည်က သိထိုက် ပါတယ်။ တတ်နိုင်ရင် အနန္တ စကြာဝဠာ ကမ္ဘာလောကဓါတ် အရပ်ရပ်ကတောင် သိအောင် ဆောင်ရွက် သင့်တဲ့ ကိစ္စကြီး ဖြစ်ပါတယ်။ ဒီအချက်နှင့် ပတ်သက်ပြီး လျှောက်ထားဝံ့လျှင် ယခု ဆဋ္ဌသံဂါယနာမှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အမြို့မြို့ အရပ်ရပ်နှင့်တကွ ကျန်းအဆိုင်းဆိုင်း တိုင်းအတည်တည် ပြည်အစိုးရိ မြို့အခန်းခန်း ကမ္ဘာ တရပ်လုံးက အရေးတယူအလေးမူခြင်းကို ခံယူ နေရ ပါပြီဘုရား။

ဆဋ္ဌမ အချက်ကတော့ ဌေးဌေး သံဂါယနာတွေ တုန်းကလိုတခမ်းတနား အံ့တပါးဖြစ်တဲ့ မဏ္ဍပ်ကြီးတွေ ထိုးမနေဘဲ အမြဲ ထာဝရ ကမ္ဘာတည်လောက်အောင် (ကပ္ပဋိတိယ) ဖြစ်လောက်တဲ့ (ဆဋ္ဌသံဂီတိမဟာပါသာဏဂုဟာ) လိုက်ဂူ တော်ကြီးက ဆဋ္ဌ သံဂါယနာရဲ့ ကမ္ဘည်း ကျောက်စာ မော်ကွန်း တိုင်ကြီးပမာ ကမ္ဘာ ထုတည် သာသနာဝံသ စာတမ်းမှာ မှတ်တမ်းကြီး တခုအနေနှင့် အမြတ်ထွက်ပြီး ကျန်ရစ် တော့မှာ ဖြစ်ပါတယ် ဘုရား။

အဲဒီလို ထူးခြားပြီး တကမ္ဘာတွင် တခါကြုံကြိုက်ခဲလှတဲ့ ဆဋ္ဌသံဂါ ယနာတင် မဟာ သဘင်ကြီးကို နိုင်ငံတော် အစိုးရရဲ့ သာသနာရေး ဝန်ကြီးအဖြစ်နဲ့ ကြုံကြိုက် ဖူးတွေ့ခွင့်ရတဲ့အတွက် ဘုရား တပည့်တော်အတို့ လူမြစ်ကျိုး နပ် သူးပြီလို့ အတိုင်းထက်အလွန် ကျေနပ် ဝမ်းမြောက်ခြင်း ဖြစ်ရပါတယ် ဘုရား။

ဆဋ္ဌသံဂါယနာတင် မဟာ ဓမ္မ သဘင်ကြီးဖြစ်မြောက်ဝေးအတွက် လူဝါယကာတို့ဘက်ကဆောင်ရွက်ဘွယ်ရှိသမျှကို နိုင်ငံတော် သမတကြီးနှင့်တကွ နိုင်ငံတော် ဝန်ကြီးချုပ် ကြီးမူးတဲ့ နိုင်ငံတော်အစိုးရ အဖွဲ့က လုံးဝ တာဝန်ယူကာ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို လွှဲအပ်ပြီး နိုင်ငံတော် အစိုးရကိုယ်စား ဆောင်ရွက် စေခဲ့ပါတယ်။ သည်မျှမက နိုင်ငံတော် အစိုးရ ကိုယ်တိုင် နိဗ္ဗာန်ဆော် လုပ်ပြီး ပြည်သူလူထု တရပ်လုံး၏ အကူအညီကို ခံယူကာ ဧ တနာ သဒ္ဓါတရားအလျောက် ထောက်ပံ့ကူညီခဲ့ကြတဲ့အတွက် ပြည်သူလူထု တရပ်လုံး၏ ကိုယ်စား အားရဝမ်းသာ သဒ္ဓါပသန္နပီတိသောမနဿ တရား များ တဖွားဖွား ဖြစ်ရကြောင်းလဲ ရှိသေ လေးမြတ်စွာ နှိုးချုပ် အားပြင့် လျှောက်ထား အသနားခံ ဝံ့ပါသည်။ သံဃထေရ ဆရာတော် ဘုရားကြီးနှင့် တကွ သံဂါယနာတင်ဆရာတော်သခင်သံဃာတော် အရှင်မြတ်တို့ဘုရား။

AN ADDRESS OF VENERATION DELIVERED BY THE HONOURABLE MINISTER FOR RELIGIOUS AFFAIRS AND NATIONAL PLANNING

To The Presiding Mahathera and all the Sangiti-karaka Mahatheras

BHANTE,

Before saying anything else, may I with great joy most respectfully declare how felicitous and auspicious is the present moment that will make today a most memorable one in the history of Buddhism and, indeed, in the history of the world.

Bhante, the holding of a Sangāyanā being a rare task and a most tremendous one, its success can be achieved only when we can overcome all kinds of difficulties and inconvenience. When we first conceived the idea of holding the Chaṭṭha Saṅgāyanā, we had doubts whether it would meet with success, or that we could find a thousand Sangiti-karaka Bhikkhus. Now, when the time comes for the actual holding of the Great Buddhist Council, I am filled with delight to find that there are thousands of Bhikkhus who are well learned in the Piṭaka and who can participate in the proceedings of the Chaṭṭha Saṅgāyanā. Of these only 2,500 Bhikkhus have been selected as Sangiti-karaka Bhikkhus to commemorate the 2,500th anniversary of the Omniscient Buddha's Maha-parinibbana. Moreover, when, today, I see your venerable selves clad in orange-coloured robes and sitting in a disciplined and dignified manner just like the Arahats of old who were the followers of the Omnicent Buddha, I think to myself that in the previous Sangāyanās also, the Arahats would be behaving in such a dignified and modest manner, and I am inclined to pay my deepest respects to your venerable selves with a great rejoicing emotion—an emotion which had never occurred in my life before.

The present Buddhist Council which you are going to convene is the sixth one since the Maha-parinibbana of the Supreme Buddha. I feel that the supporting kings, the ministers and the people of the days when the previous Sangāyanās were held would be as much elated with joy as we are now.

Bhante, three months and five days after the Buddha's Maha-parinibbana, owing to the materialist views advanced by one Subhadda, who had gone forth when old, the five hundred Arahats led by the Venerable Maha-kassapa the Great had to hold the First Buddhist Council in the temporary vihara built by King Ajatasattu at Sattapanni Cave by the side of the Vebhara Hill in Rajagaha (modern Rajgir), the Council lasting for seven months. Thanks to the mighty and virtuous saints of former days for holding the previous Sangāyanās to classify and arrange all the Teachings of the Buddha. If it were not for their efforts, the Buddha's Sāsana might have been utterly destroyed; or even if not so, the Teaching might have been in disorderly state. Had it not been for the classification and arrangement made by the Sangiti-karaka Arahats of old, the Buddha-Dhamma would have been a hopeless muddle, the Dhamma intermingling with the Vinaya, and the Teachings of the Buddha at sixes and sevens, thus leading the worldlings to the "Lower Regions" by becoming micchadiṭṭhikas. For the reasons I have just stated, the holding of the Buddhist Councils such as the present one can be called the "life blood" of the Buddha's Sāsana and also the "rescuer" of the beings from being re-born in the Lower Worlds.

Secondly, one hundred years after the Buddha's Maha-parinibbana, the Vajjiputtakas of Vesali promulgated ten points which were disallowed by the Vinaya and the Second Great Council had to be held by the seven hundred Arahats led by Mahathera Yasa at Valikarama in Vesali with the support of King Kalasoka, the Council lasting for eight months.

In 235 Buddhist Era, owing to the interference of sixty thousand heretics of Pataliputta (present Patna), the Third Buddhist Council was held at Pataliputta by one thousand Arahats led by the Venerable Maha-moggaliputta Tissa Mahathera, with the support of Emperor Asoka, the Council lasting for 9 months. Before the holding of that Council, Maha-moggaliputta Tissa Mahathera refuted the views advanced by the micchadiṭṭhikas by expounding the Kathavatthu (Points of Controversies) to huge

http://www.dhammadownload.com

audiences. Thus we have up to this day the Kathavatthu which is one of the seven books of Abhidhamma.

Four hundred and fifty years after the Buddha's Maha-parinibbana, the most wise Bhikkhus just as Mahathera Dhamma-rakkhita and his disciples seeing that the people were less righteous, assembled at Aloka Cave (Present Aluvihara) in Ma-la-ya Village, Ceylon during the reign of King Vuttagamani, and in order that the true doctrine might endure, they wrote them down in Books. Thus I have been given to understand by the "Saratttha Dipani Tika-Parivara" exposition—that such writing down of the Sacred Text was in fact the holding of the Fourth Great Council. Owing to such Books which served as the life blood of the Sāsana, we find today copies of the Text on palm leaves, marble slabs and in Books in the Theravada countries of Thailand, Ceylon Burma, Cambodia and Laos. That being the case, as the Fourth Great Council at Ceylon, had laid a foundation for the propagation of the Buddha-Dhamma, we today are enabled to hold the Chaṭṭha Sangāyanā in the Mahā Pāsāṇa Guhā, where all Tharavada countries of Thailand, Ceylon, Burma, Cambodia and Laos can proceed with their deliberations in co-operation and collaboration.

In 2415 Buddhist Era, the Fifth Great Council was held at Mandalay under the leadership of Eight Sudhamma Mahatheras attended by 2400 Bhikkhus at the Royal Palace of King Mindon, the Council lasting for six months. Although we have no record of the reason why the Council was held, we have every reason to believe that it was held in order to refute and suppress the heretics and revise the Text.

As to the refutation of the immoral and heretics, it is clear from the following royal proclamation promulgated by King Mindon on the 10th waxing of Tabodwe, 1217 Burmese Era:— "One immoral person can create thousands of similar ones and destroy the Buddha's Sāsana."

This proclamation is similar to the Pāli words "eko alajji alajjisatam pi karoti" as appeared in the "Parajika-atthakatha" and teaches us that it is most desirable to suppress the immoral and the heretics in order to preserve the Buddha-Dhamma.

Now as to the revision of the Texts, we have seen the list of the Venerable Mahatheras who revised the respective portions of the Texts, and in regard to the Chaṭṭha Sangāyana there are three vital points.

1. Editing, re-editing and scrutiny of the Text;
2. Distribution of copies of the revised edition of the Tipiṭaka all over the world;
3. The earnest desire on the part of the people of the Union of Burma and all Buddhist countries for the preservation of the Buddha-Dhamma.

Bhante, "How important is the revision of the Text?" is not our concern as laymen and I do not desire to submit this to your venerable selves. Also, as it is highly desirable to propagate the Buddha-Dhamma all over the world, it is not necessary for me to dwell upon that matter either. As regards the third point I may be permitted to say that I am of opinion that the words "to preserve" and "to encourage" have entirely different connotations.

Bhante, for instance, to allow a young tree to grow, it is not sufficient merely to water and manure it; but it is necessary to protect it at all costs from such impending dangers as the inclemency of the weather and attacks by cattle. The phrase "to encourage" connotes mental and physical support and thus it is clear that to preserve the Buddha-Dhamma it is most necessary to refute and suppress the heretics and the immoral persons who may be compared to the parasites of the Sāsana. I have learned that "to honour those to whom honour is due and to censure those who deserve censure" is the predominant factor in the preservation of the Buddha-Dhamma.

Bhante, it is a matter of history that King Anoratha of Pagan preserved the Buddha-Dhamma by taking stringent measures against the Aris of his days. King Minyazagyi of Arakan also took most strong measures against immoral people and heretics. During the reign of King Bodawpaya also, the Sudhamma Mahatheras had taken action against Atula Yasa Sayadaw and his followers on account of their immoral practices.

As regards the Sāsana Dayakas I have mentioned above, they were despotic rulers and as such could take stringent measures and allot deterrent punishment. Our country being a democratic one, we cannot follow the measures taken by those despotic rulers. In fact, the onerous duty of preserving the Buddha's Teachings cannot be discharged by laymen. Bhante, it is only possible when the Sanghā takes up the matter and discharges its duties. I have heard that the sages of old by thrice repeating "Lajji rakkhissati" gave us to understand that the Wise will look after the Sāsana. I am therefore of opinion that if all the Sangiti-karaka Mahātheras who have come to participate in the proceedings of this most opportune Sangāyanā, collectively and in co-operation, will take action against the immoral and the heretical and silence them by promulgating suitable mandates, it will serve the required purpose. We trust that if your venerable selves will take the initiative it will be easier for us to help the leading Mahātheras with authoritative measures.

Bhante, during the reign of King Dhammaceti of Pegu, at the request of the king, the then Mahātheras collectively refuted the micchaditthikas and this account has been recorded in the Kalayani inscriptions.

Bhante, when Burma was under foreign domination for many years, the Buddha's Sāsana was also eclipsed. During the absence of any Sāsana Dayaka, the Sāsana also fell into disorderly condition, and it is now up to your venerable selves to rescue it from that abominable state. I therefore most humbly and respectfully crave your indulgence in suggesting that you take strong and effective action against the parasites of the Sāsana. I may venture to submit that in taking such measures you may do so at all risks, with equity, justice and good conscience in the name of the Supreme Buddha. If you, Venerable Sirs, are prepared to take the initiative, I, in the capacity of Minister of Religious Affairs, do promise that we on our part will give our utmost help.

Tracing back the history of the five previous Sangāyanās we will find that except for the fourth, the others were to suppress the immoral people and heretics. The Union of Burma has the reputation of being a country where the Buddha's Sāsana shines brilliantly. But it is almost a Fixed Law that where there is a genuine, one will also find an imitation. You are aware of the fact that even in the days of the Arahats of old in India and Ceylon, there were many micchaditthikas. I earnestly hope that you will make arrangements to silence our present-day micchaditthikas for the preservation of the Buddha-Dhamma; which is the third point I have mentioned.

Bhante, by holding the Chaṭṭha Sangāyana the Buddha's Sāsana is shining brighter than before. If we, the dayakas, are allowed to speak out what we have been carrying in our minds, we should like to submit that we have a strong desire to pay our respects, our deepest respects, to those Bhikkhus who can travel in the air by their psychic powers, just as the Arahats of old had done in India and Ceylon. If, due to the times and circumstances this is not practicable, may I say that we equally desire to pay our deep respects to those Bhikkhus who are bent on the life of a recluse by taking bowl and robe and wandering from place to place, practising the Buddha-Dhamma wherever they may happen to be—be it a cave, a monastery, a forest or a mountain. This alternative is possible at least, for though it may be said that Path Knowledge requires the accumulated kusala of past existences, the following of the strict life of a recluse is both possible and practicable in Burma because it depends on one's faith (saddha) and diligence (viriya) and the Bhikkhus possess stronger viriya than the laymen and have the greater opportunity to practise.

Bhante, in accordance with the Discourse "To the diligent nothing is impossible," I have a strong belief that when your venerable selves practise Mindfulness more fully, there will soon appear a "Pareikkhaya" Sāsana—a Sāsana wherein the Bhikkhus rely on the eight allowable requisites only.

By so practising, the Buddha's desire "that those who have no saddha may have saddha and those who have saddha may have more" will be fulfilled. Also, the virtues of the Bhikkhus, such as apiccha, mitigation of greed, santosa, contentment and appakicca, avoidance of affairs not sanctioned by the Vinaya Rules, will be increased. Bhante, I respectfully venture to think that you will strive your utmost to make this Sāsana a Sāsana of "Eight Allowable Requisites" in this age of Chaṭṭha Sangāyanā.

http://www.dhammadownload.com

U WIN SPEECH (*Concld.*)

After the holding of each of the five previous Sangāyanas, some good or benefit remained. • Bhante, when I considered as to what advantages can be derived from holding the Chaṭṭha Sangāyana now convened by your venerable selves, I found six most valuable points:—

1. Although air travel by "psychic power" is unnecessary, as communications between one Buddhist country and another are easy, we have the opportunity to procure all editions of the Tipiṭaka for collation and comparison in revising the Text. This being a vital one I may call it a dullabha (rarity).

2. As the Pāli Texts have been edited, re-edited and scrutinised by the Theravadin countries—Thailand, Ceylon, Burma, Cambodia and Laos co-operatively and in full collaboration, this Sangāyanā becomes an International one.

3. The Burmese translation of the Tipiṭaka will also be made an authorised version, and as such this Burmese version will be a gain for us from this Sangāyanā and will remain for a great length of time. In the same way as the Katha-vatthu, the book on the "Points of Controversy" remained after the holding of the Third Great Council, the Burmese Translation of the Tipiṭaka also will last for a long time after the holding of this Council.

4. The fourth point is that "The Life of the Buddha" (Buddha-vamsa) written in full detail in Burmese will also be made an authorised version. This, too, may be reckoned a benefit derived from this Council and will last a long time.

5. It goes without saying that the main object of holding the Chaṭṭha Sangāyanā is to purify the Text so that it may be in consonance with the Word of the Buddha. If I be permitted in this respect, I may say that this mighty undertaking has been acknowledged and appreciated by the people all over Burma and, indeed, throughout the whole world.

6. The sixth and last point is the construction of the Great Sacred Cave (Maha Pasana Guha) which is a permanent structure and is not a temporary vihara as in former days when previous Sangāyanās were held. This mighty structure will remain as a monument in the history of the world as well as in Buddhist history.

Bhante, as I have the opportunity to take an active and responsible part in the preparations for the holding of this Great Council, in the capacity of Minister for Religious Affairs and National Planning, I have thought to myself, "I am content to have become a man inasmuch as I am able to follow the Teachings of the Buddha."

Bhante, the Government of the Union of Burma for its part has transferred the entire responsibility for the successful preparation and holding of the Chaṭṭha Sangāyanā to the Buddha Sāsana Council.

Bhante, in conclusion may I submit that as the Government of the Union of Burma has acted as "encourager" for Nibbana, the people of the Union came forward and worked with kusala cetana and gave us their unanimous support, and for that I thank them all on behalf of the whole populace.

လောနိုင်ငံ သံဃရာဇာသာသနာပိုင်၏ သဝဏ်လွှာ

(ဘာန္တ ဗရားမဟာပဏ္ဍိတ်ထေရက ဘတ်လျှောက်သည်)



http://www.dhammadownload.com



လေး နိုင်ငံ သံဃရာဇာ၏ သင်္ဃာလွှာ
ကို ဘဒန္တဖရားမဟာပရာဒိတ်ထေရက
ဘတ်လျှောက်နေပုံ

Ven'ble Phra Mahā Pradith Thera, Secretary of the Sangha Delegation of Laos

http://www.dhammadownload.com



လောနိုင်ငံမှ သံဃကိုယ်စားလှယ်များ

The Sangha Delegation of Lao

http://www.dhammadownload.com



သီရိလင်္ကာရွှေကျင် နိကာယ အာရက္ခ
ကယဘာ၏ သဝဏ်လွှာကို ဘဒ္ဒန္တ
ဗုဒ္ဓရက္ခိတက ဘတ်လျှောက်နေပုံ

Ven'ble Bhaddanta Buddha-rakkhita reading the Message from the Sri Lanka Shwegyin Nikaya-Arakshaka Sabhawa

http://www.dhammadownload.com

သီရိလင်္ကာရွှေကျင်နိကာယအာရက္ခကသဘာ၏ သဝဏ်လွှာ

ကျွန်ုပ်တို့ သီရိလင်္ကာ ရွှေကျင်လင်္ကာသဘာနှင့် သီရိလင်္ကာ ရွှေကျင်နိဘာယအာရက္ခက ဒါယကာသဘာ အသင်းသားများက ဆင္ဆသင်္ဂါယနာ မဟာမင်္ဂလသင်္ဘင် ဆင်နွှဲ သူများအတွက် နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာပြည်မှာ ဖွေးကကဲ့သို့ပင် ကြည်ညို့လေးစားရှိ ဝိနည်း တထုံးတော် အရ ကျင့်သုံးကြသည့် ရဟန်း ပညာရှိများ ရှိနေကြောင်း ပြောနိုင်ပါသည်၊ မြန်မာပြည်သည် ကံကောင်း ထောက်မသဖြင့် သန်းပေါင်းများစွာသော ဗုဒ္ဓဘာသာဝင်များ ရှိကြ၍ ဓမ္မပြန့်နှံ့ တိုးပွါးရန် အတွက်နှင့် သာသနာမြှင့်တင်ရေးတို့ အတွက် သန်းပေါင်း များစွာ အကုန် အကျခံကြပါသည်၊ထိုကြောင့် ဗုဒ္ဓသာသနာ၏ ဇာ ကိစ္စ အဝဝ များကို ဆောင်ရွက်ထွန်း ထေရဝါဒ နိုင်ငံများထဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံသည် ရွှေဆောင် ပြုလုပ်၍ ဆောင်ရွက်ပေသည်။

ဗုဒ္ဓသာသနာ တော်တည်တံ့ခိုင်မြဲရေးအတွက် ပရိယတ္တိသာသနာကို ဆောင်ရွက်ဘို့ရန် ဆရေးကြီး လုပါသည်၊ ထိုကြောင့် တိပိဋကတ်တော်များကို မူလကကဲ့သို့ သန့်ရှင်း စင်ကြယ်အောင် ထိန်းသိမ်း စောင့်ရှောက်ရပေမည်။

ရှေးယခင်က ငါးကြိမ်တိုင်တိုင် ကျင်းပခဲ့သော မဟာမင်္ဂလသင်္ဘကြီးများ၌ အိန္ဒိယ သီဟိဠ်နှင့် မြန်မာပြည် မျှားမှ ထင်ပေါ် ကျော်စောသော သံဃာတော်များသည် မိမိတို့ နိုင်ငံ အသီးသီးမှ ဘာသာကို ကြည်ညိုလေးစားသော ဘုရင်များ၏ အကူအညီ ဖြင့် တိပိဋကတ်တော်များတွင် ဝင်ရောက်လာအပ်သော အကျထု ချွတ်ယွင်းသော ဟုတ်မှားမျှားကို ဝိသောနေ ကိစ္စ ပြုလုပ်၍ ဆောင်ရွက် ခဲ့ကြလေသည်၊ မကြာသေးခင်က အမျိုးမျိုးသော အကျထု များဖြင့် ပုံနှိပ် ထုတ်ဝေခဲ့သော စာအုပ် များနှင့် တကွ လက်ရေးနှင့် ရေးသားထားသည့် မူများတွင် ပင် အမှားများကို တွေ့ရှိရပါသည်။

ကမ္ဘာ အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အကူအညီဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ဆင်ယင် ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးသည် နောက် နှစ်ပေါင်း နှစ်ထောင်ငါးရာ အတွင်း အတားအဆီး မရှိဘဲ သာသနာတော်ကြီး စည်ပင် ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ ဖြစ်စေလိမ့်မည်၊ ဗုဒ္ဓ သက္ကရာဇ် ၂၄၉၈-ခု၊ ဝိသာခါ ပုဏ္ဏမီ ဖြစ်သည့် လပြည့်နေ့၌ စတင်ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးသည် အောင်မြင်ခြင်းသို့ ရောက်ပါစေသောတည်း

ကြီးကျယ်သည့် ကုသိုလ် ပွါးများ အပ်သော ဤသာသနာ့ ကိစ္စ၌ ပါဝင် ဆောင်ရွက် ကြသော လူအပေါင်းတို့အား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး ကြောင့် ကောင်းကျိုး မင်္ဂလာ အပြာအပြာကို ရကြပါစေသော်၊ ထိုပုဏ္ဏိလ် အားလုံးတို့သည် ဤကြီးမားသော ဓမ္မကိစ္စကြီးကို အပြီးတိုင် ဆောင်ရွက်နိုင်ရန် ကျန်းမာ ချမ်းသာ ကြပါစေသောတည်း။

SRI LANKA SHWEGYIN NIKAYA-ARAKSHAKA SABHAWA

(Read by Bhaddanta Buddharakkhita.)

We, the members of the Sri Lanka Shwegyin Sangha Sabha and the Members of Sri Lanka Shwegyin Nikayarakshka Dayaka Sabha send our greetings to all those who participate in the Chaṭṭha Sangāyanā.

As in the past, so too in the present, Burma can speak of her devoted disciplined and wise members of the Sangha. She also is fortunate in having millions of devoted Buddhists, who spend in millions for the propagation of the Dhamma and the uplift of the Sāsana. Hence the Union of Burma leads all the Theravādin Buddhist countries of the world in the field of Buddhist activities.

The study of the Dhamma is vital for the prolonged existence of the Buddha Sāsana and therefore the Tipiṭaka must be preserved in its pristine purity.

Five Great Councils had been held in the past by eminent members of the Sangha of India, Ceylon and Burma with the support of the faithful and devoted Monarchs of the respective countries to clear the Tipiṭaka of the errors that had found their way into it.

Errors have been noticed in the recently published volumes of the Tipiṭaka printed in different scripts and also in those committed to writing.

The Chaṭṭha Sangāyanā being convened by the Government of the Union of Burma with the support of the whole Buddhist world will greatly help the Sāsana to flourish unhindered during the next 2,500 years. May the Chaṭṭha Sangāyanā *commencing* on this Full Moon Day of Visakha 2498 B.E. be crowned with success.

May the Blessings of the Triple Gem be with those who participate in this great and meritorious service to the Sāsana; may they enjoy good health to fulfill this great undertaking.

http://www.dhammadownload.com



ဥန္ဒိယ နိုင်ငံ မဟာဗောဓိ အသင်း၏ သဝဏ်လွှာကို သီရိအင်နှ်-စီ-ဂို့ရှ် (ထို အသင်း၏ ဒုတိယ ဥက္ကဋ္ဌ) က ဘတ်လျှောက် နေပုံ

Sri N.C. Ghosh, Vice-President of Mahabodhi Society of India reading the Message from the Society

http://www.dhammadownload.com

သီရိအင်စီဂျီ(ရှ်)က ဖတ်လျှောက်သော ဤနှိုယနိုင်ငံမဟာဗောဓိအသင်း၏သဝဏ်လွှာ

ခမ်းနားလှသည့် မှတ်တမ်းတင်ရမည့် "ဆဋ္ဌသံဂါယနာ"တင် မဟာမွေသဘင် အစည်းအဝေးကြီးသို့ ဤသဝဏ်လွှာ ဆက်သရန် တက်ရောက်ခွင့်ရရှိရပါ၍ အိန္ဒိယပြည် မဟာဗောဓိအသင်း ကိုယ်စား ကျွန်ုပ်က အထူး ဂုဏ်ယူစရာ တရပ်ပင် ဖြစ်ပါသည်၊ ထို အသင်းကြီးကို စတင် တည်ထောင်ခဲ့ပြီးနောက် အစဉ်သဖြင့် ထောက်ခံအားပေးခဲ့သူမှာ အများ၏ကြည်ညိုလေးစားခြင်းကို ခံရသည့် အနာဂါရိကမွေပါလဖြစ်ပါသည်၊အိန္ဒိယပြည်မဟာဗောဓိအသင်းကြီးသည် ဗုဒ္ဓဘာသာ ဇာတိ ဖြစ်သည့် ဌာနဒ္ဓ ဗုဒ္ဓဘာသာဝင်တို့၏ကျင့်သုံးရာ လမ်းစဉ်နှင့် တကွ သာသနာတော်တဖိန် စည်ပင် တိုးတက်ရန် အတွက် ယနေ့တိုင် ဆောင်ရွက်လျက်ရှိနေပါသည်၊ ကမ္ဘာ့ရာဇဝင်တွင် ဗုဒ္ဓသာသနာတော် တဖန် တိုးတက်ရေးနှင့် တကွ ဗုဒ္ဓဘာသာတို့၏ ကျင့်သုံးရာ လမ်းစဉ်များသည် ယခု အချိန်မှာ ကမ္ဘာ တဝှမ်းတွင် လိုအပ်လျက် ရှိနေပါသဖြင့် အိန္ဒိယ မဟာဗောဓိ အသင်းကြီးက ဤ မဟာမွေသဘင်ကြီးကို အားထားရမည့် မျှော်လင့်ချက်ကြီးပင်တည်း ဟု ထင်မှတ်ပါသည်၊ ပြီးစီးအောင် ဆောင်ရွက်ရသည့် အခမ်းအနားကို ရှေ့ရှ မှန်းဆ၍ မဟာမွေသဘင်ကြီး၏ ဆင်ခြင် စဉ်းစား သုံးသတ် ချက်များ ကြီးကျယ်ပုံ တို့ကို ထောက်ထားကာ ဤမြန်မာမြေပေါ်ရှိ လူများ၏ ထူးခြားသည့် စွမ်းရည် သတ္တိနှင့် တရားတော်၏ အမွေအနှစ်ကို ထင်ရှား ပေါ်လွင် စေပါသည်။

ဤဆဋ္ဌမဟာမွေ သဘင်ကြီး၏ ဆုံးဖြတ်ချက်များ ထူးကဲစွာ အောင်မြင်နိုင်ရန် ဦးလည် မသုံ ယုံကြည် လေးစားကာ ကျွန်ုပ်က လှိုက်လှိုက်လှဲလှဲ ဆုတောင်းပါကြောင်း၊ ဤ မဟာမွေသဘင်ကြီးမှ ထွက်ပေါ် လာသော သဝဏ်လွှာမှာ သာသနာတော်၏ မီးရှူး မီးပန်း ပမာ ပေါ်ထွက်၍ မုန်းတီးခြင်း လောဘ ဒေါသ တည်းဟူသော တိမ်မှောင် တိမ်မဲများကို ဖယ်ရှားနိုင်၍ ထာဝစဉ် မေတ္တာနှင့် ကရုဏာ တည်းဟူသော အလင်း ရောင်တို့သည် တောက်ပ ထွန်းလင်းပါစေသတည်း။

(၄) လိုက်ဂုတော် ၆-မျက်နှာတွင် စိုက်ထူလွှင့်ထားရန် တန်ခွန်ကြီး ၆-ခု။

(၅) လိုက်ဂုအတွင်း ခင်းရန် ကမ္ဗောဒီးယား သင်ဖြူး ၂၁-ချပ်။

(၆) လိုက်ဂုတော်ကြီးနှင့် ကမ္ဘာအေးစေတီ တော်တွင် မီးပူဇော်ရန်ပျားဖရောင်းတိုင်ကြီးများ။

(၇) ဗီယက်နမ် ကိုယ်စားလှယ်များက နဂါးရှပ် ငွေချည်ထိုး ဖဲကြာခြည် တထည်။

(၈) လောပြည်မှ ပလ္လင်နှင့် ကြေးဆင်းတု မတ်ရပ်တော် တဆူ။

၃။ နိပေါလ်ပြည် အစိုးရထံမှ မတ်ရပ် ကြေးဆင်းတု ကိုယ်တော် တဆူ။

နိပေါလ်ပြည် မေမ္မောဒယသဘာ အဖွဲ့မှ နှစ်ပေါင်း သုံးရာကျော်က ပုံဆွဲထားသော ဘုရားကားချပ် တခု၊ ပဋိစ္စ သမုပ္ပါဒ်ကားချပ်တခုနှင့် ဝါဌဗီဇနီ သားမြီးယပ်ကြီး တချောင်း။

LIST OF ARTICLES PRESENTED TO THE CHAṬṬHA SANGĀYANĀ BY THE DISTINGUISHED GUESTS AND DELEGATES

(Read by Bhaddanta Visuddha, Vijjālaṅkāra Sayadaw).

1. Articles presented by the Ceylon Delegation headed by His Excellency Mr. Dudley Sananayake :—

(i) 110 Bodhi sapplings from Anuradhapura.

(ii) Bodhi seeds.

(iii) Silver sheets bearing the inscriptions of Dhamma Cakka Sutta and Mahāsamaya Sutta, to be kept in the Chaṭṭha Sangāyanā Library which will be established in future.

2. Articles presented by the Cambodian Delegation headed by His Holiness the Sangharāj of Cambodia :—

(i) One Buddha image.

(ii) Four silk curtains bordered with Sāsana flags.

(iii) Two silk ceilings bearing the patterns of the Buddha.

(iv) Six specially made decorations to be set up at six gates of the Great Cave.

(v) Twenty-one Cambodian mats.

(vi) Candles to be lighted at the Kabā-Aye (World Peace) Pagoda and in the Great Cave.

3. From Vietnamese Delegation :—

One silk curtain embroidered with silver thread and bearing the pattern of dragons.

4. From Laotian Delegation :—

One brass image of the standing Buddha on a plinth.

5. From His Majesty's Government of Nepal :—

One brass image of the standing Buddha.

A picture of the Buddha and another about Dependent Origination preserved by the Dhammodaya Sabha of Nepal.

Also a yak tail fly-flap.

http://www.dhammadownload.com

ကုသိနာရုံ ဆရာတော် ဦးစန္ဒမုနိ၏ သဒ္ဒေသ

ကြုံကြိုက်ရန် ခဲယဉ်းလှသော ဤ ဆဋ္ဌသံဂါယနာ မဟာ မွေသဘင်ကြီးသို့ ကိုယ်တိုင် ကြွရောက်လျက် သံဂီတိ ကာရက မထေရ်တပါး အနေဖြင့် အိန္ဒိယ နိုင်ငံရှိ မြန်မာ ရဟန်းတော်များ ကိုယ်စား စကား ပြောခွင့် ရရှိသဖြင့် များစွာ ဝမ်းမြောက်ကျေးဇူးတင်ပါသည်။

အထူးအားဖြင့် ဘုန်းတော်ကြီးတို့မှာ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ကွယ်ပျောက် တိမ်ကောနေလေပြီ ဖြစ်သော ဗုဒ္ဓသာသနာတော်ကို ပြန်လည် ထူထောင်နေကြမည့် ပုဂ္ဂိုလ်များ ဖြစ်သဖြင့် လည်း အထူး အားတက် ဝမ်းမြောက်လှပါသည်။

ထို့ပြင် စစ်ဘေး စစ်ဒဏ်ကြောင့် နိုင်ငံရေး မငြိမ်မသက်မှု စီးပွါးရေး ကြပ်တည်းမှု စသော အခက်အခဲ ဘေးအန္တရာယ် များကြောင့် လူးလှိမ့် ခံစား နေရစဉ် အတောအတွင်း၌ ဤမျှကြီးကျယ်မြင့်မြတ်၍ ကြုံကြိုက်ခဲလှသော သံဂါယနာတင်ကိစ္စကြီးကို ရှေးအတိတ် ကာလက ပေါ်ပေါက်ခဲ့ကုန်သော အဇာတသတ် ကာလာသောက သီရိဓမ္မာသောက စသော သာသနာပြု မင်းကောင်း မင်းမြတ်တို့၏ ထုံးကို နှလုံးမူလျက် သာသနာတော်ကြီးကို အနှစ် ငါးထောင် ရှည်အောင် ရည်မှန်းကာ ဖြူစင် လှစွာသော စေတနာဖြင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရ၏ ကိုယ်စား အားပေးဆောင်ရွက် ကူညီလျက် ရှိကြသော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်သူ လူထု အပေါင်းတို့၏ သာသန မာမက သာသနပါလ သာသနဟိတစိတ်ဓာတ်ကို လွန်စွာ ချီးကျူးပြီး သာဓုအနုမောဒနာပြုလိုက်ပါကြောင်း။



ကုသိနာရုံဆရာတော် ဘဒန္တစန္ဒမုနိပုံ

Ven'ble Bhaddanta Candamuni of Kusinagara

SIXTH GREAT BUDDHIST COUNCIL
CONGRATULATORY ADDRESS

BY

Ven. Bhaddanta Candamuni of Kusinagara To the Presiding Mahāthera and Sangiti-karaka Mahātheras.

BHANTE,

I have much pleasure in having an opportunity to address this gathering in the capacity of a Sangīti-kāraka Mahāthera and also as a representative of the Burmese Bhikkhus residing at Kusinara.

We are very joyous to have noticed that we ourselves are the Burmese Bhikkhus who are striving their best to revive Buddhism in India—a country where the Omniscient Buddha arose and where Buddhism had died out for a long time.

Just in the midst of economic and other hardships as the direct result of a disastrous war, the Union Buddha Sāsana Council on behalf of the Government of the Union of Burma, and the devout people of Burma still could hold this Sangāyanā with an object of keeping alive the Sāsana to stand for 2,500 years, and following the procedures adopted by King Ajātasattu and Emperor Āsoka. We cannot but admire the devoutness on the part of the Union Buddha Sāsana Council and the people of Burma, and we exclaim "Sādhu", "Sādhu".

http://www.dhammadownload.com



သီဟိုဠ်နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ
ဘဒန္တ ဗုဒ္ဓဒတ္တမဟာထေရ်က သန္နေသ
မြွက်ကြားတော်မူနေပုံ

Ven'ble Agga Mahā Paṇḍita Buddha Datta of Ceylon delivering an address of veneration

http://www.dhammadownload.com

သီဟိုဠ်နိုင်ငံတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဗုဒ္ဓဒတ္တ၏ သန္နေသကထာ

သံဂါယနာ မဟာ ဓမ္မသဘင်ကြီးများ ငါးကြိမ် တိုင်တိုင် ကျင်းပ ပြီးစီးခဲ့ကြောင်းများကို ဗုဒ္ဓဘာသာ ထုဇဝင်မှတ်တမ်း တင်ထား ခဲ့ပါသည်၊ မဟာ ဓမ္မသဘင်များ အားလုံးမှာ ဘုရင် အမျိုးမျိုးတို့၏ ထောက်ပံ့ ချီးမြှင့်ခြင်းအားဖြင့် ကျင်းပ ခဲ့ကြလေသည်၊ ပြည်သူ ပြည်သားများ၏ အကူ အညီဖြင့် ဘယ်အစည်းအဝေး တခုမှ ကျင်းပခဲ့သည်များကို မှတ်တမ်းတွင် မတွေ့ရချေ၊ ဆဋ္ဌသံဂါယနာမှာမူ ဗုဒ္ဓဘာသာ ဝင်များ၏ အထောက်အပံ့ဖြင့်သာ စည်းဝေးကျင်းပခြင်းကို တွေ့ရပါသည်၊ ကျွန်ုပ်၏ ထင်မြင်ချက်မှာ သံဂါယနာတင် အားလုံးတွင် အ ရေး အကြီး ဆုံးသော သံဂါယနာ ဖြစ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် ကမ္ဘာ့နိုင်ငံ အသီးသီးတို့မှ များပြားလှသည့် ရဟန်းတော် မထေရ်မြတ်များ တခါမျှ မကြုံဘူးအောင် ကြထောက် လာကြခြင်း ကြောင့် ဖြစ်ပါသည်၊ ပဌမ ဥကြိမ်ဖြစ်သော သံဂါ ယနာ များမှာ အိန္ဒိယပြည်ရှိ ရဟန်းတော်များသာ ပါဝင်သည်၊ စတုတ္ထ သံဂါယနာမှာ သီဟိုဠ် ရဟန်း တော်များသာ ပါဝင်ခဲ့ပါသည်။ ပဉ္စမ သံဂါယနာ မှာ မြန်မာပြည်ရှိ ရဟန်းတော်များ သာပါဝင်ခဲ့ပါ သည်၊ ယခု ဆဋ္ဌသံဂါယနာမှာ မြန်မာ၊ သီဟိုဠ် ယိုးဒယား၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ဥရောပနိုင်ငံ များမှ ရဟန်းတော်များ ပါဝင်ပါကြောင်း။

ပဌမနှင့် စတုတ္ထ သံဂါယနာများကို တင်စဉ် အခါက အိန္ဒိယပြည်နှင့် သီဟိုဠ်ကျွန်း၌ မထင်ရှား လှသည့် လိုက်ဂူများ ကျန်ရစ်ခဲ့ပါသည်။ ဒုတိယ နှင့် တတိယ သံဂါယနာများတွင် အမှတ်အသား များ တစုံတရာ မကျန်ရှိခဲ့ပါ၊ ကမ္ဘာ့ အံ့ဘွယ်ရာ အပြာပြာထည်းတွင် ယနေ့ ကျန်ုပ်တို့ လာရောက် စုရုံးကြရသည့် ဤလိုက်ဂူကြီးမှာ သဘာဝ မဟုတ် ဘဲ လူများ ပြုလုပ် ဆောက်တည်ထားသော်လည်း ကမ္ဘာ့ အံ့ဘွယ်ရာ အပြာပြာထည်းတွင် အံ့ဘွယ်ရာ တခု အပါအဝင် ဖြစ်ပြီးလျှင် ဤကဲ့သို့သော အ ဆောက်အဦမျိုးသည် ဘယ်နိုင်ငံမှာမှ မရှိပါ၊ ဤ အဆောက်ဦကို နောက် နှစ်ပေါင်း ၂၅၀၀-ခံအောင် ခိုင်ခံ့စွာ ဆောက်လုပ်နေပါသည် ဟု ကျွန်ုပ်အား ပီသုကာ အင်ဂျင်နီယာကြီးက ပြောဘူးပါသည်၊ မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာ ဖြစ်ရန် ထို အဆောက် အဦ တည်တန့် ခိုင်မြဲပါစေ၊ ဤကျယ် ပြန့်သော အဆောက်ဦများကို ဗုဒ္ဓ ပါဠိတက္ကသိုလ် အဖြစ်ဖြင့် အသုံးပြုပါလိမ့်မည် ဟု အဆွေတော်တို့က ပြောပြပါသည်၊ အဆွေတော်တို့ ရည်မှန်း ချက် အတိုင်း အထမြောက်ပါက ဤခေတ်တွင် ပဌမ ထေရဝါဒီ တက္ကသိုလ် ဖြစ်မြောက် လာ၍ မြန်မာ လူမျိုးတို့ အထုံး ဂုဏ်ယူစရာ အတွက် တည်ရှိနေပေလိမ့်မည် ဖြစ်ပါကြောင်း။

ADDRESS BY VEN'BLE AGGA MAHĀ PANDITA BHADDANTA BUDDHA DATTA OF CEYLON

My veneration to the most Sacred Three Ratanas:

There are five Buddhist Convocations recorded in the History of Buddhism, all of which were held under the patronage of various Kings. We have no record of any convocation convened only through the help of the public. For the sixth time we have a convocation held under the patronage of the Buddhist public. In my opinion this one is the most important of all Councils, because this Sangāyanā is held by an unprecedented number of Elders who have come from the various countries of the world. The first three Councils were held only by the Indian Elders, the 4th only by the Ceylonese Elders and the 5th by the Burmese Elders. On this sixth one we have Burmese, Sinhalese, Siamese, Cambodian, Indian, and European Elders. We have some insignificant caves in India and Ceylon as the reminiscences of the Ist and the 4th Councils. No reminiscences are remaining of the 2nd and 3rd Councils. But this artificial cave in which we have assembled today is one of the wonders of the world as no such other building is existing in any other country. The architect engineer once told me that he was building it as strongly as to last for the next 2,500 years. Let it exist for the pride of the Burmese nation. And you say that these extensive buildings at this place will be used for a Pāli Buddhist University. If your intention is realised it will be the first Theravāda University in the modern world and will exist for no less pride to the Burmese nation.

http://www.dhammadownload.com

ဤဆဋ္ဌ သံဂါယနာ မဟာ မေမှသဘင်ကြီး ကျင်းပခြင်းသည် ရှင်တော်ဘုရား သန့်စင် ဖွါးမြင်တော်မူခြင်း၊ သဗ္ဗညုတ ဥာဏ်တော်ကို အောင်မြင်တော်မူခြင်း၊ မဟာ ပရိနိဗ္ဗာန် စံလွန်တော် မူခြင်းနှင့် တိုက်ဆိုင်လျက် သာသနာတော် တဝက်ပြည့်ရန် ၂-နှစ်မျှသာ လိုတော့သည့်ပြင် ကမ္ဘာတဝှမ်း လုံးက ငြိမ်းချမ်းရေး လိုလား တောင့်တသည့်အချိန်အခါနှင့် ကြုံကြိုက်နေရကား ကမ္ဘာ့ ချစ်ကြည်ရေးနှင့် အတိုင်းမသိသော ကရုဏာ အပေါ် အခြေခံထားသည့် မှန်မြတ်ရသော ဗုဒ္ဓတရားတော်များတဖန် ပြန့်ပွါး စေရန်နှင့် ထိန်းသိမ်း စောင့်ရှောက်၍ ငြိမ်းချမ်းရေးကို အားပေးရန် ဖြစ်ပါသည်၊ ရာစုနှစ်ပေါင်းများစွာ ကုန်လွန် စေပြီးမှ သံဂါယနာ မဟာ မေမှသဘင်ကြီး အထမြောက် အောင်မြင် ရခြင်းမှာ အမှန် ပြောရမှာဖြင့် ဗုဒ္ဓဘာသာ နိုင်ငံများထည်းတွင် မြန်မာ ခေါင်းဆောင်မှုကို အထူးတလည်ချီမပြာရန် လိုမည်မထင်ပါ။

ပင်လယ် ရပ်ခြားနှင့် ပြည်တွင်းမှ ထောင်ပေါင်း များစွာသော ဘိက္ခုနှင့် ဒါယကာများ တည်းခိုရန် အတွက် ကြိုးစား အားထုတ် လုပ်ကိုင်သည့် အစီအစဉ် များမှာ အထူးပင် အံ့ဩလောက်ပါ၍ ကျွန်ုပ်တို့ စိတ်မှာ အထူး စွဲလမ်း နေလျက်ရှိပါသည်။

ဤဆဋ္ဌသံဂါယနာ မဟာ မေမှသဘင်ကြီး၏ ကုသိုလ်တော် အဟုန်ကြောင့် မြန်မာ လူမျိုးများသည် စိတ္တသုခ တို့နှင့် ပြည့်စုံ၍ စီးပွါးတိုးတက်ပြီး ငြိမ်းချမ်းရေး ရပါစေ သတည်း။

သတ္တဝါ အပေါင်းတို့ ငြိမ်းချမ်းသာယာကြပါစေ။

VENERABLE DHARMAVARA, MAHĀ THERA, CAMBODIA

The holding of this Chaṭṭha Sangāyanā at a time when the whole world is yearning for peace, is a most appropriate moment not only to commemorate the Birth, Enlightenment and Mahā Parinibbāna of the Buddha and mark the half of His Sāsana which will be completed after two years from now, but to promote the peace through the revival and preservation of the Sublime Teachings based on universal love and boundless compassion. It is therefore no exaggeration to say that Burma is in fact leading all Buddhist Countries in bringing the Sangāyanā into being after centuries of lapse.

The eleborate arrangements to accommodate thousands of Bhikkhus and lay guests from overseas and inland are most astonishing and have created a great impression in our mind.

By the merit of this Chaṭṭha Sangāyanā, may the Burmese Nation be peaceful, happy and prosperous!

May peace be to all beings!

VEN. DHARMAVARA.

တပည့်တော်သည် သနေ့သ စကား ပြောခွင့် ရရှိပါသဖြင့် ကျေးဇူး အထူး တင်ရှိပါသည်၊ တပည့်တော်၏ နေရင်းဌာနီ အင်ဒိုနီးရှား နိုင်ငံတော် အကြောင်းကို အနည်းငယ် လျှောက်ထား လိုပါသည် ရှေးအခါက အင်ဒိုနီးရှား ပြည်သည် ဗုဒ္ဓသာသနာ ထွန်းကားလျက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ ထွန်းကားရာ ဌာနတခု ဖြစ်ခဲ့ပါသည်၊ ယခုလည်း ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သည့် သူများမှာ ၂၁ သန်းခွဲ ရှိပါသေးသည်၊ ထို အရေ အတွက်မှာ ပိုချင်လည်း ပိုပေလိမ့်မည်၊ ထိုသူများ အထည်းတွင် သဗ္ဗညုတ ဥာဏ်တော်ရှင်ကို အထူး ကြည်ညို လေးစားသူများလည်း တွေ့မြင် နိုင်ပါသေးသည်။

လွန်ခဲ့သည့် ဝိသာခါ ပုဏ္ဏမီနေ့၌ အရပ်တိုင်း အရပ်တိုင်းမှာ ပွဲလမ်း သဘင်များ ကျင်းပ ခဲ့ကြလေသည်၊ ဗုဒ္ဓ အလံတော်များကိုလည်း တလူလူနှင့် ပဌမဦးစွာ လွှင့်တင်ခဲ့ကြပါသည်၊ ဗုဒ္ဓဘာသာ ပညာရပ်များ၏ အထိမ်း အမှတ် အဆောက်အဦ ဖြစ်သည့် လှပတင့်တယ်သော "ဘိုရိုဘုဒု" (Boro-Budur) ဘုရားကြီး၌ကျင်းပခဲ့သောပွဲလမ်းသဘင်များမှာ အထူးသဖြင့် မှတ်သားဘွယ် ကောင်းလှပါသည်။

အင်ဒိုနီးရှား ပြည်သူပြည်သားတို့၏ အထိမ်း အမှတ် တခုမှာ ဗုဒ္ဓမြတ်စွာ သာသနာသည် အင်ဒိုနီးရှား တိုင်းပြည်၌ တဖန် ရောင်ဝါ ထွန်းလင်းလိမ့်မည့် အကြောင်းပင်တည်း။

အင်ဒိုနီးရှား တိုင်းပြည်သည်အခြားနိုင်ငံများ အလား စစ်ဘေး စစ်ဒဏ် ခံခဲ့ရပါသဖြင့် ရှင်တော် ဘုရား၏ ရွှေနှုတ် တော်မှ မိန့်ကြားတော်မူခဲ့သော ငြိမ်းချမ်းရေး ရောင့်ရဲ တင်းတိမ်ရေးနှင့် အကြမ်းမဘက်ရေး တရားတော် တို့သည် အင်ဒိုနီးရှားပြည်အဘို့ အလျှင်အမြန် လိုအပ်နေပါသည်၊ တပည့်တော် တို့၏ အထူးလေးစားခြင်း ခံရသော သမတကြီး ဒေါက်တာ ဆိုကာနိုဒ် မိန့်ခွန်း တရပ်တွင် အင်ဒိုနီးရှား ပြည်၏ စာရိတ္တ မဏ္ဍိုင် ကြံ့ခိုင်ရေးမှာ ဖြေရှင်းလို့ မရသေး ပါကြောင်း ပါရှိပါသည်၊ အင်ဒိုနီးရှား ဗုဒ္ဓဘာသာ ဝင်များသည် ဝမ်းမြောက် ဝမ်းသာစွာ ထိုတာဝန်ကို ရှိုင်းပင်း ကူညီ ကြပါလိမ့်မည် ဖြစ်ပါကြောင်း။ သတ္တဝါ အပေါင်းတို့၏ မေတ္တာနှင့် ဘဝအမြင်မှန် နားလည်မှုအပေါ် အခြေခံ ထားလျက်ရှိသော မှန်မြတ်သည့် သီလသံဝရ တရားတော် သာလျှင် အမြန် လိုအပ်နေသော ဖြေရှင်းချက်ကို ပေးနိုင်မည် ဖြင်ပါသည်။

နှစ်ပေါင်း ၂၅၀၀-အချိန်ကာလ ကြာမြင့်ငြားသော်လည်း ဘုရားရတနာနှင့် သံဃာ ရတနာတို့သည် တန်ခိုး ကြီးမားလျက်ပင် ရှိနေ၍ ကမ္ဘာသူ ကမ္ဘာသားတို့အား ငြိမ်းချမ်းရေးနှင့် သမ္မာဒိဋ္ဌိ တရားတို့ကို ပိုမို ခိုင်မြဲစေသည့် အင်အားစုများ ဖြစ်ကြောင်းကို ဤဆဋ္ဌသံဂါယနာ မဟာမေမှသဘင်ကြီးက ကမ္ဘာ အရပ်ရပ်ရှိ ဗုဒ္ဓ ဘာသာဝင် သူတော်စင် အပေါင်းတို့အား အားပေးလျက် ရှိသည်ဟု ထပည့်တော် ယုံကြည် ပါကြောင်း။

ဗုဒ္ဓဘာသာဝင် တို့နှင့်တကွ အင်ဒိုနီးရှားပြည်သူပြည်သား အားလုံးတို့သည် မဟာ သံဃာတို့၏ ကောင်းချီးမင်္ဂလာ အဖြာဖြာ တို့ကို ခံယူပါရစေဟု တပည့်တော်ကရှိသေလေးမြတ်စွာခြေတော်ဦးခိုက် လျှောက်ထား ပါကြောင်း။

သဗ္ဗေ သွတ္တိ ပါပေါ်နွှု
သဗ္ဗေ နိဗ္ဗာနံ ယန္တု။

http://www.dhammadownload.com



ကမ္ဘောဒီးယား နိုင်ငံတော် ဘာဒန္တဓမ္မ
ဝရအရှင်က သန္ဓေသ မြွက်ကြားတော်
မူနေပုံ

Ven'ble Bhaddanta Dhammavara of Cambodia delivering an address of veneration

http://www.dhammadownload.com



ကမ္ဘောဒီးယား နိုင်ငံ ကိုယ်စားလှယ်
တော်များ

Members of the Cambodian Delegtion

http://www.dhammadownload.com

ADDRESS BY VEN'BLE BHADDANTA JINARAKKHITA OF INDONESIA

Namo Tassa Bhagavato Arahato Samma-sambuddhassa.

VENERABLE MAHA-SANGHA, LADIES AND GENTLEMENT:

I am very grateful to you for the opportunity given to me to address you, and to speak a few words about my home-country Indonesia, which, in ancient times, was a centre of strong Buddhist activity, and a noble Buddhist culture. Still there are 21-1/2 millions and perhaps more, who profess themselves followers of the Buddha and among them a deep faith in the Enlightened One is still alive.

Last Visakhā, there were celebrations at many places, and the Buddhist Flags were flying there, for the first time. Particularly impressive were the celebrations at Boro-Budur, that ancient and beautiful monument of Buddhist art, where about 2,000 people were gathered.

Among the people of Indonesia there is the belief that the Buddha-Dhamma will return again to its former glory.

Indonesia like many other countries suffering from the after-effects of war, needs urgently a teaching of Peace, Tolerance and Non-Violence, as offered by the Dhamma. Our most Honoured President Dr. Soekarno said in one of his speeches that Indonesia's moral crisis has not yet been solved. The Buddhists of Indonesia will be happy to offer their contribution to that task. The noble Buddhist ethic, based upon the Love for all beings, and upon a realistic understanding of life, can give the solution so urgently needed.

I have the confidence that the Chaṭṭha Saṅgāyanā will inspire Buddhist activity all over the world, by showing that the Dhamma and the Sangha are still powerfully alive after 2,500 years, and are strong forces for the growth of Peace and Understanding in the world.

May I ask the Mahā-Sangha to give its blessings to the Buddhists and all people of Indonesia.

"Sabbe sotthim pāpuntu,
Sabbe Nibbānam yantu."

Kabā-Aye, May 19th, 2497 B.E.



သီဟိုဠ်နိုင်ငံ မစ္စတာ အိပ်ချ် ဒဗလျူအမရဆူရိယ သန္ဒေသ လျှောက်ထားနေပုံ

Mr. H. W. Amarasuriya of Ceylon delivering an address of veneration

ဘဒန္တ ဇိနရက္ခိတသန္ဒေသ မြန်ကြား၍ အပြီးတွင် (၁) သီဟိုဠ် အမရဆူရိယ၊ (၂) အင်ဒိုနေးရှား မစ္စတာ ဟာဒ် ဂျီအမ် ရူးလား၊ (၃) ဂျန္ဒိယနိုင်ငံ ဒေါက်တာ အာရ် ဘင်ဒါ ဘရူးဝါး၊ (၄) အင်ဒိုနေးရှား မစ္စတာ အောင်တီအမ်ဘီအြ (၅) ဂျန္ဒိယ သိရီ အန် စီ ဂိုရ်၌၊ (၆) သီဟိုဠ်ဒေါက်တာမာလာလာ ဆေကရ၊ (၇) ယိုးဒယား မဒမ် ခွန်ယင်း ရာဗီးယတ် တို့က သန္ဒေသမျာ်း လျှောက်ထား ကြပြီးလျှင် ဘဒန္တ ဂျန္ဒာသဘ (ဟံသာဝတီ ဆရာတော်) က ပါဠိဋ္ဌ မြန်မာ နှစ်ဘာသာဖြင့် ပဋိသန္ဓာရ စကား ပြန်ကြားတော်မူကာအခမ်းအနားကို ၂ နာရီခွဲတွင် ခေတ္တရပ်နားကြောင်း။

Addresses that followed the Ven'ble Jinarakkhita's address: Mr. H. W. Amarasuriya of Ceylon; Mr. Hadji Amrullah of Indonesia; Dr. Arabinda Barua; Mr. Ong Tiang Biaw of Indonesia; Sir N.C. Ghosh; Dr. G. P. Malalasekera, President of the World Fellowship of Buddhists and Madame Khunying Rabiab of Thailand. Following a reply by the Ven. Agga Mahā Paṇḍita Bhaddanta Indāsabha, recess for a period of one hour was announced at 2. 30 p.m.

http://www.dhammadownload.com

အင်ဒိုနေးရှား နိုင်ငံမှ မစ္စတာ
ဟာဒ်ဂျီအမ်ရူးလား သနေ့သ လျှောက်
ထားနေပုံ

M. Hadji Amrulah of Indonesia delivering an address of veneration



http://www.dhammadownload.com



သီဟိုဠ် နိုင်ငံတော် ဒေါက်တာ ဂျီ ပီ မာလာလာဆေကရသန္ဒေသလျှောက် ထားနေပုံ

Dr. G. P. Malalasekera, President of the World Fellowship of Buddhists delivering an address of veneration

http://www.dhammadownload.com

သီဟိုဠ် နိုင်ငံမှ ကိုယ်စားလှယ်များ

Members of the Ceylonese Delegation •



http://www.dhammadownload.com

ဒေါက်တာဒနကာဆရာ

ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင် ဖွင့်ပွဲ အခမ်းအနားကြီးမှာ ပါဝင် ဆောင်ရွက်တော် မူကြသော သံဃိတိ ကာရက အရှင်သူမြတ်တို့အား ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင် ဖွင့်ပွဲ အခမ်းအနားကြီး ပြီးစီးအောင်မြင်ပြီ ဖြစ်ပါ၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ကိုယ်စား တပည့်တော် ရှိသေ လေးမြတ်စွာ အနုမောဒနာ ကထာ ဝမ်းသာစကား လျှောက်ထားလိုပါ သည်ဘုရား။

ဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင် ဆင်ယင် ကျင်းပရေးနှင့် စင်လျှဉ်းပြီး လွန်ခဲ့သည့် ၂-နှစ်အချိန် လောက်မှစ၍၊ ထေရဝါဒ နိုင်ငံများနှင့်တကွ ဗုဒ္ဓ ဘာသာ လောက တခုလုံးတွင်သာမက ကမ္ဘာပေါ်ရှိ အပြည်ပြည် အရပ်ရပ် များမှာပင် ကောင်းဟုလ စကားများ ထင်ရှား ပြစ်ပေါ် လာခဲ့သည်နှင့်အညီ ယခုကဲ့သို့ သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနားနှင့် စတင် ဖွင့်လှစ် တော် မူနိုင်ကြသည့် အတွက် ကျမ်းဂန်များမှာ ပြဆိုထားသည့် ကောင်းဟုလ ငါးမျိုးတွင် ဆဋ္ဌသံဂါယနာ ကောင်းဟုလ ဟူ၍ တပါးတိုးပြီး မော်ကွန်း ထိုးလိုစိတ် ပေါ် ပေါက် မိအောင် တပည့်တော် တို့ ဝမ်းသာ လှပါပြီဘုရား။

ဗုဒ္ဓ သာသနာ နှစ်ပေါင်း ၂၅၀၀-အတွင်းမှာ သံဂါယနာ ငါးကြိမ် သာလျှင် တင်နိုင်ခဲ့သပြင့် လူ့သက်တန်းနှင့် နှိုင်းစာလျှင် အလွန်ပင် ကြုံခဲဆုံခဲလှသည့်အပြင် သိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့လှပါသောကြောင့် သံဂါယနာ ဒုလ္လဘဟူ၍ တပါး တိုးပြီး မော်ကွန်း ထိုးလိုစိတ် ပေါ် ပေါက် မိအောင် ပင် တပည့်တော် တို့ ဝမ်းသာ လှပါပြီဘုရား။

သာသနာတော်၌ အစလသဒ္ဒါဖြင့် ထူးကဲ ရှေ့မြစ်စွာ သက်ဝင်ယုံကြည်သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအမှူးပြုသည့် နိုင်ငံတော်အစိုးရ တို့က တပည့်တော်တို့၏ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး သို့ ဆဋ္ဌသံဂါယနာ ဝန်ဆောင် ဒါယကာ အဖြစ် ဆောင်ရွက်ရန် တာဝန်ကို လွှဲခဲ့သော ၁၃၁၃-ခု၊ သီတင်းကျွတ် လပြည့်ကျော် ၁၃-ရက် နေ့ကစ၍ လွဲအပ်ခဲ့သည့်အတိုင်းဆောင်ရွက်ခင့်ရသဖြင့် အထူး ပင် နှစ်ထောင်း ဧားရ ဝမ်းမြောက် လှပါသည် ဘုရား။

ယခုအခါနိုင်ငံ မြန်မာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော- ဟု ဆိုအပ်သည့် ထေရဝါဒ နိုင်ငံတို့ကြောင့် သာလျှင်၊ ဗုဒ္ဓမြတ်စွာ သာသနာ သည်၊ ဤကမ္ဘာ၌ မတိမ်ကော မပေျာက်ဘဲ တည်မြဲလျက် ရှိနေခဲ့ဆု၊ ထေရဝါဒ နိုင်ငံအားလုံး ပူးပေါင်း ပါဝင်သည့် သံဂါယနာကြီး ဖြစ်စေရန် မြန်မာ နိုင်ငံ၏သံဃာ၊ အစိုးရနှင့် တိုင်းသူပြည်သား တို့က လုံလား တောင့်တ ဆန္ဒ ရှိကြသည့်အတိုင်း ထေရဝါဒ နိုင်ငံများသာမက ဗုဒ္ဓဘာသာလောက တခုလုံး ညီညာဖျဖျ ပါဝင်ကြသည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင် ဖွင့်ပွဲကြီးကို ခမ်းနား သိုက်မြိုက် စွာ ဆောင်ရွက်နိုင်သည့် အတွက် ကျေးဇူးတင် ဝမ်း မြောက်လှပါသည်ဘုရား။

ဒေါက်တာဒနကာဆရာ

အခမ်းအနား

တတိယနေ့ ဉာနာရီခွဲတွင် ဘဒန္တနာဂဝံသ (ဗဟုသုတရတနာ ဆရာတော်) က အခမ်းအနား မြန်လည် ဖွင့်လှစ် ကြောင်းကို ပါဠိမြန်မာ နှစ်ဘာသာ ဖြင့် လျှောက်ထား ကြေငြာတော် မူလေသည်။ ထိုနောက် သံဃနာယက (ညောင်ရမ်း ဆရာတော်ကြီး) ကဘဒန္တသောဘဏ(မဟာစည်ဆရာတော်) နှင့် တိပိဋကဓရ (အရှင်ဝိစိတ္တသာရ ဆရာတော်) တို့အား ဝိနယပိဋက စတုတ္ထ ပါရာဇိက ဆိုင်ရာ ပဉ္စမနှင့်ဝိသင္ဂက အပြစ် ဆောင်ရွက်နိုင်ရန် ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် သမ္မုတိ ပေးတော်မူလေသည်။ ပဉ္စမ က ပဉ္စန ဥတ်ထားလျက် စတုတ္ထ ပါရာဇိကကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် မေးတော်မူလေရာ ဝိသင္ဂက ကလည်း ဝိသင္ဂန ဥတ်ထားလျက် ပြေကြားတော် မူလေသည်။ (အပြီးတွင် သံဃာ အားလုံးက သာဓု သုံးကြိမ် ခေါ်၍ ခရွသင်းမှုတ် ကြေးစည် တီးကြလေသည်) ဘိက္ခု ပါတိမောက် စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို သံဃိတိ ကာရကတို့က ပေါင်းစု ရွတ်ဆိုကာ သံဂါယနာ တင်တော်မူ ကြပြီးလျှင် သာဓု သုံးကြိမ် ခေါ်၍ ခရွသင်းမှုတ် ကြေးစည် တီးလေသည်။

ထို့နောက် သာသနာတော် ၂၅၀၀-ပြည့်မည့် မြန်မာ ကောဇာ ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့အထိ ၂-နှစ်အတွင်း ငါးကြိမ်တိုင်တိုင် ကျင်းပလတ်သော ဆဋ္ဌသံဂါယနာ သန့်ပါတမျှား အတွက် ရွေးချယ် ထားသော ရဟန်းတော် ၂၅၀၀-စာရင်းကို ဘဒန္တ ဝိသုဒ္ဓ(ဦးဇဂလံကာရဆရာတော်)ကဘက်လျှောက်၍ သံဃာ၏ ဆန္ဒကိုရယူတော်မူလေသည်။ စာရင်း ဖတ်ပြီးဆုံးလျှင် ပရိသတ်အားလုံးက သာဓု ၃-ကြိမ် ခေါ်၍ ခရွသင်းမှုတ် ကြေးစည် တီးကြလေသည်။

THIRD DAY—EVENING SESSION

At 3-30 p.m., Ven'ble Bhaddanta Nāgavamsa announced both in Pāli and Burmese that the Proceedings of the Evening Session commenced. This was followed by ten strokes of gongs. The Presiding Mahāthera then proposed to the Sangha the names of the Ven'ble Agga Mahā Paṇḍita Bhaddanta Sobhaṇa (Mahāsi Sayadaw) and the Ven'ble Tipiṭakadhara Dhammabhaṇḍāgārika Bhaddanta Vicittasāra to serve as Pucchaka (Questioner) and the Visajjaka (Replier), with regard to the fourth Pārājika of the Vinaya Piṭaka. The Pucchaka and the Visajjaka assumed their seats on the special dais.

The questioning and the answering on the fourth Pārājika was then made by the Pucchaka and the Visajjaka respectively both in Pāli and Burmese. At the conclusion of this, the Sangha acclaimed "Sādhu", "Sādhu", "Sādhu" followed by the blowing of conchs and striking of gongs.

Following this, the fourth Pārājika Sikkhāpada together with the Nidāna (prologue) was recited by the entire Sangha assembled in the Mahā Pāsāṇa Guhā. At the end of this the whole Sangha acclaimed "Sādhu" thrice, followed by the striking of gongs and blowing of conchs.

The Ven. Bhaddanta Visuddha (Vijjālaṅkāra Sayadaw), then announced the names of 2,500 Saṅgīti-kāraka Bhikkhus who were to carry out the work for each of the Five Sessions of the Chaṭṭha Saṅgāyanā (numbering 500 for each Session) which will terminate on the Fullmoon of Kason 2,500 Buddhist Era.

At the conclusion of this, the whole Sangha exclaimed "Sādhu", "Sādhu", "Sādhu" followed by the blowing of conchs and striking of gongs.

http://www.dhammadownload.com



ဆဋ္ဌသံဂါယနာ အခမ်း အနားကြီး အောင်မြင်စွာဖွင့်လှစ်ကျင်းပနိုင်ခဲ့ခြင်း အတွက် ပီတိသောမနဿဖြစ်ကြောင်း ကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင်စာချုပ် နိုင်ငံတော်ရှေ့နေ ချုပ်ကြီး (ယခုတရားလွှတ်တော်ချုပ် တရားဝန်းကြီး) သတိုး မဟာသရေ စည်သူ ဦးချန်ထွန်းက လျှောက်ထား နေပုံ

Thado Mahā Thraysithu U Chan Htoon, Attorney-General of Burma (now Judge of the Supreme Court) and Honorary Secretary of the Union Buddha Sāsana Council delivering an address of veneration expressing happiness and gratitude for the successful conclusion of the Opening Proceedings

http://www.dhammadownload.com

ဆင္ခသံဂါယနာ ကိစ္စကြီး အောင်မြင်မှု အတွက် ထေရဝါဒ ငါးနိုင်ငံရှိ (၁) သံဃာတော်များ၊ (၂) အစိုးရများနှင့် (၃) ပြည်သူပြည်သားများက အဘက်ဘက်မှ အားပေး ကူညီ ခဲ့ကြသည် ကိုလည်း ကျေးဇူးတင် ဝမ်းမြောက် လှပါအည်ဘုရား။ ထိုပြင် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါလ်၊ ဆီကင်း၊ ဘူတန်၊ မလေး၊ အင်ဒိုနေးရှား၊ ဗီယက်နမ်၊ ရွှကျူကျွန်း၊ ဂျပန်၊ တရုပ် အစရှိတဲ့ နိုင်ငံတော်များရှိ သက်ဆိုင်ရာအစိုးရများ၊ ပဟန်းတော်များ ပြည်သူပြည်သားများကလည်း သက်ဆိုင်ရာရာ အမျိုးမျိုး အပုံပုံ အားပေး ကူညီတော် မူခဲ့ကြပါသဖြင့် ကျေးဇူးတင် ဝမ်းမြောက် လှပါသည်ဘုရား။

ဆင္ခသံဂါယနာ ကိစ္စအတွက် ထေရဝါဒ နိုင်ငံ အားလုံးမှ သံဃ ကိုယ်စားလှယ် မဟာထေရ်များ ပါဝင်သည့် ဩဝါဒါ စရိယ သံဃနာယက အဖွဲ့ကြီး သည် တပည့်တော်တို့ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ ဦးထိပ်၌ မားမားမတ်မတ် ရပ်တည်ကာ ညွှန်ကြားပြသ ဩဝါဒ ပေးသနားတော် မူခဲ့ကြ သည်ကိုလည်း၊ ဆင္ခသံဂါယနာ အတွက် ဝန်ဆောင် သံဃ အဖွဲ့ကြီးကို ပို့စည်းကာ သံဃာတော် များ ဘက်မှ ဆောင်ရွက်ဘွယ် အရေးအရာရှိသမျှတို့ကို နေ့မအား ညမအား ကြိုးစား ဆောင်ရွက်တော်မူ ကြသည်ကိုလည်း၊ ပါဠိပိဋကတ် တော်များကို ကမ္ဘာ ပေါ် ရှိ မူအမျိုးမျိုး တို့နှင့်လည်း၊ ကျမ်းဂန်အမျိုးမျိုး တို့နှင့်လည်း၊ မှန်ကန်အောင် သုမ်သင် တည်းဖြတ်ရေး အတွက် မြန်မာ နိုင်ငံတော်မှ ရဟန်းတော် ပေါင်း ၁၁၂-ပါး၊ ပါဝင်သည့် ဝိသောဓက အဖွဲ့ပေါင်း ၁၁၆ ဖွဲ့ သီဟိုဠ်ကျွန်းမှ ရဟန်းတော် ပေါင်း ၁၀၅-ပါး၊ ပါ ဝင်သည့် ဝိသောဓက အဖွဲ့ပေါင်း ၃၇-ဖွဲ့တို့နှင့်တကွ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော နိုင်ငံများမှ သာသနာ့ ကိစ္စအတွက် သဒ္ဓါ ရွှေထားလျက် ကြိုး ပမ်း အားထုတ်တော် မူခဲ့ကြသည်ကိုလည်း၊ ဝိသော ဓန ကိစ္စအတွက် နိုင်ငံအသီးသီးရှိ အဖွဲ့ အသီးသီး တို့မှ သုခ်သင်ပြီး ပိဋကတ်တော်များ ကို၊ နိုင်ငံပေါင်း စုံ သံဃကိုယ်စားလှယ်များ ပါဝင်တော် မူကြသည့် ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များနှင့် ကမ္ဘာ ပေါ် ရှိ ပိဋက ပညာရှင်ကြီးများ ကလည်း တာဝန် ယူကာ ကြိုးစား ဆောင်ရွက်တော် မူခဲ့ကြသည်ကို ၎င်း၊ ဥပတ္ထမ္ဘက အဖွဲ့ဝင်များ အဖြစ်ဖြင့် ပဋိဝိသော ဓန လုပ်ငန်းများကို ကူညီ ဆောင်ရွက်တော် မူခဲ့ ကြပေသော ရဟန်း ပညာရှိများနှင့် လူ ပညာရှိ များကိုလည်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ ကိုယ်စား ကျေးဇူးတင် ဝမ်းမြောက် လှပါကြောင်း ကို လျှောက်ထား ပါသည်ဘုရား။

ဤဆင္ခသံဂါယနာမဟာဓမ္မသဘင်ဖွင့်ပွဲကြီးသို့ ကန်းကြောင်း ရေကြောင်း လေကြောင်း တို့ဖြင့် ပင်ပန်း နွမ်းနယ်မှုကို ပဓါန မထားဘဲ ကြွရောက် ဆောင်ရွက်တော် မူနေကြသည့် ဆရာ တော်ဘုရား ကြီးများနှင့် ဆင္ခသံဂါယနာ မဟာ ဓမ္မသဘင်ကြီး ကို ရည်စူးကာ ပိဋက သုံးပုံကို နှုတ်ငုံ ဆောင်နိုင်ရန် ကြိုးစား အားထုတ်၍ အောင်မြင်တော် မူခဲ့ကြကုန် သော တိပိဋကဓရ ဟူရိုလ်ကျော် အရှင်မြတ်နှင့် ဝိနယရေ ဟူရိုလ်ကျော် များ၊ သံယုတ္တဘာဏက၊ အင်္ဂုတ္တရဘာဏက ဟူရိုလ်ကျော်များ၊ ထိုပြင် သံဂီတိဘာဏက ရဟန်းတော် များကိုလည်း ကျေး ဇူးတင်ကြောင်း လျှောက် ထားပါသည်ဘုရား။

နိုင်ငံတကာမှ အစိုးရ ကိုယ်စားလှယ်ဘော် များနှင့် ဗုဒ္ဓဘာသာ၊ အသင်းအဖွဲ့ကိုယ်စားလှယ် များနှင့် ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ကိုယ်စားလှယ် များကလည်း ပင်ပန်း နွမ်းနယ်မှုကို ပဓါန မထားဘဲ ဤဆင္ခသံဂါယနာ မဟာဓမ္မ သဘင်ကြီးသို့ စိတ် အား ထက်သန်စွာ ကြွရောက်တော် မူလာကြသည် ကို ကျေးဇူးတင် ဝမ်းသာ လှပါသည်။

နိုင်ငံတော် အစိုးရတို့က ဆင္ခသံဂါယနာ မဟာ ဓမ္မ သဘင်ကိစ္စကြီးကို နိုင်ငံတော်· ဗုဒ္ဓဘာသာသနာ အဖွဲ့ကြီးသို့ ကြီးမှူး ဆောင်ရွက်ရန် လွှဲအပ်ခဲ့ကြ သော်လည်း နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဝန်ကြီး များသည် အဘက်ဘက်မှ ကိုယ်ဘိ ရင်ဘိ ပါဝင် ဆောင်ရွက် ခဲ့ကြသောကြောင့် ဤကဲ့သို့ သိုက်မြိုက် ခမ်းနားစွာ ဖွင့်ပွဲကြီး ဆင်ယင် ကျင်းပ နိုင်ခြင်းကို လည်း ကျေးဇူးတင် ဝမ်းသာ လှပါသည်။

နိုင်ငံတော် အစိုးရ အာဏာရှိကြီးများနှင့် ဌာန အသီးသီးတို့ကလည်း ဆင္ခသံဂါယနာ အတွက် စေ တနာ သဒ္ဓါတရား ထက်သန်စွာဖြင့် သက်ဆိုင်ရာ ကိစ္စများကို အဘက်ဘက်မှ ပါဝင်လျက် လစ်ဟင်း မှုမရှိစေရအောင် ကူညီ ဆောင်ရွက် ခဲ့ကြသော ကြောင့် သာလျှင် ဤမျှ အောင်မြင် နိုင်ခဲ့သည်ကို လည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

မြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ များနှင့် ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ များကလည်း တောင်းသမျှအကူအညီလိုအပ်သမျှ ဆောင်ရွက်ဘွယ် တို့ကို မငြင်းပယ် မတွန့်ဆုတ်ဘဲ ကူညီ ဆောင်ရွက်ခဲ့ကြသောကြောင့် သာလျှင် ဤမျှ အောင်မြင်နိုင်ခဲ့ရသည်ကိုလည်း ကျေးဇူးတင် ဝမ်းသာလှပါသည်။

အထူးအားဖြင့်နိုင်ငံတော်ဝန်ကြီးချုပ်ကတော် ဒေါ်မြရီ၊ စက်မှု လက်မှုနှင့် သတ္တုတွင်းဌာန ဝန်ကြီး ကတော် ဒေါ်နွဲ့နွဲ့ရီ သာသနာရေးဌာန ဝန်းကြီး ကတော် ဒေါ်မြမြငင်းအမှူးပြုသည့် သံဂါယနာ (ဆင့်-ကဲ့) ဆိုင်ရာ ဗုဒ္ဓဘာသာ အမျိုးသမီးအဖွဲ့ ချုပ်ကြီးနှင့် တကွ အမျိုးသမီး များစွာတို့က သံဃာတော့် အရှင်မြတ်ပေါင်း ၂၅၀၀-တို့ အတွက် များပြားလှသော ပြုစု ဆောင်ရွက်ဘွယ် ကိစ္စတို့ကို မရပ်မနား မအိပ်မနေ ကြိုးစား အားထုတ်ပြီး အား ထုတ်ဆဲ ရှိနေကြသည်ကိုလည်း ကျေးဇူးတင် ဝမ်း သာလှပါသည်။

အဆောက်အဦ ထာဝစဉ်ခံများကလည်း ဤမျှ ကြီးကျယ် ခမ်းနားလှသော အဆောက်အဦများကို ဤမျှ တိုတောင်းလှသော အချိန်ကာလ အတော

http://www.dhammadownload.com

AN ADDRESS OF VENERATION BY THADO MAHA THRAY SITHU U CHAN HTOON,

Attorney-General (now Judge of the Supreme Court) and Honorary General Secretary of the Union Buddha Sāsana Council), Expressing Happiness and Gratitude for the Successful Conclusion of the 3-day Opening Ceremony of the Chaṭṭha Saṅgāyanā.

BHANTE,

On behalf of the Union Buddha Sāsana Council, may I with great joy most respectfully declare how elated I am with joy and how thankful I am to those who are participating in the holding of the Chaṭṭha Saṅgāyanā, when I now see that the 3-day Opening Ceremony of the Chaṭṭha Saṅgāyanā has come to a very successful conclusion.

Bhante, the news about the holding of the Chaṭṭha Saṅgāyanā spread far and wide not only in the Theravādin countries, but also in all parts of the world and when now I see that we can hold the Opening Ceremony in such a grand manner, I thought of naming this kind of *kolahala* (rumour) a "Sixth rumour", although I find only five kinds of "rumours" in the ancient literature.

Bhante, as there had been only 5 Saṅgāyanās during the period of 2500 years, comparing the average ages of men, it is really a *dullabha* (Rare Opportunity) to see such a Saṅgāyanā inaugurated on such a scale. For these reasons an idea struck me to name it a "Sixth Rare Opportunity", although the Buddha declared only five *dullabhas*.

Bhante, I was much inspired to notice that the Government of the Union of Burma, headed by the Honourable Prime Minister U Nu, who has a firm faith in the Buddha's Sāsana, for its part transferred all the responsibility for the successful preparation and holding of the Chaṭṭha Saṅgāyanā to the Union Buddha Sāsana Council, with effect from the 13th waning of Thadingyut, 1313 Burmese Era.

Bhante, nowadays the Teaching of the Buddha has been shining owing to its preservation jointly by the Theravādin countries, such as Burma, Thailand, Ceylon, Cambodia Laos, so we have been able to hold this world-renowned Chaṭṭha Saṅgāyanā the idea of which has long been cherished by the Sangha, the Government and the people of the Union of Burma and the Opening Ceremony has been very successfully held with the co-operation and collaboration of all Theravādins and other Buddhists of the world, and I heartily thank them all.

Bhante, may I again declare that on behalf of the Union Buddha Sāsana Council, I thank the Sangha, the Governments and the peoples of all Theravādin countries, the Governments, the Bhikkhus and the people of India, Pakistan, Nepal, Sikkim, Bhutan, Malaya, Indonesia, Viet-Nam, Ryukyu Islands, Japan and China, for the respective valuable help they gave in connection with the preparations and the holding of the Sixth Great Buddhist Council.

Bhante, the Ovādācariya Mahātheras comprising the Mahātheras of Burma and the representative Mahātheras from the other Theravādin countries, with their able leadership, have given us guidance in discharging our duties in connection with the preparations for the holding of the Sixth Great Buddhist Council. Besides, the Mahātheras and Theras on their part have striven their utmost, day and night, in doing all the needful for the holding of the present Saṅgāyanā. They have formed 116 Text Editing Groups comprising 1,129 Bhikkhus of Burma, and

ဖြစ်တော်မူ၏ ဟူသော ဤ ဂုဏ်တော်ကြီးကို ဆောင်ရွက်နိုင်ခဲ့ကြသည်ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

ဤ ဆဋ္ဌသင်္ဂါယနာ ကိစ္စကြီးကို စတင်ဆောင်ရွက်သည့် အချိန်က စ၍ ယနေ့အထိ အလှူရှင် သူတော်စင် အပေါင်းတို့ကိလည်း စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် အဆောက်အဦများအတွက် ပြစ်ဝေ၊ အခြား အထွေထွေ ကိစ္စများအတွက် ပြစ်ဝေ၊ ထည့်ဝင် လှူဒါန်းတော်မူကြသည်ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်လှပါသည်။

ဆဋ္ဌသင်္ဂါယနာ မဟာစေတီတော် ကိစ္စကြီး အတွက် ဆောင်ရွက်ကွယ်ရာ ကိစ္စတို့မှာ အလွန်ပင် ကျယ်ဝန်း များပြားလှ ပါသော်လည်း ကြိုတင် ဆောင်ရွက်ခွင့်ရသော အချိန်ကာလမှာမူ အလွန်ပင် နည်းပါး၍ နေပါသဖြင့် သံဃာတော်များဘက်၌ ပြစ်ဝေ၊ လူပုဂ္ဂိုလ်များ ဘက်၌ပြစ်ဝေ၊ ပြည်ပ ဧည့်သည်တော်များ အတွက် ပြစ်ဝေ၊ ပြည်တွင်း ဧည့်သည်တော်များ အတွက် ပြစ်ဝေ၊ ချို့ယွင်း ချက်များ ရှိမည်မှာ အမှန်ပင် ပြစ်ပါသဖြင့် ထို ချို့ယွင်းချက် များကို ကရုဏာ ဒေါသ မေတ္တာ ပါးလျက် ခွင့်လွှတ်တော်မူကြပါမည့်အကြောင်းကို ရိုသေ လေးမြတ်စွာ လျှောက်ထား ပန်ကြားပါ သည့် ဘုရား။

ဆဋ္ဌသင်္ဂါယနာ မဟာစေတီ သာသနာတော်ကြီးကို သိုက်မြုံက်စွာ ဖွင့်လှစ်ပြီးနောက် ၁၃၁၃-ခု ကဆုန်လပြည့် နေ့ ဟု ဆိုအပ်သော သာသနာတော်နှစ် ၂၅၀၀ ပြည့်သံသည့် နေ့ အထိ သန့်ပါတ ငါးရပ်တို့ အတွက် အသီးအသီး တာဝန် ယူကာ ဆောင်ရွက်တော်မူကြမည့် သံဂီတိ ကာရက အရှင်သူမြတ် များကိုလည်း ကြိုတင်၍ ကျေးဇူး တင်လှ ပါကြောင်းကို လျှောက်ထားပါသည် ဘုရား။

အမှန်လေးချက် တရားနှက်ကို ခွဲဝက်သိမြင် ဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ ကြောင့် ၎င်း၊ မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟူသော ဆယ်ပါးသော တရားတော်မြတ်၏ တန်ခိုး တေဇော် အာနုဘော်တို့ကြောင့် ၎င်း၊ မင်္ဂဒုန် လေးပါး၊ ဖလဒုန် လေးပါး ဟူသော အရိယာ သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဆဋ္ဌသင်္ဂါယနာမဟာစေတီတော်ကြီးတွင် ပါဝင် ဆောင်ရွက်တော်မူကြသည့် သံဃာတော် အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် ၎င်း၊ ဤ ဆဋ္ဌသင်္ဂါယနာ မဟာ စေတီတော်ကြီးသည် ခေါ်ဝေါ်အဆုံးတိုင်အောင် ပြီးစီးအောင်မြင်ပါစေသတည်း၊ ဗုဒ္ဓဝင်တော်စွာ သာသနာတော်ကြီးသည် တကမ္ဘာလုံး သို့ အမြန်ဆုံး လွှမ်းမိုးပြန့်နှံ့တော်မူပါစေသတည်း၊ ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည်လည်း ငြိမ်းချမ်းမှု သုခကို အမြန်ဆုံး ရကြပါစေသတည်း၊ ဤ ဆဋ္ဌသင်္ဂါယနာ ဒုလ္လဘ မဟာ ကုသိုလ်ထူးကို အား ထုတ် ဆည်းပူးကြရသော ကောင်းမှုဖြင့် အပေါင်း တို့မှာလည်း လောကီ လောကုတ္တရာ ချမ်းသာ ကောင်းကျိုး အမျိုးမျိုးတို့ကို အမြန်ဆုံး ခံစား ရပိုနိုင်ကြပါစေသတည်း။

http://www.dhammadownload.com

37 Text Editing Groups in Ceylon, formed with 185 Ceylonese Bhikkhus. Besides, Thailand, Cambodia and Laos have given their valuable help in the editing of the Texts. Then, the Texts thus edited by the various Text Editing Groups of the Theravādin countries have been re-edited and scrutinised by the Text Re-editing Groups of all Theravādin countries, and they have been assisted by the Assistant Editors from those countries. Bhante, on behalf of the Union Buddha Sāsana Council, I thank them all for what they have done for the preparations for the holding of the Chaṭṭha Sagâyanâ.

Bhante, I most respectfully declare that I am grateful to those Mahâtheras who came to Rangoon by train, steamer or plane to attend this Opening Ceremony, thereby sacrificing all their personal comforts, the Tipiṭaka-Reciters, the Vinaya-Reciters, and the Bhāṇakas (Reciters) and Sangîti-kâraka Bhāṇakas.

Bhante, I am very grateful to the State Guests, and Delegates from the various Buddhist Organisations of the world for their incomparable interest and enthusiasm they have taken to attend the Opening Ceremony, without caring their personal comfort and inconveniences.

Bhante, although the Government of the Union of Burma transferred the entire responsibility of holding the Chaṭṭha Sangâyanâ to the Union Buddha Sāsana Council, the Honourable U Nu and his Cabinet Ministers have given their ardent help as far as practicable and on all sides. For all of these, I beg to state that I thank them all.

Bhante, may I also respectfully declare that I thank the Government Officials and the salary-earners of the various departments under the Government, for their invaluable help as far as practicable and without exception.

Bhante, I am much grateful to those Buddhist Organisations both in this country and abroad for the services they have rendered wherever the Sāsana Council asked for help from them in any respect.

Especially, Bhante, I thank with all my heart the General Council of Women's Buddhist Associations, which has been founded for the purpose of catering the 2,500 Bhikkhu guests, and which is led by Daw Mya Yi, wife of the Honourable Prime Minister, Daw Nwe Nwe Yee, wife of the Hon'ble U Kyaw Nyein, Acting Foreign Minister, and Daw Mya Mya Win, wife of the Honourable Minister for Religious Affairs and National Planning, for their undaunted efforts in making arrangements for feeding the 2,500 Bhikkhu guests.

The Buildings Committee have been able to complete such mighty buildings in so short a time with limited resources at their command, and I heartily thank them all for that.

Bhante, on behalf of the Union Buddha Sāsana Council, I thank all the philanthropic devotees for contributing their mite towards the Chaṭṭha Sangâyanâ Funds, and for offering their voluntary labour services.

Bhante, I most respectfully crave the indulgence of your venerable selves to permit me to say that there might have been some shortcomings on the sides of the Bhikkhus or the lay devotees in respect of reception, etc., because the Union Buddha Sāsana Council has to discharge its multifarious duties in so short a time. I therefore most respectfully say that we may be excused for the same if there be any.

Again, I most respectfully beg to declare that after the Grand Opening Ceremony of the Sixth Great Buddhist Council, 500 Sangîti-kâraka Theras and Mahâtheras have been selected for each of the five Sessions within the two years ending the Full moon of May 1956 C.E. (2500 B.E.). For their unflinching efforts and zeal, I thank them all also in anticipation.

In conclusion, may I declare that by the Grace of the Supremely Enlightened Buddha, by the Grace of the Dhamma taught by Him, by the Grace of the Sangha—the community of the Buddha's disciples, and by the Grace of all Sangîti-kâraka Bhikkhus who participate in the proceedings of the Chaṭṭha Sangâyanâ, may this Great Council meet with brilliant success. May the Buddha-Dhamma spread all over the world with lightning speed. May all the people of the world attain Peace. May all of those who have done mahâ-kusala (great wholesome volitional actions) for this Chaṭṭha Sangâyanâ attain fruits both in this world and in their future births.

http://www.dhammadownload.com



သံဂီတိကာရကများ ဆွမ်းဘုဉ်းပေးရန် အသင့် ပြင်ထားပုံ
Meal ready to be offered to the Bhikkhus



သံဂီတိ ကာရကများ ဆွမ်းဘုဉ်း ပေးတော်မူနေကြပုံ
The Sangīti-kāraka Bhikkhus at their meal



မြို့တွင်းသို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူကြမည်ဆဲဆဲ
Ready to go to a "Dāna" ceremony in the city



ဆဋ္ဌသံဂါယနာ (ဆွမ်းကွမ်း ဆိုင်ရာ) အမျိုးသို့ အမှုမှ အချို့ပွဲများ စီမံလျက် နေစဉ်
Members of the General Council of Buddhist Women's Association catering the Sangīti-kāraka Bhikkhus

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာ သဗ္ဗဘာရာဝဟ ဒါယကာ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပထမပတ် အမှုဆောင်များ

Members of the Executive Council (for the term 1951-54) of the Union Buddha Sāsana Council, which is supporting the Chaṭṭha Saṅgāyanā Bhikkhus with the "Four Requisites"



ရှေ့တန်း (ဝဲမှယာသို့) သာသနာရေးဌာန အထူးအရာရှိ ဦးဘဆွေ (အကျိုးဆောင် စာချုပ်) နိုင်ငံတော်ရှေနေချုပ်ကြီး (ယခုတရားဝန်ကြီး) သတိုးမဟာ သရေစည်သူ ဦးချန်ထွန်း၊ (အကျိုးဆောင်စာချုပ်) ချုပ်သင်းသူဌေး ဦးဘတင် (ဒွေထိန်း) အမျိုးသား စီမံကိန်းနှင့် သာသနာရေးဌာန ဝန်ကြီးဦးဝင်း၊ သတိုးသီရိသုခမ္မ သူဌေးကြီး ဆေဦးသွင် (ဥက္ကဋ္ဌ) နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိ သုခဲမ္မ ဦးသိမ်းမောင် (ဒုတိယဥက္ကဋ္ဌ) ဒွေစာရင်းမင်းကြီး စည်သူ ဦးဘခင် (စာရင်းစစ်) တရားဝန်ကြီး ဦးအုန်း ဖေ၊ စကားစေ့ဘုရားကြီး ။

အလယ်တန်း စေတီယင်္ကဏ ပရိယတ္တိ အသင်း အကျိုးဆောင် ဦးစင်းရိုန်၊ မန္တလေး ဦးသိန်းအောင်၊ တရားဌာန အဘွင်းဝန် စည်သူ ဦးစံညွှန့်၊ ကချင်ပြည်နယ် ဦးဘခင်၊ ပရိယတ္တိ သာသနာနုဂ္ဂဟအသင်း အကျိုးဆောင် ဦးဘိုးမြ၊ အဘဲမမွာပြန့်ပွါးရေး အသင်း ဥက္ကဋ္ဌ ဦးစံဖေ၊ အငြိမ်းစား စက်ရှင်တရားသူကြီး ဦးထွန်းအောင်၊ အငြိမ်းစား သမဝါယမ ဝန်ထောက် ဦးမောင်မောင် ကလေး၊ ကယားပြည်နယ် ဦးဘအေး။

နောက်တန်း အထက်ဗမာပြည် လက်ထောက် သာသနာ့ ညွှန်ကြားရေးဝန် ဦးတင်အောင်၊ သာသနာ့ညွှန်ကြားရေးဝန် (ပဌမကျော်) ဦးကြီးဖေ၊ အထက် ဗမာပြည် သာသနာရေးအရာရှိ ဦးမြင့်ဟန်၊ ဦးအိခွက်၊ ကရင်ပြည်နယ် ဦးစံညွှန့်၊ မန္တလေးမြို့ စက်သူဌေး ဦးစံရီ၊ သခင်အောင်ညွှန့်၊ (မဟာသီရိသုခမ္မ ဟင်္သာတ ဦးမြနှင့် အမြတ်တော်ကြေး မင်းကြီး ဦးစံသိန်းတို့ နှစ်ဦးခါတ်ပုံတွင်မပါ။)

http://www.dhammadownload.com

Front row—Left to right.—(1) U Ba Swe, Officer on Special Duty, Religious Affairs Ministy, Honorary General Secretary; (2) *Thado Mahā Thray Sithu* U Chan Htoon, Attorney-General (now Judge of the Supreme Court), Honorary General Secretary; (3) Chatthin U Ba Din, Treasurer; (4) Hon'ble U Win, Minister for Religious Affairs and National Planning; (5) *Thado Thiri Thudama* Sir U Thwin, President of the Union Buddha Sāsana Council; (6) *Thado Thiri Thudama* U Thein Maung, Chief Justice of the Union and Vice-President of the Sāsana Council; (7) *Sithu* U Ba Khin, Auditor; (8) Justice U Ohn Pe; (9) The Sawbwa of Sanka

Middle row—Left to right.—(10) U Sin Shein, Honorary Secretary of Zetiyingana Association; (11) U Thein Aung (Mandalay); (12) *Sithi* U San Nyun; (13) U Ba Khin (Kachin State); (14) U Po Mya, Honorary Secretary of the Pariyatti Sāsana Nuggaha Association; (15) U San Pe, President of Abhidhamma Society, Rangoon; (16) U Tun Aung, Retired Sessions Judge; (17) U Maung Maung Galay (Mandalay); (18) U Ba Aye (Kayah State).

Back row—Left to right.—(19) U Tin Aung, Assistant Director of Religious Affairs, Upper Burma; (20) U Kyi Pe, *Pathamagyaw*, Director of Religious Affairs; (21) U Myint Han, Religious Officer, Upper Burma; (22) U Ee Khwet; (23) U San Nyun (Karen State); (24) U San Yee, Mandalay; (25) Thakhin Aung Nyun.

[*Mahā Thiri Thudhamma* (Henzada) U Mya and U San Thein, Income-Tax Commissioner are not included in the photo.]

http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာဖွင့်ပွဲကြိုးမှုခင်းအမျိုးမျိုး

Various sceneries of the Opening Ceremonies of the Chaṭṭha Saṅgāyanā



သံဂီတိကာရကများ အာဂန္တုကျောင်းဆောင်များမှ လိုဏ်ဂူတော်သို့ ကြွစဉ်

The Saṅgīti-kāraka Bhikkhus proceeding to the Mahā Pāsāṇa Guhā (Great Sacred Cave)



လိုဏ်ဂူတော် အနီးသို့ အဆောက်တွင် ဖူးမြင်ရပုံ

The Saṅgīti-kāraka Bhikkhus seen near the Special Entrance to the Great Sacred Cave



လိုဏ်ဂူတော် အတွင်းသို့ ဝင်ထွေ်မူနေကြစဉ်

The Saṅgīti-kāraka Bhikkhus entering the Great Sacred Cave



အာဂန္တုကျောင်းမှဆွမ်းစားကျောင်းသို့ ကြွတော်မူကြစဉ်

The Saṅgīti-kāraka Bhikkhus proceeding from their respective Hostels to the Saṅgāyanā Refectory

http://www.dhammadownload.com



လိုဏ်ဂူတော်ကြီး ပတ်လည်၌ သာသနာ့ အလံတော်များ
တလူလူလွင့်နေပုံနှင့်ထိုးစည်များပုံ

Sāsana Flags waving in the air around the Great Sacred Cave, and the brass circular gongs



မိုဃ်းရွာနေသော်လည်း ရာဇဂ္ဂနေ့ မပျက် လိုဏ်ဂူတွင်းသို့
ဝင်မည့်ဆဲဆဲ နိုင်ငံတော် သမတကြီးနှင့် အခြံအရံများ

His Excellency the President of the Union of Burma, accompanied by his Aid de Camp entering the Great Sacred Cave



ဖွင့်ပွဲကြီး ပဌမ နေ့တွင် မိုဃ်း ရွာသွန်း နေသော်လည်း
ဇွဲကောင်းကောင်းပြင့် တို့းဝှေ့လျက်ရှိသော ပရိသတ်ကြီး၏
တစိပ်တဒေသ

A section of the pilgrims who gathered in the rain on the first Opening Day of the Chaṭṭha Sangāyanā

http://www.dhammadownload.com